www.burmeseclassic.com

# ရွှေကျောင်းတော်

## တာသရသပုံဝတ္ထုများ

၃

တင်ခအောင်ထွန်း | သုခတာသန့ |



www.burmeseclassic.com

www.burmeseclassic.com

# ရွှေကျောင်းပျော်

# ဟာသရသပုံဝတ္ထုများ

[ ၃ ]

တင်အောင်ထွန်း

[ သုတေသန ]



ရွှေကျောင်းပျော်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး၊
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး၊

ရွှေကျောင်းပျော် ဟာသရသပုံဝတ္ထုများ (၃)
စာမူခွင့်ပြုချက်အမှတ် ၃၂၀၃၇၉၀၅၀၆
မျက်နှာဖုံးခွင့်ပြုချက် ၂၀ ၃၂၀၆ ၂၈၀၅၁၀

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၅-ခုနှစ်၊ စောင်ရေ ၁၀၀၀
တန်ဖိုး - ၃၀၀-ကျပ်

ထုတ်ဝေသူ
ဒေါ်ဌေးဌေးဝင်း(၀၄၁၁၅)
၈၅၊အနော်မာအရှေ့ ၁ လမ်း၊ သာကေတ၊ရန်ကုန်မြို့၊

အဖုံးအတွင်း ပုံနှိပ်သူ
ဦးဆန်းထူးမိုး (၀၄၆၉၈)
ဆန်းသဇင်ပုံနှိပ်တိုက်၊ ၁၉၈၊ ၃၉-လမ်း၊ ကျောက်တံတား ရန်ကုန်မြို့၊

ဖြန့်ချိရေး
ရွှေကျောင်းပျော်စာပေ
၈၅၊အနော်မာအရှေ့ ၁ လမ်း၊ သာကေတ၊ရန်ကုန်မြို့၊
ကြွေတာသယ စာအုပ်ဆိုင်နှင့် သစ္စာမဏ္ဍိုင်စာအုပ်ဆိုင်
ရွှေတိဂုံဘုရားတောင်ဘက်မုခ်ဈေးတော်ရှိ
ဗဟိုမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၁၁၁၅၁(၁၇၆)(၁၆၄)(၁၈၅)

# ရွှေကျောင်းပျော်ဟာသရသပုံဝတ္ထု (၃)

## မာတိကာ



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| လူပြိန်တော် | [က] |
| ခန္ဓာပါရမီဖြည့်ချင်သူ | ၁ |
| ရှက်ဖိုးကွဲ | ၄ |
| သီလရှင်ပင့်နည်း | ၇ |
| လူပြိန်တော်မောင်နံ့ | ၁၀ |
| အနီးဆုံးလူ | ၁၃ |
| ကလေးအားဆေး | ၁၅ |
| သုဒ္ဓ ဇာဂ | ၁၉ |
| ကျောက်ရောင်းကားစပ်အလုပ် | ၂၁ |
| ပခွင်းလူထွက် ညည်းချင်း | ၂၅ |
| ဝတီသင်္ချေယျာ | ၂၈ |
| လေးသစ်ကျား | ၃၂ |
| စနေပြိုပ် | ၃၆ |
| မယုံမရှိနဲ့ ကိုယ်တွေ့ | ၄၁ |
| မောသကိုး | ၄၅ |
| လှေနံဓားထစ် | ၄၉ |
| နည်းမှန်သိမှ နည်းခံပါ | ၅၃ |
| ဘုန်းကြီးပင့် | ၅၅ |
| သောရထား | ၆၀ |



www.burmeseclassic.com

www.burmeseclassic.com



| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဆေးဆရာနှင့် တေးစာ | ၆၃ |
| အသားကို အံမှုတည် | ၆၇ |
| စဉ်းစားသူ | ၇၄ |
| စာဆိုကဗျောင် | ၇၈ |
| ကျမ်းကိုးနှင့်ညည်းသူ | ၈၃ |
| နွားမတစ်ကောင်နှင့် ညီအစ်ကိုနှစ်ယောက် | ၈၉ |
| ဟော့လူ ပစ်မနော | ၉၅ |
| သူခိုးပြေးသော Go | ၉၈ |
| မာလိုးနိမ်း | ၁၀၁ |
| ရက္ခစိုး နတ်သမီး | ၁၀၇ |
| အနုမောဒနာတရား | ၁၁၁ |
| အနက်ထင်သူ | ၁၁၆ |
| ကျမ်းစာအကိုးပြု၍ သတို့သမီးရသူ | ၁၂၁ |





www.burmeseclassic.com

www.burmeseclassic.com

# လူပြန်တော်

။ သို့မဟုတ် ။

## ခန္တီပါရမီဖြည့်ချင်သူတို့၏ ဟာသရသပုံဝတ္ထု

ဗုဒ္ဓဘာသာမိခင်ဖခင်တို့သည် သားယောကျ်ားလေး မွေးဖွားလာလျှင် ဝမ်းမြောက် ကြည်နူးကြ၏။ သားငယ်ကြီးပြင်းလာသည့်အခါ ရှင်သာမဏေဘောင် သွတ်သွင်းချီးမြှင့်ခွင့် ရရှိကာ ရှင့်ဒါယကာ ရှင့်ဒါယိကာမများအဖြစ် ခံယူနိုင်မည်။ သည်ထက်သည် သာသနာတော် ပျော်ပိုက်ပါက အသက်နှစ်ဆယ်ပြည့်၍ ရဟန်းခံလျှင် ရဟန်း၏ ခမည်းတော် မယ်တော်များအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ကြမည်။ သာမန် မိခင် ဖခင်စိတ်အပြင် သာသနာနှင့် စပ်နွယ်သည့် အတွေးသန့်ဖြင့် အပြစ်ကင်းစွာ ဝမ်းမြောက် ကြည်နူးကြခြင်းဖြစ်၏။

ဗုဒ္ဓဘာသာ ယောကျ်ားလေးတိုင်း ငယ်စဉ်က ရှင်သာမဏေပြုဖူးကြ၏။ မိဘများက ငွေကြေးမတတ်နိုင်သော်မှ ဘကြီး ဘထွေး မိကြီး မိထွေး ဆွေမျိုးသားချင်းတို့က ရှင်သာမဏေ

www.burmeseclassic.com



ယူ၍ပြုကြသဖြင့် ယောကျ်ားလေးမှန်လျှင် ရှင်မပြုဖူးသူရှားလှပါသည်။ သည်နှယ်ပင် ယောကျ်ားလေးတိုင်းသည် အသက်နှစ်ဆယ်ပြည့်ကျော်လျှင် ရဟန်းပဉ္စင်း ပြုခွင့်ရှိသဖြင့် တစ်သက်တွင် အနည်းဆုံး တစ်ကြိမ်တော့ ဒုလ္လဘရဟန်းခံဖူးလျက် သာသနာ့အမွေခံများ ဖြစ်ကြလေ၏။ ထို့ကြောင့်ပင် ဗုဒ္ဓဘာသာ မြန်မာ့လူ့ဘောင်တွင် ရှင်လူထွက်, ရဟန်းလူထွက်ပြုဖူးသူများမှာလည်း အမျိုးသားဦးရေနှင့်အမျှဆိုသော် မများတန်ပေ။

သာသနာတော်တွင် နှစ်ရှည်လများ ရှင်အဖြစ်ပဉ္စင်းအဖြစ် နေထိုင်အသားကျနေရာမှ ရွှေကျောင်းတွင် မပျော်တော့ဘဲ လူ့ဘဝသို့ နောက်ကြောင်းပြန်လည်၍ လာခဲ့သူများအဖို့ကား 'လူထွက်ရဟန်း နန်းကျဘုရင် ပင်စင်အငြိမ်းစား ယောကျ်ားလူထုး ဤသုံးဦး စပ်ကူးမတ်ကူး မလွယ်ဘူး' ဟု ဆိုကြသည့်အတိုင်း လူ့ဘဝနယ်ပယ်တွင် ရုတ်တရက် အဆင်ပြေခဲလှ၏။

ဘာသာရေး အသိတရားဖြင့် စိတ်နေစိတ်ထား နူးညံ့ပျော့ပျောင်းသည် မှန်သော်လည်း အရာရာ ကျိုးကြောင်းဆက်စပ်ပြီးမှ လက်ခံတတ်မှု၊ ရတနာသုံးပါးနှင့် ကံ ကံ၏အကျိုးတို့ကို ဉာဏ်နှင့်ယှဉ်၍ ယုံကြည်ထားမှုတို့ ခေတ်ခံကိန်းနေသဖြင့် ထိုမှုလောက် အဆင့်မမြင့်သည့် အခြားသော သက်ဝင်ယုံကြည်မှုများနှင့် ပတ်သက်ပြီး ဝန်းကျင်အရပ်သားလောက၏ အတွေး



အမြင် အယူအဆများနှင့် ဆက်စပ်မရဘဲ ကိုးလိုးကန့်လန့်ဖြစ်၍နေတတ်၏။ အတ္တာဟိ အတ္တနော နာထော -ကဲ့သို့သော သာဓကပါဠိကို လက်ကိုင်ပြု၍ ကိုယ့်အားကိုယ်ကိုးခြင်း မာနအပြည့်ဖြင့် လူ့ဘဝကို ရင်ဆိုင်ခဲ့ရာ၌ မကောင်းမှု၏ ဆိတ်ကွယ်ရာမရှိပုံ နားလည်ထားသဖြင့် မတော်လောဘစိတ်မျိုး ထားရှိရန်လိပ်ပြာမသန့်သလို ရုပ်ပျက်ဆင်းပျက် ဒေါသမျိုးနှင့် ယှဉ်ရမှာ၊ မမှန်စကား မုသားဆိုရမှာ ရှက်ရွံ့ အားနာ နေးကွေးပြီး အများသဘောဆန္ဒနှင့် တိမ်းယိမ်း ဝွကျနေတတ်၏။

ဘဝအတွေ့အကြုံ မကြွယ်ဝသော်လည်း မမွှအတွေ့အကြုံရင့်ကျက်ကာ အသက်အရွယ် ငယ်ပင်ငယ်လင့်စကား သက်ကြီးရွယ်အိုပိုင်းနှင့် သံသရာရေး လောကုတ္တရာရေး ဓလေ့ပေးဖြောင့်လျက် ဆင်ခြင်ဉာဏ် အသိတရားက အရွယ်လွန်နေကာ အရွယ်တူလောကနှင့် အံမဝင်ခွင်မကိုက်ဘဲ ရှိနေတတ်၏။ လောကမွေ၏ ဖြစ်ပြန်ပျက်ပြန် လောကဓံကို လည်းကောင်း၊ တိလေသာန္တဲအတွင်း ပူလောင်ပြင်းဆာမှု၏ ဆန့်ကျင်ဘက်ဖြစ်သော ရောင့်ရဲခြင်း, ခြိုးခြံစွာကျင့်ခြင်း အနှစ်သဘောကို လည်းကောင်း၊ သံသရာခေါ် အဆက်ဆက်သော ဘဝအစဉ်အတန်းတစ်လျှောက် ဖြည့်ဆည်းခြင်းပါရမီနှင့် ကံ -သတ္တလောကာ ဖြစ်စဉ် သဘာဝတ္တကိုလည်းကောင်း နှလုံးတွင် ကိန်းပိုက်ထားသဖြင့် ဘစ်စုံတစ်ရာသော အတိုင်းအတာအထိ စိတ်ကို မဆန်းပြား

www.burmeseclassic.com



အောင် ချရပ်ထားနိုင်ကာ ဝန်းကျင်အများစု၏ သဘောထားနှင့် အချိုးအချိတ် မတည့်တတ်လှပေ။

အမှန်စင်စစ် ရွှေကျောင်းမပျော် လူပြိန်တော်တို့သည် စိတ်ပိုင်းဆိုင်ရာ ပကတိရိုးသားကြသဖြင့် ဘာသာရေးအမြင်အားဖြင့် လူရိုးလူကောင်းများ ဖြစ်ကြသည်ဟု ဆိုရပါမည်။ ဗုဒ္ဓဘုရားရှင်၏ ဓမ္မကၡန္ဓာများစွာ၌ အတော်အတန် ကျွမ်းကျင်ကြသဖြင့် သာသနာတော်နှင့် စပ်လျဉ်း၍ လူတော်များလည်း ဖြစ်ကာ အမာခံဗုဒ္ဓဘာသာတွင် ထိပ်ဆုံးမှ စာရင်းဝင်ကြပါသည်။

သို့ရာတွင် ကိစ္စများမြောင် လူတို့ဘောင်၏ စီးပွားရေး လူမှုရေးစသည့် လောကီလူမှုကိစ္စ အဝဝတို့တွင်ကား အများ၏ မလေ့စရိုက်နှင့် အချိုးအချိတ်မတည့် အံမဝင်ဘဲ ကိုးလိုးကန့်လန့်နှင့် ဝွကျကြသည်က များလေ၏။ လူပြိန်တော်တို့၏ အချိုးအချိုးသော အဆင်မပြေပုံ များမှာ ချစ်ခင်ဖွယ်ရာ ဟာသရသ ပုံဝတ္ထုများအဖြစ် မြန်မာ့ရိုးရာ လူ့ဘောင်အတွင်း ပျံ့နှံ့ပျော်ဝင်လျက် ရယ်ပွဲဖွဲ့၍ မဆုံးအောင် ရှိကြပေသည်။

ရွှေကျောင်းမပျော် လူပြိန်တော် ဆရာကြီးများအား လေးစားဦးခိုက်လျက်---

တင်အောင်ထွန်း ၊ သုတေသန ၊

## ခန္တီပါရမီ ဖြည့်ချင်သူ

တစ်ခါက ပဉ္စင်းလူထွက် လေးဦး ပေါင်းဆုံမိကြခိုက် 'ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်' လုပ်နေကြသည်။ သူတို့ အချင်းချင်း နားလည်လွယ်သော ဘာသာစကားများဖြင့် တလွတ်တလပ်ကြီး ပြောဆိုနေကြလေသည်။ တစ်ဦးက ပြော၏။

"ကျုပ် လူထွက်ရတာ ဟိုကိုယ်တော် အနောက်သန်လို့ဗျာ။ ဆွမ်းခံထွက်ခါနီး သပိတ်ပြင်ရင်း ကျုပ် တွေ့လိမ့်မယ် မှတ်ပြီး ကျုပ်မသိတုန်း ဆွမ်းခွက်ထဲ ရည်းစားစာ ထည့်ပေးထားတာ၊ တကယ့် သမီးပျိုရှိတဲ့အိမ်ကျမှ အဲဒီဆွမ်းဟင်းခွက် လှန်မိပြီး ကောင်မလေး လေးယောက် ဝိုင်းဟားတိုက်ခံလိုက်ရတာ ရှက်လွန်းလို့ ဆွမ်းခံမထွက်ရဲတော့ဘဲ ရွာပြန်ပြေးရာက လူထွက်ဖြစ်တော့တာပဲဗျို့။ အဲဒီကိုယ်တော်လဲ ခုထိစိတ်မကောင်း ဖြစ်ကျန်ရစ်တယ်"

ကျန်လူထွက်သုံးဦးမှာ စိတ်မကောင်းဖြစ်ရသလို ပြုံးကြရ၏။ နောက်တစ်ယောက်က ပြောပြန်သည်။

"ကျွန်တော်ကတော့ တစ်မျိုးဗျာ။ ကျွန်တော့်ခေါင်းမှာ အမာရွတ်ရှိတာ ခင်ဗျားတို့မြင်ရဲ့လား။ ဟောဒီမှာ (ခေါင်းမှဆံပင်

www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည်ကို ချဲပြသည်)၊ အဲဒါ ဦးပြည်းခေါင်းတုံးနဲ့ဆို ဒီအမာ ရွတ်ကြီးက ပေါ်နေတာ၊ အဲဒါကိုရှက်ပြီး လူထွက်လိုက်တာပဲ"

တစ်ယောက်ကလည်း အားကျမခံ ရှင်းပြန်၏။

"အံမယ်- ခင်ဗျားတို့က ဘာဟုတ်သေးလဲ။ ကျုပ်ထွက်တာကမှ ဘွဲ့ဗျာ့။ ဘွဲ့မကြိုက်လို့"

ထိုသူက အရေးထဲ ပြောရင်းဆေးလိပ်ဖွာနေသဖြင့် 'ခင်ဗျားရဟန်းဘွဲ့က ဦးလာဘမို့လား' ဟု ကျန်နှစ်ယောက်က စကားတောင်းကြ၏။

"မဟုတ်ဘူးဗျာ၊ နန္ဒိယ--- နန္ဒိယဆိုတော့ဗျာ ဟိုလူနဲ့တွေ့လဲ သေဟဲ့ နန္ဒိယ၊ ဒီလူနဲ့တွေ့လဲ သေတဲ့ နန္ဒိယနဲ့ စကြနောက်ကြတာ လွန်ပါရောဗျာ။ တစ်ချို့ဆိုရင် နဖူး လက်နဲ့ရိုက်ပြီး ပေါင် စလိုက်သေး။ အဲဒါနဲ့ဗျာ ကျုပ်လဲ ဒီဘွဲ့နဲ့ဆို မသေရင်ကြီး ဖြစ်တောင် မသိနိုးနား ပြုံးခန် ကြဦးမယ်ဆိုပြီး လူထွက်လိုက်သဗျာ"

သုံးဦးမြောက် ပြောပြီးသောအခါ ကျန်ပဥ္စင်းလူထွက်အား 'ကဲ - ခင်ဗျားအလှည့် ပြောစမ်းဗျာ' ဟု ဝိုင်း၍ တိုက်တွန်းလိုက်ကြ၏။

ထိုအခါ မြစိစိနှင့် ထိုပဥ္စင်းလူထွက်က ပြော၏။

"ကျုပ်လူထွက်တာကတော့ ခန္တီပါရမီဖြည့်ချင်လို့ဗျ"




"အင်း ခင်ဗျားကတော့ မပြောမပြောနဲ့ ပြောမယ့်ပြောတော့လဲ ပါရမီနဲ့ ကိုင်တော့တာပဲ၊ ဟဲ--- ဟဲ"

"အံမယ် --- ခင်ဗျားတို့က နောက်နေတာလို့ ထင်ကြတယ်ပေါ့လေ၊ ကျုပ်က တကယ်ပြောနေတာဗျ။ ခင်ဗျားတို့ စဉ်းစားကြည့်။ ဘုန်းကြီးရဟန်းဘဝဗျာ ပရိယတ်, ပဋိပတ် အလုပ်နှစ်ခုကလွဲလို့ လူမှုဘဝဒုက္ခ ငြိမ်းနေတာကလား။ လူ့ဘဝကျတော့ဗျာ 'ဃရာဝါသ သမ္ဗာဓော ကိစ္စများမြောင် လူတို့ဘောင်' ဆိုတဲ့အတိုင်း မယားကပေးတဲ့ဒုက္ခ၊ သားသမီးကပေးတဲ့ဒုက္ခ အဲသလို ဒုက္ခပေါင်းစုံနဲ့ နဖူးတွေ့ ဒူးတွေ့ လုံးလည်ချပ်ပြားလိုက်ပြီး အဲဒါတွေ သည်းညည်းခံနိုင်ရတော့ ပုထုဇဉ်တစ်ယောက် အနေနဲ့ ခန္တီပါရမီ မဖြစ်ဘူးတဲ့လား။ ကဲ ကျုပ်ပြောတာ မဟုတ်လား"

"ဟား- ဟား--- ဟုတ်တယ်၊ ဟုတ်တယ်။ ခင်ဗျားကတော့ဗျာ မိန်းမလိုချင်လို့ လူထွက်တာလို့ မပြောဘူး၊ ခန္တီပါရမီဖြည့်ချင်လို့တဲ့။ ဖြေယူတတ်တယ်။ ကြိုက်သွားပြီ --- ကြိုက်သွားပြီ ---ဟား---ဟား---ဟား---"

အားလုံးပင် မပြုံးဘဲ ဝါးလုံးကွဲ ရယ်ကြလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ရှက်ဖိုးကွဲ

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်သည်အားလျော်စွာ ရှင်ရဟန်းများ ပေါများသလို ရှင်လူထွက် ရဟန်းလူထွက်များလည်း အရပ်ဒေသတိုင်းတွင် ရှိလေသည်။ ခဏခေတ္တ ဒုလ္လဘဝတ်ခြင်းမျှ မဟုတ်ဘဲ နှစ်ရှည်လများ ဗုဒ္ဓအဆုံးအမကို လေ့လာပြီး ဖြစ်သဖြင့် ၎င်းတို့ သန္တာန်တွင် ဘာသာတရား၏ အနှစ်သာရများ နက်ရှိုင်းစွာ တည်ရှိနေသည်။ သို့ဖြစ်ရာ ၎င်းတို့အား ဗုဒ္ဓဘာသာအတွက် စိတ်ချရသူများ ဖြစ်သည်ကို ဂုဏ်ယူသင့်ပေ၏။ သို့သော် ရှင်လူထွက် ရဟန်းလူထွက်များ၏ တူညီသော လက္ခဏာ ဆန္ဒတစ်ရပ်ကား ၎င်းတို့ကိုယ် ၎င်းတို့ 'လူထွက်' အမည်မခံချင်ကြခြင်းပင် ဖြစ်ပေ၏။ ဖြစ်နိုင်လျှင် မသိမသာ ဖျောက်ထား တတ်ကြလေသည်။

လူထွက်ခါစ ပိုသိသာလေသည်။ ပုဆိုးဝတ်သည်ကအစ ခါးပုံစထုတ်သည်ကအစ ကိုယ့်ကိုယ်ကို သတိထားထားနေတတ်လေသည်။ ပြင်မဝတ်ရအောင် သတိထားသည့်ကြားက ပုဆိုးကို မကြာခဏ ပြင်ဝတ်နေရသည်။ တစ်ခါပြင်ဝတ်လျှင် စိတ်တိုင်းမကျနိုင်ဘဲ နှစ်ခါပြင်ဝတ်ရတတ်သဖြင့် လူရှေ့သူရှေ့ ပုဆိုးမဝတ်ရဲ



ဘဲ ဗိုက်ကိုသာ အသာတင်းထားရသည်။ အသားကျနေသော သပိတ်ကိုင်ဘယ်လက်ကို ခပ်ပြင်းပြင်း လွှဲလွှဲပေးရသည့်အလုပ်မှာ သတိရောက်တိုင်း ဖြစ်နေတတ်၏။ အဆိုးဆုံးကား လူတောထဲတွင် စကားလှစ်ခနဲ ယောင်ပြောမိခြင်း ဖြစ်သည်။

တစ်ခါက ပဉ္စင်းလူထွက် တစ်ဦးသည် မြို့ထဲသို့သွားရန်အတွက် ကားနောက်မြီး ခြေနင်းခုံမှ လိုက်ပါလာသည်။ ပဉ္စင်းဘဝ တစ်ခါတရံမျှ ခြေနင်းခုံမှ မစီးခဲ့ဖူးသဖြင့် လွတ်လပ်သည်ဟု ထင်နေသည်။ ခြေနင်းခုံမှ စီးလာသူတစ်ဦးအား ဘယ်သူကမှ ပဉ္စင်းလူထွက် ထင်စရာမရှိဟုလည်း ကြံကြံဖန်ဖန် အတွေးခေါင် လိုက်မိသေးသည်။ အဝတ်အစား အသစ်နှင့် ဦးထုပ်ကိုလည်း စတိုင်ကျကျ ဆောင်းထားလိုက်သေးသည်။

မှတ်တိုင်တစ်ခုတွင် ကားရပ်တော့ မိန်းမကြီးတစ်ဦး တက်လာသည်။ ထိုမိန်းမကြီး ကားပေါ်ရောက်၍ လက်တန်းကို ကိုင်မိခင် ကားထွက်သဖြင့် မိန်းမကြီးမှာ လဲပြိုမတတ်ဖြစ်သွား၏။ ပဉ္စင်းလူထွက်နှင့်နီးသဖြင့် မိန်းမကြီးအား ဖမ်းကိုင်ပေးလိုက်ရသည်။ ပါးစပ်မှ လည်း ' ဟိုး--- ဟိုး--- ဒကာမကြီး' ဟု အော်သံထွက်လာသည်ကို ကားတစ်စင်းလုံးရှိသူများ ကြားသိလိုက်ကာ ပြုံးကြည့်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ပဥ္စင်းလူထွက်မှာ မိမိများအော်မိသည်ကို သိသဖြင့် ရှက်ရှက်နှင့် ချွေးပြန်ကာ အားနေသော လက်တစ်ဖက်ဖြင့် ကိုယ့်နဖူးကိုယ်ရိုက်လိုက်သည်။ ထိုအခါတွင် နဖူးကို မရိုက်မိဘဲ ဆောင်းထားသော ဦးထုပ်ကို ရိုက်မိကာ ခေါင်းပေါ်မှ ဦးထုပ်လွင့်ကျသွားတော့သည်။

ထိုအခါ ပဥ္စင်းလူထွက်၏ အော်လိုက်သံကြောင့် တစ်ကားလုံးရှိ ခရီးသည်များ ပတ်တုတ်မရတော့ပေ။ ပဥ္စင်းလူထွက်အော်လိုက်ပုံကား 'သွားပြီ ဒကာမကြီးရေ' ဟူသတည်း။

ကားရပ်ပေးသဖြင့် ဦးထုပ်ကို ကောက်ရန် ဆင်းခဲ့ပြီး ပဥ္စင်းလူထွက်ခမြာ ထိုကားနှင့်လည်း ဆက်၍ မလိုက်ရဲတော့ဘဲ လမ်းတစ်ဝက်နှင့် ကျန်ရစ်ခဲ့ရလေ၏။



## သီလရှင်ပင့်နည်း

ကိုသော်နှင့် ကိုမော်တို့ ညီအစ်ကိုမှာ မိခင်ကြီး နှလုံးလေဖြတ်သည့် ရောဂါဖြင့် ရုပ်တရုတ် ကွယ်လွန်သွားခဲ့ပေရာ ငယ်ငယ်ရွယ်ရွယ် လူပျိုပေါက်စဘဝနှင့် မိတဆိုးများ ဖြစ်ခဲ့ကြပြီ ဖြစ်၏။ သားအဖသုံးယောက် အချင်းချင်း အမှီသဟဲပြု ချစ်ခင်နေထိုင်ကြရတော့မည် ဖြစ်သည်။

မိခင်ကြီးတစ်လမြောက် ဆွမ်းသွတ်ကိစ္စနှင့် ဖခင်ကြီးမှာ ဝယ်ရေးချမ်းရေးအတွက် အလုပ်များနေသဖြင့် ဖခင်ကြီး၏ စေခိုင်းချက်ဖြင့် ဘုန်းကြီးပင့်ရန် ညီအစ်ကိုနှစ်ဦး ထွက်လာခဲ့ကြ၏။ အိမ်သို့ ဆွမ်းခံကြွသော ဘုန်းကြီးများနှင့် ရင်းနှီးပြီးမို့ ဘုန်းကြီးပင့်ရန်မှာ အခက်အခဲမရှိပြီးမြောက်ခဲ့ပြီ ဖြစ်၏။ စာသင်တိုက် ဆရာတော်အား နေ့ရက်နာရီပြောပြ၍ သံဃာ ၁၀-ပါး ဆွမ်းစားကြွ ပင့်ထားခဲ့သည်။

ခက်သည်မှာ သီလရှင်ပင့်ရမည့်ကိစ္စ ဖြစ်သည်။ သီလရှင်များနှင့်မူ တစ်စုံတစ်ရာ စကားပြောဆိုဖူးခြင်း မရှိပေ။ ဒါနဆွမ်းခံ သီလရှင်များ အိမ်ရှေ့ ရောက်လာပါက မိခင်လက်မအား

www.burmeseclassic.com

www.burmeseclassic.com



၍ ဒါနဆန်ထွက်အလောင်းခိုင်းရာ ထွက်ပြေးပုန်းရှောင်ခဲ့သည်များမှာ ယခုတော့ အခက်ကြုံရပြီဖြစ်တော့သည်။

ဗမာစကားကလည်း အခက်သား။ ပုဂ္ဂိုလ်လိုက်၍ ဝေါဟာရ အခေါ်အဝေါ် ပြောင်းရ၏။ ကြွရမည့် သီလရှင် အရေအတွက်ကိုပြောရန် သချ်ာနောက်ဆက် စကားလုံးတို့ကို မတွေးတတ်ဖြစ်နေသည်။ (ဆယ်ပါး) ခေါ်ပြန်လျှင်လည်း ဘုန်းတော်ကြီးများနှင့် အခေါ်တူနေမည်ဖြစ်သည်။ (ဆယ်ယောက်) ဆိုပြန်က လူများ၏ အခေါ်အဝေါ် ဖြစ်နေပြန်သည်။ ညီအစ်ကိုနှစ်ယောက် အကြံအိုက်ရင်း အခက်အခဲကို ရင်ဝယ်ပိုက်လျက် သီလရှင် စာသင်တိုက် ကျောင်းပေါက်ဝသို့ ရောက်လာကြ၏။

သီလရှင်အငယ်များကို မေးမြန်း၍ သီလရှင်ကျောင်းထိုင်ဆရာကြီးရှေ့မှောက် ရောက်လာခဲ့ကြ၏။

"ဘာကိစ္စလဲ ဒကာလေးတို့"

သီလရှင် ဖွားဖွားက မေးရာ ညီအစ်ကိုနှစ်ဦး တစ်ဦးကို တစ်ဦးကြည့်ပြီး ကြောင်စီစီ ဖြစ်သွားကြသေး၏။ သို့သော် ညီငယ် ကိုမော်က နှုတ်သွက်သူပီပီ လျှောက်လိုက်သည်။

"မှန်ပါ ဒီကျောင်းမှာ သီလရှင် ဘယ်နှစ်ဦးလောက်ရှိသလဲ၊ ဆယ်ဦးလောက် ရှိမလားဘုရား"

သီလရှင် ဖွားဖွားက ပြုံးသည်။



"နေဦးဒကာလေး၊ ဒကာလေးပြောတာက မှားနေတယ်။ ဘယ်နှစ်ဦးလို့ မပြောရဘူး"

အစ်ကို ကိုသော်က သူ့ညီ အပြောမှားပြီဟု ကဗျာကသီ ဝင်ထိန်း၏။

"မှန်ပါဘုရား။ သူမပြောတတ်လို့ပါဘုရား။ ဒီကျောင်းက သီလရှင်ပုဂ္ဂိုလ် (ဆယ်ပုဂ္ဂိုလ်) လောက် တပည့်တော်တို့ အမေ တစ်လမြောက် ဆွမ်းသွတ်ကြွဖို့ လာဖိတ်တာဘုရား"

သီလရှင် ဖွားဖွားကလည်း ရယ်၏။ မနီးမဝေးမှာ စာကျက်နေသော သီလရှင်လေးများကလည်း ရယ်ကြ၏။ ညီအစ်ကို နှစ်ယောက်မှာ ပူထူနေကြလေပြီ။

"နေဦး -နေဦး ဒကာလေးပြောတာကလဲ မှားတာပဲ၊ ပိုဆိုးသွားပြီ။ ဘုန်းတော်ကြီးတွေလိုပဲ (ဆယ်ပါး) ပြောရင် ရပါတယ်"

သီလရှင်ဖွားဖွားပြောမှ 'ဒါဆိုတော့လဲ အလွယ်ကလေးပါလား' ဟု ချော်လဲရောထိုင်ပြောရင်း အလုံးစုံ လျှောက်ထားပြီး ပြန်ခဲ့ကြရာ ညီအစ်ကိုနှစ်ယောက်မှာ ရင်ထဲက အခက်အခဲကြီးတစ်ခု ကျော်လွှားခဲ့ပြီမို့ ရွှင်လန်းပြန်ခဲ့ကြလေတော့သည်။

-------။-----

www.burmeseclassic.com

www.burmeseclassic.com

# လူပြန်တော် မောင်နှံ

ဦးဖိုးသီနှင့် ဒေါ်ဇာနုတို့ မောင်နှံမှာ လူပျိုကြီး အပျိုကြီး စုံတွဲများဖြစ်ကြသည့်တိုင် သာမန် လူပျိုကြီး အပျိုကြီးများ မဟုတ်ကြပါ။ အသက် ၄၀-ကျော်မှ ရဟန်းလူထွက်လာသော လူပြန်တော် လူပျိုကြီးနှင့် အသက်၃၅-နှစ်ကျမှ သီလရှင်လူထွက်လာသော မယ်ပြန်တော် အပျိုကြီးတို့ ဖြစ်ကြ၏။

လောကအသစ်ကို ရောက်စ စုံတွဲဖြစ်သည်နှင့်အညီ သူတို့နှစ်ဦးတွင် ဘာပစ္စည်းမှ မပါလာပေ။ လုံခြည် အင်္ကျီကအစ ယုတ်စွအဆုံး ဆံပင်ကိုပင် နှစ်ဦးစလုံးခေါင်းထက်၌ လက်တစ်ဆစ်ထက်ပို၍ မတွေ့မြင်ကြရပေ။

မိဘဆွေမျိုးများ၊ နဂိုဆက်ဆံ ရင်းနှီးခဲ့ကြသူများနှင့် လွတ်ရာ ရန်ကုန်မြို့၏ဆင်ခြေဖုံး ဆင်းရဲသားရပ်ကွက်တွင် ကိုယ်ရောင်ဖျောက်လျက် နေထိုင်ကြ၏။ နှစ်လခန့်ရှိသောအခါ လူနေလူကျင့် နေသားအတန်အသင့် ကျလာပြီမို့ စီမံကိန်းဆွဲကြရ၏။ ရှိစုမဲ့စု စုဆောင်းပါရှိလာသော ငွေကလေးမှာလည်း တဖြည်းဖြည်း လျော့လျော့လာပြီဖြစ်ရာ ဒီအတိုင်း ဆက်စားနေသွားလျှင် မကြာမီ ကုန်ခန်းပျောက်ပျက်သွားမည်မှာ မလွဲတော့ပင်ဖြစ်တော့သည်။ ဤတွင် နှစ်ဦးသားတိုင်ပင်၍ ရပ်ကွက်



လူပြန်တော်မောင်နှံ

www.burmeseclassic.com

www.burmeseclassic.com



ဈေးထဲ၌ ဆိုင်ငှားလျက် ကုန်ခြောက်ရောင်းရန် စီမံကိန်းဆွဲကြသည်။ ရေကန်အသင့် ကြာအသင့်ဆိုသလို ဆိုင်ခုံလွတ်ကလေးတစ်ခုကို အရန်သင့် တွေ့သဖြင့် အချိန်ဆွဲမနေတော့ဘဲ တစ်နေ့ရောင်း တစ်နေ့ပေး ငှားလိုက်ပြီး ကုန်ခြောက်ရောင်းကြသည်။

ဘာမဆို စိတ်ကူးစီမံကိန်းမှာ လွယ်သလောက် တကယ်တန်းလက်တွေ့မှာ အတွေ့အကြုံနည်းပါးကြသူများအဖို့ မလွယ်ကူလှပေ။ ဦးဖိုးသီမှာ အမြဲတန်း ခေါင်းကဦးထုပ် မချွတ်သလောက် ဒေါ်ဇာနုကား ပုံမကျပန်းမကျ တဘက်ခေါင်းပေါင်းကြီးက အမြဲတန်းပတ်ထားသည်။ အာလူး, ကြက်သွန် ချိန်ပြီဆိုလျှင် ဦးဖိုးသီ၏လက်က အလေးထည့်သည့် ချိန်ခွင်ဖက်ကို ကိုင်ကိုင်ထားမိသဖြင့် ဝယ်ယူသည့် အလေးချိန်ထက် ပိုမိုပါသွားကတ်သည်။ ဒေါ်ဇာနုကလည်း ပိုက်ဆံပြန်အမ်းရာတွင် ဈေးတွက်မကျင်လည်သဖြင့် ဝယ်သူနောက် ပိုပါသွားစမြဲ။ အနှီသို့သော အားနည်းချက်များကို ဂရုစိုက်လွန်းအားကြီးမိသောအခါတွင် မရိုးသားသော ဝယ်သူက ဆွဲခြင်းထဲသို့ အာလူး ကြက်သွန်များ ယက်ထည့်သွားသည်ကိုလည်း ဝယ်သူထွက်သွားမှ မြင်လိုက်သူ ဘေးဆိုင်က ပြောသဖြင့် သိကြရသည်။

သည်သောအခါ သူတို့နှစ်ဦး မည်မျှပင် ပိရိစွာ ဖုံးဖိတိုယ်ရောင်ဖျောက် အယောင်ဆောင်ထားကြစေကာမူ ဘေးဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ဈေးရောင်းသူများက ကျိတ်၍ ထင်ကြေး ပေးလာကြပြီဖြစ်သည်။ တန်တော့၊ ဧကန္တ လူပြန်တော်စုံတွဲပင် ဖြစ်ရမည် - ဟု။

လဝက်ခန့်အကြာ ရင်းနှီးလာပြီမို့ သူတို့ထင်ကြေးကို ထုတ်မေးလာတော့လည်း လူပြန်တော်မောင်နှံမှာ ပင်ကို အရိုးခံများပီပီ တစ်ချက်မျှ လှီးလွှဲဖော်မရဘဲ ရိုးရိုးစင်းစင်း ဝန်ခံကာ ဝိုင်းဝန်းအကူအညီပေးကြပါရန် တောင်းပန်ကြသေးသည်။ ဈေးရောင်းဖက်များကလည်း ဆင်းရဲသည့် လောကသားများပီပီ စာနာစိတ်ဖြင့် ဝိုင်းဝန်းသင်ပြပေးရုံမျှမက ကြာတော့ ရင်းနှီးလာပြီး သူကိုဈေးဖန်း ကုန်သည့်အခါ လူပြန်တော်မောင်နှံအား ကူ၍ ပင် ရောင်းပေးကြလေတော့သည်။

ယခုတော့လည်း လူပြန်တော်ဇနီးမောင်နှံမှာ လောကသစ်တွင် ပျော်ပိုက်လာကြပြီဖြစ်တော့သည်။

ဦးဖိုးသီက ဦးထုပ်ကို နေမပူလျှင် ချွတ်ထားတတ်ပြီ ဖြစ်သလို ဒေါ်ဇာနုလည်း ခေါင်းပေါင်းကြီး ချွတ်ထားရမှာ မရှက်တတ်တော့ပြီ။ စားလည်းအတူ၊ သွားလည်းအတူ ဘုရားစင်ရှေ့တွင် ကြာကြာကြီး ဘုရားရှိခိုး ပရိတ်ရွတ်ရမှာ လည်း အတူမို့ လောကသစ်တွင် ပျော်ပိုက်နေ ကာ စာပေသင်ပြီး အသက်ကြီးခါမှ သူတို့ လူဘဝပြန်လည်သွားကြသဖြင့် နှမြော တသချက်ရှိသော ရွာက ဆရာသမားနှင့် မိဘဆွေမျိုးများကိုပင် မေ့ထားလောက်ပြီ ထင်ရပါတော့သည်။

# အနီးဆုံးလူ

ဗုဒ်လေးဗုဒ်တွင် တစ်ပါးအပါအဝင် ဖြစ်သော မဟာ အောင်မြေဘုံစံအုတ်ကျောင်း ဆရာတော်မှာ 'ဆရာတော် ဦးဗုဒ်' ဟု ပရိယတ်စာပေလောကတွင် ထင်ရှားလေသည်။ ဆရာတော် ဘုရားသည် ပရိယတ်စာပေ၌သာ ပျော်မွေ့နှစ်ခြိုက်လှပြီး အခြား သော ပြင်ပကိစ္စများနှင့် ပတ်သက်၍ စကားအပြောအဆိုပြုရန် အခွင့်ပေးခဲလှပေသည်။ ဘုရင့်နန်းတော်က ပညာရှိအမတ်ကြီး များနှင့်ပင် ပရိယတ် ပဋိပတ် ကိစ္စမဟုတ်လျှင် လက်ခံစကား ပြောဆိုခြင်း မပြုတတ်ပေ။

တစ်ခါက ရွှေနန်းတော်မှ အမတ်ကြီးတစ်ဦးသည် ကျောင်းသို့ နံနက်စောစောလာ၍ ဆရာတော်နှင့် တွေ့ရာ လေးပါး ပြောဖို့ရန် ကြွဖူး၏။

ကျောင်းသို့ရောက်သော် ကျောင်းအတွင်းရှိ ရေကန် ဘေး၌ တံမြက်လှည်းခတ်လျက်ရှိသော ဆရာတော်အား တွေ့ သည်။ မြေပြင်မှာပင် ဝပ်ချ၍ ဆရာတော်အား နှုတ်ဆက်လိုက် ၏။ ဆရာတော်ထံမှ မည်သည့်စကားမှ ပြန်ထွက်မလာပေ။

www.burmeseclassic.com

www.burmeseclassic.com



စကားပြန်မရသဖြင့် စကားလက်ခံလေးများ ရဦးမည်လား ကြံရွယ်ချက်ဖြင့် 'ဒီရေကန်က ဘယ်လောက်နက်မယ် မသိဘူး' ဟု စကား ခေါ်လိုက်သည်။

မည်သည့်တုံ့ပြန်မှုမှ မရပေ။ ရေအနက်မသိသဖြင့် ပြန်ပြောစရာ စကားမရှိ၍ နှုတ်ဆိတ်ထားခြင်းသဘော သက်ရောက်၏။

"ရေကန်အနီးနေသူမှ သိမှာပါပဲလေ"

ကိုယ့်ပြောသလို သူပြောသလိုနှင့် အမတ်ကြီးက ညည်းညူလိုက်၏။ ထိုအခါတွင်မှ ဆရာတော်ထံမှ မိန့်ကြားချက်တစ်ခု ရရှိလေတော့၏။

"မောင်မင်းနှုတ်ခမ်းမွေး ဘယ်နှစ်ပင်လဲ။ မိမိနှုတ်ခမ်းပေါ် ပေါက်နေမှပဲ အနီးဆုံးလူက သိဖို့ကောင်းသပေါ့"

အမတ်ကြီးမှာ ရှေ့ဆက်၍ ပြောလမ်း မရှိတော့သဖြင့် အသာအယာ ရှိခိုးပြန်ခဲ့ရလေ၏။

# ကလေးအားဆေး

ကျေးလက်တောရွာများတွင် ကျောင်းထိုင်ရသော ဘုန်းတော်ကြီးများမှာ တပည့် ကိုရင် ကျောင်းသား ရှားပါးလျက် ရှိကြသည်။ လမ်းပမ်းဆက်သွယ်ရေး ခေါင်လှသည့် ဒေသမှ တစ်ချို့ ရွာဦးကျောင်းများဆိုလျှင် ဆွမ်းခံပေးမည့် ကျောင်းသားပင် မရှိ၍ ရွာမှ အလှည့်ကျဆွမ်းအုပ်နှင့်ပင် ရောင့်ရဲတင်းတိမ်နေရရာ ဆွမ်းခံခြင်း ဓလေ့ပင် ပျောက်သလောက် ဖြစ်နေကြ၏။ ဘုန်းတော်ကြီး ခရီးခတင်း ထွက်ပြီဆိုပါက ကျောင်းစောင့်ပေးမည့် ဒကာကြီးတစ်ဦးဦးကို ရွာထဲမှ ရွေးပေးထားရတတ်လေသည်။

ကန့်လန့်ကုန်းရွာမှ ရွာဦးဆရာတော် ဦးဂုဏဝံမှာ ဆွမ်းခံကျောင်းသား သုံးဦးရှိသည့်အပြင် ရွာထဲမှ သဂြိုဟ်စကား အနည်းအကျဉ်း ပြောတတ်ဆိုတတ်သည့် ဒကာကြီးတစ်ဦးကို ပဉ္စင်းခံပေး၍ တောထွက်ကိုယ်တော်ကြီးအဖြစ် စည်းရုံးသိမ်းသွင်းထားရှိနိုင်ပေရာ ခရီးခတင်းကို စိတ်ချလက်ချ ထွက်ခွာနိုင်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးပဋ္ဌင်းကြီးမှာ ရွတ်ချင်ဖတ်ချင် ဝါသနာကလည်း ပါသဖြင့် ဘုန်းတော်ကြီး၏ လက်ထောက်ကဲ့သို့ ဖြစ်နေပြီး ဥပုသ်သီလပေး ရေစက်ချလောက်ကတော့ ဦးပဋ္ဌင်းကြီးနှင့် လွှဲထား၍ ရနေသည်။ သို့သော် ဦးပဋ္ဌင်းကြီးမှာ သူ့ဝါသနာအရ အပြောအဟောထိ တက်လှမ်းချင်နေသည်။ စာတတ်ကို စာမှတ် ဖျက်မည်စိုး၍ ဘုန်းတော်ကြီးက မနည်းထိန်းသိမ်း ဘရိတ်အုပ် နေရသည်။

ယခုတစ်ခေါက် ခရီးထွက်မှအပြန် ဟိုဖက်ရွာထိပ် အဝင် မှာပင် ဒါယကာကြီးတစ်ဦးက ဘုန်းကြီးဦးဂုဏဝံအား ဆီး၍ လျှောက်ထားသည်ကိုပဲ ကြည့်ပါဦး။ ဘုန်းကြီးဦးဂုဏဝံ ရွာရိုး လမ်းအတိုင်း ကြွလာတော့ ထိုဒါယကာကြီး လက်ထဲတွင် ရှိနေ သော မြေးငယ်မှာ မုန့်ပူဆာပြီး ငိုနေရာ ဘုန်းတော်ကြီး ဦးဂုဏဝံ နှင့် ခြောက်မှ တိတ်သွားသည်။ ထို ဒါယကာက လမ်းဘေးတွင် ဝပ်ချရင်း လျှောက်၏။

"ဘုန်းတော်ကြီးဘုရား၊ ဦးပဋ္ဌင်းကြီး ပြောပြောနေတယ် ဘုရား။ ကလေးငိုတာတွေ့ရင် ငိုပစေ၊ မချော့နဲ့။ ကလေးဆိုတာ ငိုရင် အားဖြစ်တယ်တဲ့။ လောကနီတိထဲ ပါသတဲ့ဘုရား"

ဘုန်းကြီးဦးဂုဏဝံက ပြုံးရင်း 'အင်း - ဦးဇင်းကြီးက တော့ လုပ်တော့မယ်' ဟု ညည်းတွားမိ၏။ ထိုဒါယကာအား သင့်သလို ခပ်ထိန်းထိန်း ပြောခဲ့ပြီး ကျောင်းရောက်တော့ ကျောင်းဝတွင် ဆီးကြိုနေသော ဦးပဋ္ဌင်းကြီးအား တွေ့လျှင်



'ကလေးငိုတာ အားဖြစ်တယ်' ဆိုသည့် လောကနီတိစာပါကိုစိစ မေးကြည့်သည်။ ကျောင်းပေါ်ရောက်သည်နှင့် ဦးပဋ္ဌင်းကြီးက ဆယ်စောင်တွဲ စာအုပ်ယူလာ၍ စာအုပ်တစ်နေရာ လှန်ပြသည်။

၁၁၈။ ပက္ခီနံ ဗလမာကာသော၊
မစ္ဆာနံ ဗလမုဒကံ။
ဒုဗ္ဗလဿ ဗလံ ရာဇာ၊
ကုမာရာနံ ရုဒံ ဗလံ။

ပက္ခီနံ၊ အတောင်လျှင်အားကိုးရှိသည့် ငှက်တို့၏။ ဗလံ၊ အားကား။ အာကာသော၊ ကောင်းကင်တည်း။ မစ္ဆာနံ၊ ရေတွင် ကျက်စား ငါးတို့၏။ ဗလံ၊ အားကား။ ဥဒကံ၊ ရေတည်း။ ဒုဗ္ဗ- လဿ၊ ခွန်အားမဲ့သူတို့၏။ ဗလံ၊ အားကား။ ရာဇာ၊ မင်းအစိုးရ အာဏာတည်း။ ကုမာရာနံ၊ ကလေးသူငယ်တို့၏။ ဗလံ၊ အား ကား။ ရုဒံ၊ ပူဆာငိုကြွေးခြင်းတည်း။

ထိုအခါဘုန်းကြီးဦးဂုဏဝံမှာ 'ကလေးငိုတာ အားဖြစ် တယ်' ဆိုသည့် ဦးပဋ္ဌင်းကြီး၏ အယူအဆကို သဘောပေါက် တော့၏။ ကလေးငယ်သည် သူ၏စွမ်းပကားဖြစ်သော ပူဆာ ငိုယိုခြင်းဖြင့် မိဘညီအစ်ကိုမောင်နှမများအပေါ် အနိုင်ယူ နိုင်ခြင်းသဘောကို ငှက်များ၊ ငါးများ၊ ခွန်အားမဲ့သူတို့နှင့် ယှဉ်စပ်လျက် လောကနီတိတွင် ဖော်ပြထားခြင်းဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို ဦးပဥ္စင်းကြီးအား ရှင်းပြရသည်။ ဦးပဥ္စင်းကြီး သဘောပေါက်၍ ထွက်ခွါသွားတော့မှ ဘုန်းကြီး ဦးဂုဏဝံမှာ ဟင်းချနိုင်တော့လေ၏။

---------



## သုဒ ဇာဂ

ဘုန်းကြီး ဦးဂုဏဝံမှာ စာတိုပေစ ဟောချင် ပြောချင်နေသော ဦးပဥ္စင်းကြီးနှင့် ပတ်သက်သည့် အကြောင်းရပ်တစ်ခု ပြန်တွေးမိပြီး ပြုံးမိသေး၏။

တစ်ခါကလည်း ဦးပဥ္စင်းကြီးက သူတော်ကောင်းဥစ္စာ ၇-ပါး သရုပ်မေး၍ ဘုန်းကြီးဦးဂုဏဝံက နှုတ်မှ ခေါ်ပေးသည်။ ဦးပဥ္စင်းကြီးက စာရွက်ပေါ်တွင် လိုက်ရေးကူးယူသွားသည်။

ဥပုသ်နေ့ရောက်၍ ဥပုသ်သည်များ သီလယူကာ နံနက်ပိုင်းစားသောက်မှုကိစ္စပြီး၍ ဟိုတစ်စုဒီတစ်စု တရားဆွေးနွေးဝိုင်းလေးများတွင် ဦးပဥ္စင်းကြီးကလည်း ပါဝင်ဆွေးနွေးလျက် ရှိ၏။

စကားဝိုင်းတစ်ခုတွင် ဦးပဥ္စင်းကြီးနှင့် ဒါယကာတစ်ဦးတို့ ပြင်းပြင်းထန်ထန် အခြေအတင် ပြောကြသည်အထိ ဖြစ်သွား၏။ မကြာမီ ထိုပြဿနာမှာ ဘုန်းကြီးဦးဂုဏဝံဆီ ရောက်ရှိလာခဲ့၏။ ဟိုတစ် နေ့ဆီက ဘုန်းကြီးဦးဂုဏဝံအထံမှ ဦးပဥ္စင်းကြီး ရေးမှတ်ယူသွား သော သူတော်ကောင်း ဥစ္စာ ၇-ပါးကိစ္စဖြစ်၏။

ဦးပဥ္စင်းကြီးက သူတော်ကောင်းဥစ္စာ ၇-ပါးကို နှုတ်မှ ရွတ်ဆိုရေတွက်ပြရာတွင် သဒ္ဓါ၊ သီလ (သုတ- ဇာဂ) ပညာ၊ ဟိရီ၊ ဩတ္တပ္ပဟု (သုတနှင့်စာဂ) ကိုပေါင်း၍ (သုဒဇာဂ)

www.burmeseclassic.com

www.burmeseclassic.com



အသံထွက်နေရာ ဒါယကာမှာ ထိုအသံထွက်အပေါ် ဘဝင်မကျနိုင်ဘဲ ကြာတော့ အမိပ္ပါယ်ပါပျက်အောင် နားရှက်လာကာ ဝင်ပြောမိခြင်းဖြစ်၏။ ဦးပဥ္စင်းကြီးက သူရေးမှတ်ထားသော စာထုတ်ပြ၍ စကားဝိုင်းကော်င်းတုန်း အနှောင့်အယှက်ပြုသော ဒါယကာအား မကျေနပ်နိုင် ဖြစ်ခဲ့ပေ၏။

နောက်ဆုံး ဘုန်းကြီးဦးဂုဏဝံကပင် ဖြေရှင်းပေးလိုက်ခဲ့ရလေ၏။ (သုဒ ဇာဂ) အသံထွက်ကိုပြင်၍ (သုတံနှင့်စာဂ) ကို အသံထွက် ခွဲရှုတ်ခိုင်းမှ နားဝင်ကောင်းကာ အဆင်ပြေသွားခဲ့ပေ၏။

ဦးပဥ္စင်းကြီး၏ (သုဒဇာဇ ) အသံထွက်ကို ဒါယကာများ ဆွေးနွေးဝိုင်းတွင် ပြောဟောခဲ့ခြင်းဖြစ်၍ တော်ပေသေး၏။ ဒါယိကာမများ အနီးထား၍ ဟောပြောခဲ့မိပါမူ နားရှက်ကြသည်နှင့် တရားဆက်နိုင်မည့်ပုံ ပေါ်မည်မထင်ပေ။



## ကျောက်ရောင်း ကားစပ်အလုပ်

စာသင်ပေါ့လျော့သော တပည့်ရဟန်းများနှင့် တွေ့လျှင် ရွှာဦးဆရာတော်က 'မင်းတို့ ငယ်တုန်းရွယ်တုန်း ထီးထမ်းလမ်းလျှောက် ဆေးသောက်ကွမ်းစား လမ်းသလားနေကြ၊ ကြီးမှ သိမယ်' အမြဲ ဆုံးမလေ့ရှိသည်။ အရပ်ထဲမှ လူပေါ်ကြော့များကိုတော့ 'မျောက်တစ်ကောင်လို အမြီးမြှောက်လိုက် အီးပေါက်လိုက်နဲ့ မင်းတို့အတွက် ရင်လေးပါသေး' ဟု ပြောလေ့ပြောထရှိသည်။ ကျောင်းပေါ်တက်လိုက်လျှင် အမြင်သာဆုံး စာတမ်းတစ်ခုက 'ပစောက်ပြီးလျှင် ဖဦးထုပ်ဖြစ်သဖြင့် ပျင်းလျှင်ဖျင်းမည်' ဟူ ပေ၏။

အမှန်မှာ ရွှာဦးဆရာတော်သည် သူ၏ တပည့်များကို ထကြွလုံ့လနှင့် ပြည့်စုံစေချင်၍ ဖြစ်လေသည်။ ဆရာတော်၏ ယင်းအဆိုအမိန့်များမှာ တပည့်များအဖို့ ကျောင်းထွက်ကြသည့်တိုင် အရပ်ထဲ၌ ပြောဆိုသုံးစွဲလျက်ရှိတော့၏။

ဆရာတော်က မည်မျှပင် သူ၏ တပည့်များအား ထကြွလုံ့လ ဝီရိယ ရှိစေချင်စေကာမူ ဆရာတော်၏ ကျေးတော်သူ ပေါက်ကျော်မှာမူ ရွှာဦးကျောင်းတွင် ပျင်းတကာ့ အပျင်းဆုံး၊

www.burmeseclassic.com

www.burmeseclassic.com



အဖျင်းတကာ့အဖျင်းဆုံး ဖြစ်၍ နေပေ၏။ ကျောင်းထွက်၍ ရွာထဲ ရောက်တော့လဲ ပျင်းဆဲ ဖျင်းဆဲမို့ ပေါက်ကျော်အား ဆရာတော်လည်း လက်လျှော့ထားရပေသည်။

ရွာဦးကျောင်း ဆရာတော် လက်လျှော့ပေမည့် ပေါက်ကျော်အဖို့ ကံကောင်းချင်သေး၏။ မြို့ စာသင်တိုက်တွင် စာချ ဘုန်းကြီး လုပ်နေသည့် ဆရာတော်၏တပည့် မော်စရီယဘွဲ့ရ ဦးပဥ္စင်း ဦးသီလာစာရသည် ရွာသို့ အလည်အပတ်ကြွရင်း အပြန်တွင် ပေါက်ကျော်အား မြို့သို့ ခေါ်ဆောင်သွားသည်။

မြို့ရောက်သော် ပေါက်ကျော်အား ပထမဦးဆုံး ပွဲရုံတစ်ခုတွင် အလုပ်ကြမ်းသွင်းပေးသည်။ တစ်ရက်ပင် ပြည့်အောင်မနေ၊ မနက်ပိုင်း အလုပ်စတင်သည်။ နေ့လယ်တွင် ကျောင်းသို့ ပြန်ရောက်လာ၏။ အစနေ့မို့ အချိန်ပြည့်မနေခြင်း ဖြစ်မည်ဟု ဦးပဥ္စင်းက ထင်၏။ ပေါက်ကျော်ကား ဘယ်နေ့မှ မသွားတော့ပေ။ ကားဝပ်ရှော့ဆိုလျှင် လုပ်မည်ဟု ဆိုပြန်သဖြင့် ကားဝပ်ရှော့ အလုပ်ရုံတစ်ခုတွင် အလုပ်သွင်းပေးသည်။ သုံးရက်ကျော်သော အခါ ဖင်နာသလေး ခေါင်းနာသလေး အကြောင်းပြလျက် ဆက် မသွားတော့ပေ။ ဗိုက်ပြဿနာ ထမင်းတစ်နပ်ကို ကျောင်းတွင် ပန်းကန်ခွက်ယောက် ဆေးကြောပေးရုံမျှနှင့် လွယ်လွယ်ကူကူ စားသောက်လို့ရပြီး ဆေးလိပ်တစ်တိုနှင့် ငြိမ့်နေရသည့်ဘဝ လောက် ဘယ်အရာကိုမျှ ပေါက်ကျော် အားကျမှု မရှိချေ။



ရွာဦးကျောင်းဆရာတော်က သူ့တပည့်ပေါက်ကျော်ကိုတော့ သံယောဇဉ်ရှိသည်။ ပေါက်ကျော် ဦးပဥ္စင်းနှင့် မြို့ပါသွား၍ နှစ်လလောက်ရှိသောအခါ မြို့ကလူကြုံနှင့် ပေါက်ကျော်အခြေအနေ စနဲနာခိုင်းသည်။ လူကြုံပြန်လာတော့ ဦးပဥ္စင်း ဦးသီလာစာရထံမှ လူကြုံပါး အမှာစကားမှာ 'ပေါက်ကျော်အတွက် မပူပါနှင့်၊ ပေါက်ကျော်သည် ကျောက်ရောင်းကားစပ်လုပ်ငန်းနှင့် အသက်မွေးနေပါသည်' တဲ့။

"တယ်ဟုတ်ပါ့လား။ (ကျောက်ရောင်းကားစပ်) လုပ်ငန်းဆိုတော့ ဒီကောင် ဘယ်ဆိုးလို့လဲ။ ကြီးပွားနိုင်တာပေါ့"

ရွာဦးဆရာတော်က အမိန့်ရှိတော့ လူကြုံပါး ဒါယကာက ရယ်ရင်း ပြန်လျှောက်၏။

"ကျောက်ရောင်းတယ်ဆိုတာက (ကျောင်းရောက်) တာကို ပြောတာဘုရား။ ကားစပ်တာက (ကပ်စား) တာဘုရား။ ပေါက်ကျော်ကတော့ တကယ့်လူပါဘုရား"

ဆရာတော်က ကွမ်းမြုံ့ရင်း ပြုံး၏။

"အိမ်း ဒီကောင်က ဟို ထိန်ပင်စောင့်နတ်တောင် လက်လျှော့ရတဲ့ လူစားမျိုးကွ။ တစ်ခါက ထင်းခုတ်သမား သူဆင်းရဲတစ်ယောက်ဟာ ထမင်းထုပ်တစ်ထုပ်နဲ့ တောထဲ ထင်းခုတ်လာဆက်ဘိုင်း ထိန်ပင်အောက်မှာ နားစခန်းလုပ်ပြီး အမြဲထမင်းစား

www.burmeseclassic.com

www.burmeseclassic.com

ဘယ်။ ထမင်းစားတိုင်းလဲ ထမင်းမစားခင်၊ထမင်းထုပ်ကို ထိန်ပင်စောင့် နတ်အား အမြဲပူဇော်လေ့ရှိတယ်။ ထင်းခုတ်သမားဟာ ဆင်းရဲတော့ သူ့ထမင်းထုပ်ဟာလဲ၊ နေ့စဉ်ပဲ ငပိဖုတ်ကလေးနဲ့ ချည်းပဲတဲ့။ ကြာတော့ ထိန်ပင်စောင့်နတ်က သူဆင်းရဲအားသနားလာပြီး ထင်းခုတ်သမား ကံကောင်းလောက်မည့် အခါအခွင့်ကို စောင့်နေတယ်။ ကံကောင်းလောက်ပြီလို့ထင်ပြီး တစ်နေ့မှာ ထင်းခုတ်သမားလာရာလမ်းမှ ဆီးတဲ့ကာ ရတနာထုပ်ကို သစ်ကိုင်းမှာ ချိတ်ဆွဲပေးထားသတဲ့။ ဒါပေမဲ့ ကံဆိုးချင်တော့ အဲဒီနေ့ကျမှ ထင်းခုတ်သမားဟာ အိမ်က မိန်းမနဲ့ စိတ်ဆိုးပြီး ထင်းခုတ်ထွက်လာတာမို့ ခေါင်းငိုက်စိုက်ကြီး လျှောက်လာတော့ သစ်ကိုင်းမှာ ချိတ်ဆွဲထားကဲ့ ရတနာထုပ်ကို မတွေ့ရှာဖူးတဲ့။ ထိန်ပင်စောင့်နတ်လဲ လက်မလျှော့သေးဘဲ နောက်နေ့မှာ ထင်းခုတ်သမားလာရာ လမ်းပေါ်မှာ ရတနာထုပ်ကို ချပေးထားသတဲ့။ ထင်းခုတ်သမားဟာ ဒီနေ့တော့ သစ်ပင်တွေပေါ် ထင်းလုပ်ဖို့ရာ သစ်ကိုင်းခြောက်တွေ မော့ကြည့် လျှောက်လာတော့ ရတနာထုပ်ကို မတွေ့ဘဲ ကျော်သွားပြန်ရောတဲ့။ အင်း --- ဒါနဲ့ ထိန်ပင်စောင့်နတ်လဲ 'လူ့ကံကို နတ်ဖန်လို့ မကယ်နိုင်'ကြောင်း သဘောပေါက်ပြီး သူ့ဆင်းရဲ ထင်းခုတ်သမားကို မ, စဖို့ရာ လက်လျှော့လိုက်တော့သတဲ့ဟော့။ အေး-ခုလဲ ပေါက်ကျော်ဟာ ထိန်ပင် စောင့်နတ်တောင် လက်လျှော့ရမယ့် လူစားမျိုးပေါ့ကွာ"

# ပဥ္စင်းလူထွက် ညည်းချင်း

တစ်ရံရောအခါက ပဥ္စင်းလူထွက် လူပြန်တော် တစ်ဦးသည် မိန်းမတစ်ဦးနှင့်အိမ်ထောင်ကျပြီးလျှင် ပရိယေသန ဝမ်းစာ အနေနှင့် ဆီရောင်းလေ၏။ ရဟန်းဘဝတွင် ဝိနည်းသိက္ခာနှင့် နေလာခဲ့သဖြင့် လူ့ဘဝရောက်သောအခါတွင်လည်း ခိုးရမှာ ရမှာ လိပ်ပြာမသန့်။ အလေးမခိုး မှုတ်မခိုးဘဲ မှန်ရာပြော ောင်းချသဖြင့် စီးပွားဖြစ်ဖို့ နေနေသာသာ စားသောက်ရုံမျှ မရ

ထိုအခါ ပဥ္စင်းလူထွက်မိန်းမက တဲ့ဆူလုပ်သည်။ ဒီလောက်ရိုးနေရင် ပဥ္စင်းဘဝက အလကား လူထွက်လာ ယ်၊ ရဟန်းပဥ္စင်းဘဝက ရိုးလေကောင်းလေ။ လူ့ဘဝဆိုတာ နိုင်မှ၊ လည်နိုင်မှ' စသည်ဖြင့် မြည်တွန်တောက်တီးလျက် နားဆာ လုပ်သည်။ သစ်ငုတ်တိုပင် နှဲ့ပါများသော် လှုပ်ရ ့သို့ ပဥ္စင်းလူထွက်သည်လည်း ကြာသော် မိန်းမ၏ အနှဲ့ကို င်တော့ဘဲ မိန်းမပြောသည့် လူပီသအောင် လူကျင့် ကျင့်ရ သည်။ သို့သော် မိမိနေထိုင်ကျက်စားသည့် ဝေါဝရဂါမ်နှင့်

www.burmeseclassic.com



လွတ်ကင်းရာ အဝေးဒေသသို့ သွားရောက်၍ ဆီရောင်းသည်။ အလေးခိုးတန်ခိုးသလို မှုတ်ချိုတန်းခိုးသည်။ ဆီကောင်းထဲ ဆီညံ့များ ရောနှောရောင်းဖို့လည်း ဝန်မလေးတော့ပေ။

သို့လျှင် မဟုတ်တာမမှန်တာ မှန်သမျှလုပ်၍ နှစ်ဝက်ရှစ်လ ခန့်ရှိသောအခါ ငွေကလေး အတော်စုမိလေရာ မိန်းမကိုလည်း လွမ်းလှသည်နှင့် အသပြာငွေထုပ်ပိုက်၍ ရပ်ရွာဖက်ကို ပြန်လှည့်ခဲ့လေသည်။ ကံဆိုးချင်တော့ ချောင်းတစ်ခု အကူးတွင် ပဥ္စင်းလူထွက် စီးနင်းလိုက်ပါလာသောလှေ မှောက်သဖြင့် လူလုံးလွတ်အောင် ကူးခတ်ရင်း ပါလာသည့် အသပြာထုပ်မှာ ရေအောက် ဆုံးရှုံးသွားခဲ့လေတော့သည်။

လိမ်၍ညာ၍ ခိုးဝှက်၍ ကျစ်ကျစ်ပါအောင် ထုပ်ခဲ့ရသော အသပြာထုပ်ကို ရေမှာဆုံးရှုံးခဲ့ရသဖြင့် ပဥ္စင်းလူထွက်ခမျာ နှမြောလွန်းမက နှမြော၍ နေပေသည်။ မိမိကံကြောင့် မဟုတ်ဘဲ သူတစ်ပါးအပေါ်မှာ မတရားရှာထားသော ပစ္စည်းဥစ္စာမို့ မတည်မြဲကြောင်း တရားသဘောကိုလည်း ပဥ္စင်းလူထွက်ပီပီ နက်နက်နဲနဲ သိရှိနေ၏။ မစားရက် မသောက်ရက် မိမိကြိုးစား ရှာဖွေ ထားသော အသပြာထုပ်မှာ မိမိထံတွင် ပျောက်ကွယ်ခဲ့ပြီး လက်ချည်းသာ ကျန်တော့သော မိမိအဖြစ်ကိုလည်း ယူကြုံးမရ ဖြစ်ကာ သံဝေဂ ရနေလေသည်။



အိမ်ခြံပေါက်ဝသို့ ပဥ္စင်းလူထွက်ပြန်လာသည်ကို မြင်လျှင် စီးပွားဖြစ်၍ ပြန်လာမည်ဟု ကြိုတင် သတင်းရထားသော မိန်းမနှင့် သားသမီးများက ဝမ်းသာအားရ ထွက်၍ ကြိုဆိုရာ ပဥ္စင်းလူထွက်မှာ ဝမ်းနည်းစိတ် သံဝေဂစိတ်ဖြင့် ညည်းညည်း ညူညူနှင့် ပြောလေသည်။

"မိန်းမရေ --- ငါ့မှာ အကုသိုလ်နဲ့ ငရဲပဲ ပါတော့တယ်ဟေ့"

စိတ်ပျက်လက်ပျက် ပုံပန်းသဏ္ဌာန်နှင့် အဆက်အစပ်မရှိသော စကားကြောင့် မိန်းမလုပ်သူသည် သူ့ခင်ပွန်းသည်အား 'ဒီလူ ရူးများရူးပြန်လာပြီလား' ဟု နားမလည်နိုင်အောင် ရှိ၏။

ပဥ္စင်းလူထွက်ကား စင်စစ် မှန်သောစကားကို ဆိုခြင်းသာ ဖြစ်ပေ၏။ ပဥ္စင်းလူထွက်ရှာဖွေခဲ့သော အသပြာဥစ္စာထုပ်သည် ရေမှာပျောက်ကွယ်ခဲ့ပြီး ထိုဥစ္စာထုပ်ရဖို့ သူကျူးလွန်ထားသည့် အဒိန္နာဒါန(ခိုးဝှက်ခြင်း)နှင့် မုသာဝါဒ (လိမ်ညာခြင်း) အကုသိုလ်ကံတို့သာ သူ့ကိုယ်၌ တင်းတင်းလျှင်းလျှင်း အထုပ်အထည်နှင့် ကျန်ခဲ့ပေသည်တကား။



www.burmeseclassic.com

www.burmeseclassic.com

## ပတိသင်္ဂဟော

အခြေခံမူလတန်းကျောင်းများ မကျယ်ပြန့်မီ ရှေးခေတ်က ကျေးလက်ပညာရေးသည် ရွာဦးဘုန်းတော်ကြီးကျောင်းများကို အားထား မှီခိုနေရပေသည်။ ထိုမှ အခြေခံမူလတန်းပညာတစ်ဝက်တစ်ပြက် ကျယ်ပြန့်လာသောအခါ ဘုန်းတော်ကြီးကျောင်းများတွင် အခြေခံမူလတန်း သင်ရိုးကို သင်ပေးသည့် ဘကကျောင်းများဟူ၍ အဆင့်တစ်ခု အနေနှင့် ရပ်တည်ခဲ့သည်။ ကျေးလက်ကလေးသူငယ်များအတွက် အခြေခံမူလတန်းပညာ ကျယ်ပြန့်လာသည့် ယခုခေတ်အခါများတွင်မူ ဘုန်းတော်ကြီးကျောင်း ပညာရေးမှာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်သည့် နယ်မြေဒေသအဝန်းတွင် ရှိတန်သလောက်သာ ရှိတော့လေ၏။ သူငယ်များကို ရှင်သာမဏေဝတ်စေ၍ ပရိယတ်အခြေခံပညာ သင်ကြားပေးသည့် စာသင်တိုက်အငယ်စား အဖြစ် ရပ်တည်လျက်ရှိသော ရွာဦးကျောင်းများကိုမူ အချို့ ကျေးရွာကြီးများ၌ တွေ့ရနိုင်ပါသည်။

ရွာဦးဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးတွင် အခြေခံ သူငယ်တန်းသင်ရိုးမှာ သင်ပုန်းကြီးဖြစ်သည်။ သင်ပုန်းကြီးစာအုပ်၌ ကကြီးခကွေးမှ စတင်ကာ အခြေခံဖတ်ရှုရေးသား



ပတိသင်္ဂဟော

www.burmeseclassic.com

www.burmeseclassic.com



နည်းကို အဆင့်ဆင့် တက်ယူရသည်။ သင်ပုန်းကြီးကုန်လျှင် စာဖတ်တတ်ပြီဖြစ်ရာ ဖတ်စာအနေနှင့် မင်္ဂလသုတ်ပါဠိအနက် ထည့်၍ သင်ပုန်းကြီးစာအုပ်ကို အဆုံးသတ်ထားသည်။ သင်ပုန်းကြီးကုန်လျှင် သူငယ်တန်းမှ ပထမတန်းသို့ တက်ရသော သူငယ်မှာ မင်္ဂလသုတ်ကို ပါဠိအနက်ရပြီမို့ ဘာသာရေးအခြေခံ ပန္နက်ရိုက်ပြီး ဖြစ်တော့သည်။

တစ်ခါက ရွာဦးဘုန်းတော်ကြီးကျောင်းထွက်ချင်း တူကြသော သားအမိ သားအဖသုံးဦး ရှိကြသည်။ သားကြီးဖြစ်သူ မိန်းမရသွားပြီးနောက် ယောက္ခမအိမ်သို့ ပါသွားရာ အလုပ်အကိုင် ခပ်မှုန်းမှုန်း ဖခင်မှာ သားနှင့် လက်လွှဲထားသော လယ်ယာလုပ်ငန်းကို ပြန်လည်ဦးစီးရတော့သည်။ သားကြီးလုပ်သူမှာလည်း လယ်ယာလုပ်ငန်းတွင် အလုပ်ပူနေသဖြင့် ရွာထိပ်နှင့် ရွာလယ် တစ်ရွာတည်း နေပါလျက် မိဘအိမ်သို့ တစ်လလုံးနေလို့မှ တစ်ခေါက်ပင် မရောက်အားဘဲ မိဘလုပ်ငန်းကိုလည်း မကူညီနိုင်ဘဲ ရှိလေသည်။

မအေက တော်တော်ပင် ဖြစ်သော်လည်း ဖခင်ဖြစ်သူမှာ သားလာတိုင်း စကားနာထိုးတတ်၏။ စကားနာထိုးတိုင်းလည်း မင်္ဂလသုတ်မှ မာတာပိတုဥပဋ္ဌာနံ (မိဘတို့အား လုပ်ကျွေးသမှုပြုစုခြင်း) မင်္ဂလာကို အမြဲတမ်း ထည့်ပြောသည်။ သားဖြစ်သူမှာလည်း ဘုန်းတော်ကြီးကျောင်းထွက်မို့ မိဘတို့အား လုပ်ကျွေး

www.burmeseclassic.com

www.burmeseclassic.com



သမှု မင်္ဂလာကို သိရှိပါ၏။ သို့ရာတွင် သူကိုယ်တိုင်က ယောက္ခမအိမ်တွင် ပင်ပင်ပန်းပန်း လုပ်ကိုင်နေရသူတစ်ဦး ဖြစ်နေသည်။

တစ်နေ့ မိဘအိမ်သို့အလာတွင် စိတ်အခန့်မသင့်ကြဘဲ သားအဖ စကားပြော အပေါက်အလမ်း မတည့်ကြပေ။ ဖခင်မှာ ထုံးစံအတိုင်း ၄င်း၏ လက်သုံး မာတာပိတုဉပဋ္ဌာန် မင်္ဂလာဖြင့် သားအား တရားနှင့်ကိုင်၏။ သားမှာလည်း စိတ်ကလည်း အခန့်မသင့်တုန်းဖြစ်နေပြီး မာတာပိတုဉပဋ္ဌာန်ကိုချည်း ကြားရဖန် များလာသောအခါ ဖခင်အား တရားလက်မလွှတ် မင်္ဂလာဖြင့် ပြန်ပြော၏။

"အဖေကလဲ မာတာပိတုဉပဋ္ဌာန်ချည်း ပြောနေတယ်။ ငါ့သား လယ်တစ်ကွက် လုပ်စားတော့လို့ အဖေ့မှာ ပုတ္တဒါရဿ သင်္ဂဟော (သားမယားတို့အား ချီးမြှင့်ထောက်ပံ့မှုမင်္ဂလာ)ရှိနိုင်ခဲ့လို့လား။ ကျွန်တော့်မှာ ယောက္ခမဆီမှာ သူတို့နဲ့ အတူ သွားလုပ်ကိုင်နေရတာလဲ အဖေထည့်ပြောပါဦး"

မအေဖြစ်သူပါ သားဖက်မှ ဝင်ကူပြောပြန်သည်။

"သားကြီး ပြောတာ ဟုတ်တာပေါ့တော့။ ဘုရားက မာတာပိတု ဉပဋ္ဌာန်လဲ ဟောတယ်။ ပုတ္တဒါရဿသင်္ဂဟောလဲ ဟောတယ်။ ရှင်ပဲ ပျို့တုန်းသန်တုန်းက အလုပ်အကိုင် ပျင်းခဲ့လို့ ခုတော့ သားတွေ သမီးတွေ ကြီးလာပြီ။ လယ်ကွက်က ကျဉ်း



ကျဉ်းလေး ဖြစ်နေတာပေါ့။ အဲဒါ ပုတ္တဒါရဿ သင်္ဂဟောနဲ့ ရှင်မပြည့်စုံခဲ့လို့။ ကျုပ်တို့မှာ ဘုရားက ပတိသင်္ဂဟော (လင်သားကို လုပ်ကျွေးခြင်း) မင်္ဂလာတရား မဟောခဲ့ပါဘဲနဲ့ ဈေးထွက်ရောင်းကျွေးခဲ့ရတယ်"

ဖခင်ဖြစ်သူမှာ သားအမိနှစ်ဦးက စစ်မျက်နှာတစ်ခုတည်းမှ အထောက်အထားနှင့် ဝိုင်းတွယ်ကြပြီဆိုတော့ လက်မြှောက်အရှုံးပေးရုံမှတစ်ပါး ဘာမျှမတတ်နိုင်။ အရှုံးပေးသော်လည်း ရိုးရိုးအရှုံးမပေး။ ဘုရားနှင့် ခိုက်ပြီးမှ အရှုံးပေး၏။ 'အေး- ငါတို့ဘုရားကလဲ သားမယားဖက် ခပ်ပါပါပါကွာ' ဟူ၍ ဖြစ်သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## လေးသစ်ကျား

တစ်ခါက ငစံဆိုသူ လူသော့သွမ်းကို စကားအရာတွင် တစ်ရွာလုံးက လက်မြှောက်ထားရလေသည်။ ရွာရှိ လူအတော်များများမှာ ငစံစကားကို ယုံမိသဖြင့် ဒုက္ခအဖုံဖုံ ရောက်ခဲ့ဖူးလေသည်။ ငစံဒုက္ခပေးခံရသူများထဲတွင် ရွာဦးကျောင်း ဆရာတော် သာမက တောရကျောင်း ဆရာတော်ပင် အကျိုးနည်းဖူးပေ၏။

တစ်နေ့တွင် ဒုက္ခပေးဖို့ရာ တောရကျောင်းသို့ ငစံ ရောက်လာသည် ဆိုရမည်။ ဆရာတော်ကမူ ငစံကို မသိရှာပေ။ အဖော်မမှီး တောကြီးမျက်မည်းထဲတွင် သစ်ကျားဘေးရန် ထူပြောလှသဖြင့် ရွာနှင့်မနီးမဝေးတွင် သီတင်းသုံးရန် ငစံက လျှောက်ထားသည်။ ဆက်လက်၍ စကားစပ်မိရင်း သစ်ကျား တစ်ကောင်မှာ ကျောင်းလှေကားရင်းတွင် လာရောက်ဝပ်နေဖူးကြောင်း ဆရာတော်က ငစံအား ပြောပြသည်။

ငစံက အံ့သြဟန်ပြု၍ 'အမှန်လားဘုရား၊ ကျားက ဘယ်လောက်ကြီးပါသလဲ ဘုရား' ဟု လျှောက်သည်။

"ကိုးတောင်လောက်တော့ ရှိမယ်ထင်တာပဲ"



ဆရာတော်၏ အဖြေစကားဆုံးလျှင် ငစံက အားရပါးရ ရယ်သဖြင့် ဆရာတော်ပင် ကြောင်စီစီ ဖြစ်သွားရသည်။

"အရှင်ဘုရား- သူများတွေ ကြားကုန်ပါ့မယ် ဘုရား၊ အရှင်ဘုရားစကားက ရယ်စရာကြီးဖြစ်နေပြီ ဘုရား။ ကျားဆိုတာ ဒါလောက်ကြီးပါ့မလား ဘုရား"

"အေး - ဘုန်းကြီးလဲ ခပ်လှမ်းလှမ်းက ကြည့်ရတာ။ ကိုးတောင်မရှိ ခြောက်တောင်တော့ ရှိမပေါ့"

ငစံက ဟက်ဟက်ပက်ပက် ရယ်ပြန်၏။

"ဒါလဲ ကြီးသေးတာပဲ။ သူများကြားရင် အလှောင်ခံနေရပါဦးမယ် ဘုရား"

"လေးတောင်လောက်ကော"

"မဟုတ်တာဘုရား၊ ကျားဆိုတာ မသကာရှိလှမှ လေးသစ်တစ်ဝါး ရှိတာ"

သို့နှင့် ကျားကိစ္စမှာ ဘုန်းတော်ကြီးကပင် အရှုံးပေးလိုက်ရလေသည်။ သို့ရာတွင် နောက် ဥပုသ်သီတင်းနေ့တွင် ကျားပြဿနာသည် တစ်ဖန်ပေါ်လာပြန်၏။

ငစံနှင့်တော့ မဟုတ်။ တောရကျောင်းသို့ ဥပုသ်သီတင်း လာရောက်ဆောက်တည်ကြသော ဥပုသ်သည် နှစ်ဆယ်ကျော် ခန့်ရှိရာ သူတို့ကလည်း သစ်ကျားကိစ္စလျှောက်ထားကြပြီး ရပ်ရွာ

www.burmeseclassic.com

www.burmeseclassic.com



နှင့် မနီးမဝေးတွင် လာရောက်သီတင်းသုံးပါက ကျောင်းဆောက်၍ လှူဒါန်းမည်ဖြစ်ကြောင်း လျှောက်ထားကြသည်။

"သစ်တွေ ကျားတွေ သွားလာထာတာများ တစ်ခါတရံ မတွေ့ဖူးလား ဘုရား"

ဒါယကာတစ်ဦးက လျှောက်ထား၍ ဆရာတော်က ငစံအား ပြောပြသည့်အတိုင်း ပြောပြသည်။ ဆရာတော်မှာ လောကရေးရာ နားမလည်သူဖြစ်ရာ ငစံ၏ စကားကို အဟုတ်ထင်နေပြီး လောကနှင့်ဆန့်ကျင်မည်စိုးသဖြင့် လှေကားရင်း လာဝပ်သော ကျား၏ အကောင်အရွယ်ကိုလည်း ငစံ၏ စကားအတိုင်း ပြောလိုက်သည်။

"ဘုန်းကြီးအထင်ဖြင့် ကျားဟာ လေးသစ်တစ်ဝါး ရှိလိမ့်မယ်ထင်ရဲ့"


ပထမတော့ ဒါယကာ ဒါယိကာများမှာ ပြုံးကြ၏။ နောက်တော့ အချင်းချင်းလက်တို့၍ တသောသော ရယ်ကြသည်။ ဒါယကာတစ်ဦးက ဝင်လျှောက်၏။

"မှန်ပါဘုရား၊ ကျားဆိုတာ ကျားပေါက်စတောင် ၃-တောင်၊ ၄-တောင်ရှိတယ်။ ကြီးလျှင် ၈-တောင် ၉-တောင်ရှိတာ ဘုရား။ ဧကန္တတော့ ဆရာတော် ငစံဆိုတဲ့ဒကာနဲ့များ တွေ့ပြီ ထင်တယ် ဘုရား။"



ဆရာတော်မှာ ထိုအခါကျမှ ငစံဆိုသူ၏ အသောအသွမ်းကြောင့် သူ့စကားလမ်းကြောင်း ပရမ်းပတာ ဖြစ်ခဲ့ရပြီကို ရော၍ သဘောပေါက်သွားပေ၏။

"အိမ်းကွယ် ကိုးတောင်ကျားလို့ မူလကပြောတာ အကိုက်ပဲ။ ငမိုက်သား ငစံကြောင့် ဘုန်းကြီးရဲ့ကျား ကိုးတောင်တနေ လေးသစ်တစ်ဝါး ဖြစ်ခဲ့ရတာပဲ ဒကာတို့"



www.burmeseclassic.com

www.burmeseclassic.com

# စနေဂြိုဟ်

အနောက်ဖက် မင်းဝံတောင်ကို မေးတင်လျက် နေမင်းက မညို့တညို့။

မန္တလာဖက်ကမ်း ရွှေကြက်ကျဆိပ်မှ စစ်ကိုင်းဖက်ကမ်းဧယျာဆီသို့ စက်မပါ တက်ခတ်သမ္ဗန်ဖြင့် ဧရာမြစ်ပြင်ကို ဖြတ်ကူးရင်း ရင်အဆူ ရင်အပူမပါ လှမ်းမျှော်ခံစားဖူးပါသလား။ ဆည်းစျာနေညိုတွင် လေချိုနုက မြစ်ပြင်၏ လွတ်လပ်အေးချမ်းမှုနှင့် ပေါင်းစည်းမိနေ၏။ တူရှုဖက် ဧယျာကမ်း မင်းဝံတောင်ပေါ် ရိုးဆီမှ ဘုရားစေတီပုထိုးတို့၏ ရင့်ကျက်အေးငြိမ်းမှု ရှုမြင်ခင်းက ဖူးလို့မဝ ကြည်နူးလို့မဝနိုင် ရှိရ၏။ လေညှင်းနှင့်အတူ ပျံ့လွင့်လာသော ဆည်းလည်းသံစဉ်ချိုကိုပင် ထိခတ်ကြားယောင်လာရ သယောင်ယောင် ထင်မှတ်ရနိုင်၏။

ပန်းချီဖန်တီးရှင်, ကဗျာသမား, တေးရေးဆရာ, ဂီတအနုပညာသည်များ သည်အချိန် သည်နေရာ ဖြတ်ကူး ခံစားဖူးသမျှ ရသတန်ဖိုးနှင့်အတူ အနုပညာတစ်ရပ် ကျန်ရစ်မြဲမှာ ဧယျာ ကမ်းအလှကြောင့်ပင် ဖြစ်တော့သည်။



သို့သော် ဤဧယျာနှင့် ဧရာကမ်းကို မထူးဆန်းသလို ကူးသန်းဖူးသူတို့ တစ်ခါတုန်းဆီက ရှိခဲ့ဖူးလေ၏။

မန္တလေးဖက်ကမ်းရပ်နေ စနေသား ငနေဒွန်းသည် ဘာမဆို စိတ်မြန်သူတစ်ဦး ဖြစ်ပေသည်။ အလုပ်လုပ်လျှင်လည်း ဒီအလုပ် စိတ်တိုင်းမကျ ဟိုအလုပ် ပြောင်းလုပ်နှင့် အလုပ်စွဲမြဲမှု မရှိသဖြင့် အိမ်ထောင်ရယ်လို့ ကျပြီးတည့်တိုင် ကြီးပွားခြင်း မရှိပေ။ မိဘချမ်းသာရိပ်ကို ခိုနေရ၍သာ တော်တော့သည်။

တစ်နေ့တွင် တရားပွဲတစ်ခု သွားရောက်နာပြီး ပြန်လာသော ငနေဒွန်းမှာ အိမ်ရောက်သည်နှင့် ရောဂါတက်တော့သည်။ စစ်ကိုင်းတောင် နန္ဒမူချောင် ဘဖုန်းကျောင်းတွင် တစ်လလောက် သွားဘရဟန်းဝတ်၍ တရားအားထုတ်ချင်ကြောင်းဖြင့် မိန်းမကိုရော မိဘများကိုပါ မဝတ်ရမနေနိုင် ပြောနေပါတော့သည်။ မိန်းမ လုပ်သူမှာ ငနေဒွန်းစကားကို လှန်နိုင်သူမဟုတ်၍ ဘာမျှ မပြောသော်လည်း မိဘများက တားသည်။

"မင့်စိတ်နဲ့ ဖြစ်ပါ့မလား ငနေဒွန်းရဲ့"

"ကျွန်တော်က စနေသားပါ။ စိတ်ထဲရှိလာရင် လုပ်ရမှ ကျနပ်တာ အဖေ အမေတို့လဲ သိသားနဲ့"

www.burmeseclassic.com



"ကဲ တားမရလို့ လုပ်ပါပြီတဲ့၊ ဘယ်တော့ လုပ်မှာလဲ။ အစီအစဉ်က ဘယ်လိုလဲ"

"ဘာအပိုတွေမှ မလုပ်ဘူး။ ဟိုတစ်ခါ အဖွားဆုံးခါနီးမှာ ကျွန်တော့ကို သက်နိုးချီသလို နက်ဖြန်မနက်မှာ ဆွမ်း ဆွမ်းဟင်း အတန်အသင့် ချက်ပြုတ်ယူပြီး စစ်ကိုင်းဖက် ဘဖုန်းကျောင်း သွားမယ်။ ပရိက္ခရာကို ဟိုကျမှ ဘဖုန်းဆီမှာ ဝတ္ထုကပ်ပြီး သံဃာ စု သိမ်ဝင်လိုက်တာပေါ့။ ဒါပဲ ဘာမှလဲ သိပ်မကုန်ဘူး"

ကုသိုလ်ရေး ကိစ္စမို့ မတားမြစ်ကောင်းသည်က တစ်ကြောင်း အကျယ်တဝင့် မဟုတ်သဖြင့် တာဝန်မလေးသည်က တစ်ကြောင်းမို့ မိဘများကလည်း သဘောတူလိုက်ကြသည်။ စနေသား ငနေဒွန်း၏ အစီအစဉ်အတိုင်း နောက်တစ်နေ့ မိုးလင်းစကပင် ယာဉ်ခြင်း ချက်ပြုတ်၍ စစ်ကိုင်းဖက်သို့ ကူးခဲ့ကြသည်။ ဘဖုန်းမှာ အစီအစဉ်မရှိဘဲ ဒုလ္လဘရဟန်းဝတ်ရန် လာသော တူတော်သူ စနေသား ငနေဒွန်းအား အံ့ဩရင်းနှင့်ပင် ကျောင်းရှိ သံဃာဖြင့် သိမ်တက် ရဟန်းခံပေးလိုက်ရလေသည်။

စနေသား ငနေဒွန်းမှသည် မြင့်မြတ်သော ရဟန်းပဉ္စင်း ဦးနာဂအဖြစ် ပြောင်းလဲမြှင့်တင်ကြပြီးသောအခါ ဦးနာဂ၏ မိဘ မိသားစုတို့မှာ ထိုနေ့တာအတွက် အလုပ်အကိုင်များ နားခဲ့ပြီး ဖြစ်၍ တစ်နေ့တာလုံး ကုသိုလ်ကောင်းမှုဖြင့် အချိန်ကုန်ဆော



မည်ဟု စစ်ကိုင်းတောင် ဘုရားစုံ လည်ဖူးကြသည်။ ရှင်ဖြူရှင်လှ ဆွမ်းဦးပုညရှင် ပုထိုးတော်ကြီး စသည်ရောက်တုန်း ရောက်ခိုက် စုံအောင် ဖူးပြီးနောက် ဘဖုန်းကျောင်းသို့ ပြန်မဝင်တော့ဘဲ ညနေ နေညိုတွင်မှ မန္တလေးဖက်ကမ်းသို့ မော်တော်ကားဖြင့် ကူးခဲ့ကြသည်။

တစ်နေ့တာ မောပန်းခဲ့သော်လည်း ဘုရားရိပ် တရားရိပ် သံဃာရိပ်တွင် ကုသိုလ်ကောင်းမှု အလှူဒါန ပီတိသောမနဿ ဖြင့် ပြုံးပျော်ပြန်လာခဲ့ကြသော မိသားစုတို့မှာ အိမ်ခြံဝရောက် သော့ ငိုအားထက် ရယ်အားသန်ကြရသောအဖြစ်နှင့် ကြုံကြရ လေ၏။ တစ်ခြားဟုတ်ပါရိုးလား။ နံနက်ကပင် စနေသား ဦးနာဂ ဟု မြှင့်တင်ပေးခဲ့ပြီး စစ်ကိုင်း ဘဖုန်းကျောင်းတွင် သင်္ကန်းဝတ် ထားခဲ့ကျန်ခဲ့သော စနေသားကြီး ငနေဒွန်းမှာ လူထွက်ခေါင်းတုံး ကြီးနှင့် အိမ်ဝမှ ဆီးကြိုနေနှင့်၍ ဖြစ်ပါသတည်း။

"အဖေ အမေတို့ သမီးလေးတို့ ပြန်သွားကြတော့ ကျွန်တော်အောက်မေ့ကျန်ခဲ့တာ ညနေစောင်းလာတော့ နေမရ တော့တာနဲ့ ဘဖုန်း ပရိတ်ရွတ်ကြွရာက ပြန်အောင်တောင် မစောင့်တော့ဘဲ ဦးပဉ္စင်းတွေဆီမှာ သိက္ခာချပြီး လူထွက်ပြန်လာ ခဲ့တာ ကျွန်တော့်စိတ်ကလဲ မနေကို မနေနိုင်တော့ဘူး။ အဲဒါ ကြောင့်ပဲ မနက်ကျရင် ဘဖုန်းဆီ သွားလျှောက်တော့"

www.burmeseclassic.com

www.burmeseclassic.com



ငနေဒွန်းအဖေက 'ဟင်း' ချရင်း ခေါင်းခါ၏။

"ကဲ- စနေသားရဲ့ အမေကြီးရေ---၊ အမေကြီးပဲ မနက်ဘဖုန်းဆီး သွားလျှောက်တော့။ ညည်းပဲ စနေနေ့မှာ ဗိုက်နာမွေးတာကိုး"



## မယုံမရှိနှင့် ကိုယ်တွေ့

ဗဟုသုတ အကြားအမြင်ဆိုသည့်အတိုင်း လူကြီးသူမတို့၏ စကားဝိုင်းကို နားထောင်မှု များခြင်းမှ လည်းကောင်း၊ စာပေလေ့လာဖတ်ရှုမှုများခြင်းမှ လည်းကောင်း၊ ဒေသန္တရ ဌာနန္တရ အရောက်အပေါက် များခြင်းမှ လည်းကောင်း ဗဟုသုတအသိကျယ်ပြန့်လာရသည်။ ဗဟုသုတအသိ လှုံ့ဆော်ထင်ဟပ်မှုမှ တဆင့် သင်ခန်းစာယူသော်ရ၏။ ဆင့်ပွားအသိကို တိုးချဲ့၍ အကျိုးအမြတ်ကို ယူတတ်လျှင် သူများထက် ခေါင်းတစ်လုံးပိုမြင့်သည်ဟုပင် ဆိုနိုင်သည်။

ဗဟုသုတ မကြွယ်ဝသူတို့မှာ ဘဝသင်ခန်းစာ ထုတ်ယူစရာမရှိ။ ပင်လယ်ပြင်မှာ ရေရှိသည်ဆိုခြင်းကိုပင် ပြေးကြည့်ပြီးမှ 'ဟုတ်ပါလား' ဟူသော ပင်ပန်းအသိ နောက်ကျအသိကို ခဲယဉ်းစွာ ရရှိနိုင်လေ၏။ ထိုသူမျိုးသည် ဓားပြမှန်းသိချိန်တွင် ထိပ်ချခံရပြီး ဖြစ်တတ်လေ၏။

ရှာထိပ်ဇရပ်ပေါ်တွင် ခဏတစ်ဖြုတ် ဝင်နားခိုသွားသော ခရီးသည်တစ်ဦးဆိုလျှင် ဘဝတန်ဖိုးကို သင်ခန်းစာနှင့် တကွ နားလည်သွားပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်တစ်ဦးသည် အများသူငါ နားခိုရန် ဆောက်လုပ်လှူဒါန်းထားသော ရွာထိပ်ရှိ စတုဒိသာ ဇရပ်တစ်ခုအနီးသို့ ရောက်ရှိလာသည်။ ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် အတန်ပင် လှမ်း၏။

ခရီးသည်သည် လွန်ခဲ့သော ခရီးတာဝေးကို သတိရမိမှ မောပန်းနွမ်းနယ်မှုမှာ ပိုကဲလာသည် ထင်ရ၏။ သိပ်စဉ်းစား မနေတော့ဘဲ လက်ရမ်းမရှိသော ဇရပ်အောက်ဆင့်ပေါ် အထုပ်ဘေးချလျက် တင်ပလ္လင် ထိုင်လိုက်သည်။ ရေအိုးစင်တွင် ရေအိုးတွေ့သဖြင့် ရေတစ်ခွက်သောက်ပြီးလျှင် အညောင်းဆန့်သည့် အနေဖြင့် အထုပ်ပေါ် ခေါင်းတင်လှဲလိုက်သည်။ လက်ကြားမှ ဆေးပြင်းလိပ်တိုကိုလည်း မီးခြစ်ချစ်၍ မီးညှိလိုက်သည်။

“နှုတ်ခမ်းမွေးထူသူ ဆေးလိပ်တို မသောက်ရ”

ဆေးလိပ်တိုကို တစ်ချက်နှစ်ချက် ရှူဖွာရင်းမှ ဇရပ်အပေါ်ဆင့် ခါးပန်းမှ စာတန်းကို ခရီးသည် တွေ့သွားသည်။ စာလုံး မညီမညာ မြေဖြူနှင့် ရေးထား၏။ ခရီးသည်သည် ဆေးလိပ်တိုကို နှုတ်ခမ်းမှ ချွတ်၍ သူ၏ နှုတ်ခမ်းမွေးထူထူကို လက်ဖြင့် ပွတ်သပ်ကြည့်နေ၏။ မိမိအား တိုက်ရိုက်ရည်ညွှန်း၍ ရေးသားသော စာများလားဟု တစ်ကိုယ်တည်း အတွေးပေါက်ကာ စိတ်ထဲ ရင့်တင့်တင့် ခံစားလိုက်ရသည်။



“သောက်- ဘာဖြစ်သလဲကွာ”

နှုတ်မှပင် လွှတ်ခနဲ အသံထွက်သွားသည်။ ဆေးပြင်းလိပ်တိုကို ဆက်၍ ခဲထားရင်း ဇရပ်နံရံများတွင် ဘုန်းကြီးကျောင်းသားများ လက်ကမျှင်းထားကြသော အခြားစာများကို လျှောက်ဖတ်ကြည့်နေလိုက်သည်။

မည်မျှကြာသွားသည် မသိ။ အမွှေးအမှင်မီးလောင်စော် ညှော်မှ သတိပြန်ဝင်လာ၏။ မီးလောင်စော် ညှော်ရုံမျှမက နှုတ်ခမ်းပါ ပူလာမှ မိမိ၏ ဆေးလိပ်တိုမီးက မိမိ၏ နှုတ်ခမ်းမွေးကို လောင်နေပြီဟု သိလိုက်၏။ တစ်ချိန်တည်းတွင် ဆေးလိပ်တိုက နှုတ်ခမ်းမှ ပြုတ်ကျပြီး ရင်ဘတ်ပေါ် အပူလောင်သဖြင့် ထ,ခါ ပစ်ရတော့သည်။

ခရီးသည်ကြီး ဖိမ်ပျက်သွားပြီ။ မကျေမနပ် စိတ်ဝိန်ပိန်ဖြင့် စောစောက အလျင်ဆုံးတွေ့ခဲ့ရသော ဇရပ်ခါးပန်းမှ စာကို တစ်ခေါက်ပြန်ဖတ်သည်။ သည်တစ်ခါမှ ခရီးသည်ကြီးသည် ခေါင်းကိုသာ တညိတ်ညိတ်လုပ်နေတော့၏။ စာအဓိပ္ပါယ်ကိုလည်း ကိုယ်တိုင် ကြုံပြီးဖြစ်၍ ယုံခဲ့ရပေပြီ။


နေမဝင်မီ လိုရာရောက်ရန်အတွက် ဆက်လက်ခရီး ထွက်ရန်ပါ ပြင်လိုက်သည်။ ဇရပ်ပေါ်မှ လျှောအဆင်း တိုင်ခြေတွင် မြေဖြူခဲ အပိုင်းအစတစ်ခုတွေ့ရာ စိတ်ကူးရပြီး မြေဖြူ

www.burmeseclassic.com



ကောက်၍ ဇရပ်ပေါ် ပြန်တက်သည်။ ဇရပ်ခါးပန်းတွင် ရေးထားသော (နှုတ်ခမ်းမွေးထူသူ လေးလိပ်တိုမသောက်ရ) စာတန်းအောက်တွင် စာတစ်ကြောင်း ထပ်ရေးလိုက်သည်။ ကွင်းစကွင်းပိတ်ပါ ထည့်လိုက်သေးသည်။

(မယုံမရှိနှင့် - ကိုယ်တွေ့။)



## မောသကုိး

ဖူးစာဆိုသည်မှာ ဆန်းကျယ်၏။ ဖူးစာကံဆန်းကျယ်သည်နှင့်အမျှ လူတို့၏ အိမ်ထောင်ဖက်များလည်း ဆန်းကျယ်တတ်ပေသည်။ တစ်ချို့ ပုပုနှင့်ရှည်ရှည်၊ တစ်ချို့ ပိန်ပိန်နှင့်ဝဝ၊ တစ်ချို့ ဖြူဖြူနှင့် မည်းမည်း။ တစ်ချို့ တောင်ပေါ်နှင့်မြေပြန့်၊ တစ်ချို့အညာနှင့် အကြေ၊ အမျိုးမျိုးအဖုံဖုံ ဆုံဆည်းစုံဖက်မိကြသည်။ ဆက်သွယ်နီးစပ်မှုကို အကြောင်းခံသည် ထင်ရသော်လည်း ထိုနီးစပ်မှု၏ နောက်ကွယ်တွင် ဖူးစာအကြောင်းကံကို မမြင်သာ ပေ။

ဒေါ်ပုကား အသားညိုညိုပုပု၊ ဒေါ်ပု၏ ယောက်ျားကမူ ပိန်ပိန်ရှည်ရှည်နှင့် အသားဖြူဖြူ တရုတ်မှတရုတ်၊ မြန်မာစကားကိုပင် ပီသအောင် မပြောတတ်။ သို့သော် ဒေါ်ပုသည် သူ၏ ယောက်ျား တရုတ်ကြီးအား မြန်မာ ဗုဒ္ဓဘာသာအယူဝါဒသို့ သိမ်းသွင်းထား နိုင်သည်မှာမူ ချီးကျူးစရာပင်။

တစ်နေ့တွင် ဒေါ်ပုက တရုတ်ကြီးအား 'ရှင်- ဆွမ်းခံဘုန်းကြီးလဲ ဆွမ်းလောင်းတတ်တယ်။ ဘုရားတက်ပြီး ပန်းဆီမီး

www.burmeseclassic.com



လဲ ကပ်တတ်တယ်။ အလှူအတန်းဆိုတဲ့ ဒါနမှုတော့ ဟုတ်ပြီ။ သီလမှု လိုသေးတယ်။ ဒီနေ့ ဥပုသ်နေ့၊ ဘုန်းကြီးကျောင်း သီလ သွားယူပါလား' ဟု ပြောပြသည်။ တရုတ်ကြီးကလည်း ငြင်းတော့ မငြင်း၊ သူ့အားနည်းချက်ကိုသာ ပြောပြသည်။

"ဝ-မှ မလုပ်တတ်တာ၊ တစ်ခါမှလဲ ဝ-မလုပ်ဖူးဘူး"

"ဩော်-တော့်နှယ်၊ ဘာလုပ်ဖူးစရာလိုလို့လဲ။ ဘုန်းတော်ကြီးက ရှေ့ကဆိုပြတာ သူဆိုသလိုဆို၊ သူလုပ်သလို လိုက်လုပ်ရုံပဲ။ ဘာများခက်တာမှတ်လို့။ ကဲ ငှက်ပျောသီးတစ်ဖီးနဲ့ ဘုန်းကြီးကျောင်း သီလ သွားယူချေ။ တစ်ခြား လူတွေနဲ့လဲ ကျောင်းကျ တွေ့မှာပေါ့"

တရုတ်ကြီးသည် ရေမိုးပါချိုးပြီး ဒေါ်ပုစီစဉ်ပေးသော ငှက်ပျောဖီးဖြင့် ဥပုသ်သီလဆောက်တည်ရန် ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိ၍ လာသည်။ ကျောင်းတွင် ဥပုသ်စောင့်ရန်လာသူ တစ်ဦးမျှ မတွေ့ရပေ။

ဘုန်းတော်ကြီးရှေ့ ရောက်လျှင် ငှက်ပျောသီးဖန်း ချ၍ ဦးချပြီး ထိုင်နေသည်။ သည်အထိ ပုံစံဟုတ်နေ၏။ သို့သော် တရုတ်ကြီးက ဘာစကားမှလည်း မပြော၊ လှူဖွယ် ငှက်ပျောသီးကို ဘုန်းကြီး၏အနီးသို့ တိုးကပ် လှူဒါန်းခြင်းလည်း မပြုသဖြင့် ဘုန်းတော်ကြီးက အမိန့်ရှိသည်။



"ဒကာကြီး ဘာကိစ္စလဲ"

တရုတ်ကြီးကလည်း ပြန်ပြော၏။

"ဒကာကြီး ဘာကိစ္စလဲ"

တရုတ်ကြီးကား သူ့မိန်းမဒေါ်ပု ပြောလိုက်သည့်အတိုင်း သူ၏ ဥပုသ်သီလ ယူခြင်းကို စ, ပေပြီ။ ဘုန်းတော်ကြီးက တရုတ်ကြီး နားမကြားဟု ထင်မှတ်ပြီး အသံမြှင့်၍ ထပ်မိန့်သည်။

"ဒကာကြီး ဘာကိစ္စလျှောက်မှာလဲ၊ လျှောက်လေ"

တရုတ်ကြီးက ဘုန်းကြီးမိန့်သည်အတိုင်း လိုက်ရွတ်သည်။ ဘုန်းတော်ကြီးက ဘာမိန့်မိန့်၊ မိန့်သည့်အတိုင်း လိုက်ရွတ်သည်။ ကြာတော့ ဘုန်းတော်ကြီးမှာ တရုတ်ကြီးအား ရူးနေသည် ထင်မှတ်လာပြီး ကိုရင်တစ်ပါးကို ခေါ်၍ တရုတ်ကြီးအား ခေါ်သွားရန် ပြော၏။

တရုတ်ကြီးကလည်း သူ၏ ဥပုသ်သီလယူခြင်းကိစ္စ မပြီးသေးဟု ထင်မှတ်ကာ ကိုရင်က သူ့အား ထ, ခိုင်းလျှင် သူက ကိုရင်အား အတင်းဆွဲထူ၏။ နောက်ဆုံး ကိုရင်နှင့် တွန်းထိုးလုံးထွေးကာ ကျောင်းပေါ်မှ ဆင်းပြီး ကျောင်းပေါက်ဝ ရောက်သွားသည်။ ကိုရင်က ကျောင်းပေါက်ဝမှ တွန်းထုတ်၍ 'ပြန်တော့' ဟု ဆိုမှ တရုတ်ကြီးသည် သူ၏ သီလယူခြင်းကိစ္စ ပြီးမြောက်ပြီဟု ကိုရင်အား ရှေ့သွားဖေါ်၍ ပြုံးပြနှုတ်ဆက်ကာ ပြန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်သော် မယား ဒေါ်ပုက ဆီးမေး၏။

"ဥပုသ်သီလယူတာ ဘာခက်သတုံး။ ရှင် သီလယူခဲ့ပြီ မဟုတ်လား"

တရုတ်ကြီးမှာ ဘုန်းတော်ကြီး ဆိုသလိုလိုက်ဆို၊ ဘုန်းတော်ကြီး လုပ်သလို လိုက်လုပ်ခဲ့ရပြီး ကိုရင်နှင့်ပါ လုံးထွေးခဲ့ရသဖြင့် မောပန်းနွမ်းနယ်လာခဲ့ပေရာ ထိုအကြောင်း မသိရှာသူ ဒေါ်ပုအား 'မပုရယ် - နင်တို့ ဥပုသ်သီလယူရတာက ခက်တော့ မခက်ပါဘူး။ ဒါပေမယ့် တယ်မောသကိုး' ဟု ပြောလိုက်လေသတည်း။



## လှေနံဓားထစ်

ရှာက မြစ်ကွေ့အင်းကြီးနံဘေးတွင် အလျားလိုက် တည်ထားသဖြင့် ရွာသူရွာသားများမှာ အင်းတစ်ဖက်သို့ လှေကူး၍ စိုက်ပျိုးရေး လုပ်ငန်းများ သွားရောက်လုပ်ကိုင်ရလေသည်။

ရွာသားတစ်ဦးသည် တစ်ညနေ လုပ်ငန်းသိမ်း၍ ရွာဘက်သို့ လှေဖြင့် ပြန်လာသည်။ ရေလယ်အရောက်တွင် လုပ်ငန်းသုံး ဓားမဦး ရွံ့များပေကျံနေသည်ကို သတိရပြီး လှေလှော်ရပ်ကာ ဓားမကိုယူ၍ အင်းရေတွင် ပွတ်သပ်နှစ်ဆေးရင်း ဓားမသည် မတော်တဆနှင့် ရေအောက်ကျသွားလေသည်။ ကျသွားသော ဓားမကို ဆင်း၍ မငုတ်အားသဖြင့် အပိုပါလာသော ကိုင်းခုတ်ဓားကို ယူ၍ ဓားမကျသွားသော နေရာတည့်တည့် လှေနံတွင် ဓားထစ်မှတ်ထားလိုက်ပြီး ရွာဆိပ်ဆီသို့ လှေလှော်၍ ပြန်ခဲ့သည်။

ရွာဆိပ်ရောက်သော် ရေချိုးရင်းနှင့် စောစောက လှေနံတွင် ဓားထစ်မှတ်ထားသော နေရာအောက်တည့်တည့် ရေအောက်တွင် ငုတ်၍ ဓားမကို စမ်းသည်။ နှစ်ခါသုံးခါ ငုပ်၍

www.burmeseclassic.com

www.burmeseclassic.com



ရှာစမ်းသောအခါ ဘယ်သူကျထားသည် မသိရသော တံစဉ်တစ်လက်ကို စမ်းမိကာ ဖော်ယူလာခဲ့သည်။ ရေပေါ်ရောက်လျှင် ထိုသူက လက်ထဲမှ သူ ငုပ်ယူခဲ့သော တံစဉ်ကို ကြည့်၍ 'အင်း တံစဉ် တံစဉ်နဲ့ လက်စသတ်တော့ ဓားမက ရေထဲ မှာ ကြာရင် ချမ်းလို့ကွေးသွားပြီး တံစဉ်ဖြစ်သွားရတာကိုး' ဟု ဆိုမြည်တမ်းလေသတည်း။

ထိုမှစ၍ 'လှေနံဓားထစ် မှတ်မထားရ' ဆိုသည့် စကားပုံဖြစ်ပေါ်လာသည်ဟု မှတ်ယူသော မှတ်နိုင်ပါ၏။



## နည်းမှန်သိမှ နည်းခံပါ

ရှေးအခါက ရွာတစ်ရွာတွင် ရွာဦးဆရာတော်၏ အနီးနေ အလုပ်အကျွေးဘဝဖြင့် စာပေကို ဖြစ်ဖြစ်မြောက်မြောက် မသင်ဖူးရှာသော ကိုယ်တော်တစ်ပါးသည် ဆရာတော်ကြီး ပျံလွန်တော်မူသော် ဆရာတော်၏ ကျောင်းခွဲတစ်ခုတွင် သွားရောက် ကျောင်းထိုင်ရလေသည်။ ကျောင်းတစ်ကျောင်းတွင် ကံကြီးကံငယ်ဆောင်ရန် သိမ်တစ်လုံး ရှိထိုက်သော်လည်း ၄င်းကိုယ်တော် ထိုင်ရသော ကျောင်းတွင် သိမ်မရှိပေ။

သိမ်ဆိုသည်မှာ ရဟန်းတော်များ ကံကြီးကံငယ် ကိစ္စကြုံလျှင် ထိုနေရာဒေသအတွင်း၌သာ ဆောင်ရွက်ရန် သတ်မှတ်လျက် သံဃာဖြင့် သီးခြားသမုတ်၍ ထားရသော အဝန်းအဝိုင်းနေရာကို ဆိုပေသည်။ ထိုသတ်မှတ်ထားသော နေရာအတွင်း ဆောက်လုပ်ထားရှိသော အဆောက်အအုံကို သိမ်ကျောင်းဟု ခေါ်ရပေသည်။ သိမ်မှာလည်း ရေသိမ်, ကုန်းသိမ်ဟု နှစ်မျိုးရှိသည်။ ရေသိမ်ကို သံဃာဖြင့် သမုတ်ရန် မလိုဘဲ ကုန်းသိမ်ကိုမူ သံဃာဖြင့် ကမ္မဝါဖတ်၍ သိမ်သမုတ်ခြင်း ပြုထားမှသာ ဝိနည်းပညတ်ချက်နှင့်အညီအညွတ် အသုံးပြုနိုင်သည်။

www.burmeseclassic.com



တစ်နေ့တွင် ထိုကိုယ်တော်၏ ကျောင်း၌ ပဥ္စင်းခံရှင်ပြု အလှူတစ်ခုရှိ၍ ပင့်ဖိတ်သဖြင့် သံဃာတော်များ ကြွရောက်လာကြသည်။ ကျောင်းထဲတွင် သိမ်မတွေ့၍ ခပ်လှမ်းလှမ်းရှိ ချောင်းထဲ၌ ရေသိမ်ပြုလုပ်ကာ ရဟန်းခံသိမ်ဝင်ခြင်းကိစ္စ ပြုကြရလိမ့်မည်ဟု ပင့်သံဃာအများက မှတ်ထင်ထားကြသည်။

သို့သော် ထိုသို့ကား မဟုတ်ခဲ့။ ကျောင်း၏ နောက်ဘက်ခြံတောအလယ်ရှိ ရှင်းလင်းခင်းကျင်းပြင်ဆင်ထားသော နေရာတွင် သိမ်တက်ရန် စီမံထားသည်ကို နံနက်အချိန်ကျ၍ ပဥ္စင်းခံ သိမ်တက်ရန် သံဃာတော်များအား ထိုနေရာသို့ ပင့်ဆောင်သွားတော့မှ သိရှိကြရသည်။ နယ်နိမိတ်သတ်မှတ်သည့် သိမ်တိုင်ငုတ်လည်း မရှိဘဲ သစ်ပင်ကြီးများလည်း ပေါက်ရောက်လျက်ရှိရာ သင်္ကာမကင်းရှိသော သံဃာတစ်ပါးက ပရိသတ်အကြားတွင် ကောက်ကာငင်ကာ မေးမိသည်တွင် ကျောင်းထိုင်ကိုယ်တော်မှာ အရှက်ကွဲရသည်။

“ဒီနေရာ သိမ်နေရာလား။ သိမ်နိမိတ်တိုင်လဲ မရှိပါလား”

ကျောင်းထိုင်ကိုယ်တော်သည် အမေးမေးလာသော ရဟန်းကိုပင် အရေးထဲမှာ အရာပေါ်ရန်ကောဟု အပြစ်တင်ချင်သွားပုံရသည်။



“ကျောင်းမှ သီးခြား မဆောက်နိုင်ဘဲ သိမ်ရယ်တော့ မဟုတ်ဘူးပေါ့ဘုရား”

“မဟုတ်ဘူးဘုရား။ တပည့်တော်ပြောတာက ကျောင်းဆောက်, မဆောက် အဓိကမဟုတ်ဘူး။ သိမ်သမုတ်တဲ့နေရာဟုတ် မဟုတ် ပြောတာပါဘုရား”

ကျောင်းထိုင်ကိုယ်တော်မှာ စိတ်မရှည်နိုင်ဘဲ ဖြစ်ပုံရလေသည်။ သို့သော် အခြားသံဃာများကပါ ထိုရဟန်းဘက်မှ ထောက်ခံဝိုင်းမေးကြသဖြင့် မရှင်းလင်း၍ကလည်း မဖြစ်။

“မှန်ပါ။ တပည့်တော်တို့ ဆရာတော်ကြီးလဲ ဒီလိုပဲ ချုံတောထဲ ဝင်ပြီး ဥပုသ်သိမ်တက် ကမ္မဝါဖတ်ခဲ့တာပဲ ဘုရား”

သွားပြီ။ ကိုယ့်ဆရာသမားပါ ထိခိုက်ပြီကို ထိုကိုယ်တော်မှာ နားမလည်ရှာ။

တကယ်က ထိုကိုယ်တော်၏ ဆရာတော်ကြီးမှာ သိမ်သမုတ်ထားပြီး ကျောင်းမဆောက်ဖြစ်ဘဲ ချုံပင်နှင့် မြက်ပင်များ ပေါက်ရောက်လျက်ရှိသော သိမ်မြေနေရာတွင် ကံကြီးကံငယ်ကိစ္စများ ဆောင်ရွက်ခဲ့သည်ကို လွှန်စာထစ် အမှတ်အသား ပြုပြီးအခြားနေရာတွင်လည်း ထိုကဲ့သို့ပြု၍ ရမည်ထင်နေခြင်း ကြောင့် ဖြစ်ကြောင်း သံဃာများ သဘောပေါက်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိနည်းမသင်ဖူး၍ မသိနားမလည်သော ညီငယ်တစ်ဦးပမာ ထိုကိုယ်တော်အား သနား၍ပင် သွားကြ၏။

ပင့်သံဃာများက ထိုကိုယ်တော်အား လောလောဆယ် အကြမ်းဖျင်း နားလည်အောင် ရှင်းပြပြီး ချောင်းထဲတွင် လှေနှစ်စင်းဆက်၍ ရေ သိမ်ပြုလုပ်စေကာ ရဟန်းခံခြင်းကိစ္စ ပြီးဆုံးသည်အထိ ပြုလုပ်ပေးလိုက်ရလေသည်။ ဆရာဥပဇ္ဈာယ်၏နည်းကို အတုယူသည်ကား မှန်ပါ၏။ သို့သော် မမှတ်သင့်ဘဲ နည်းမှန်သိမှ နည်းခံသင့်ကြောင်း နှစ်သိမ့်ပြောဆိုဆုံးမကြလေ၏။



## ဘုန်းကြီးပင့်

လူများအား 'ထမင်းစားကြွပါ' 'ထမင်းသုံးဆောင်ကြွပါ' ဟု ဖိတ်မံလျှင် လျှော်ကန်၍ ယဉ်ကျေးသိမ်မွေ့၏။ သို့သော် ရဟန်းသံဃာတော် တစ်ပါးအား ထိုကဲ့သို့ ပင့်ဖိတ်လျှင်မူ မလျော်ပတ် မယဉ်ကျေးတော့ပေ။ ထိုမျှမက ယင်းသို့ ပင့်ဖိတ်ခံရသော ဆွမ်းကို ဘုဉ်းပေးခဲ့ပါက ဝိနည်းတော်အရ အပြစ်ထိုက်သင့်ပေတော့သည်။

ယာဝကာလိကပစ္စည်း၊ တာဝကာလိကပစ္စည်း၊ ယာဝဇီဝိကပစ္စည်း စသည်တို့၌လည်း အရာဌာနအလိုက် ဝိနည်းစည်းကမ်းဖြင့် အကပ်ခံသုံးဆောင်ရပေသည်။ ဆေးအဖြစ်ဖြင့် သွားတိုက်ရန် ထားရှိသော ဆားကို ယာဝဇီဝိကအဖြစ် တစ်ခါ အကပ်ခံရုံနှင့် ဆက်၍ သုံးဆောင်ကောင်းသော်လည်း ထိုဆားကို အစားအသောက်တွင် ထည့်သုံးဆောင်သော် ဝိနည်းပြစ်မလွတ်တတ်ပေ။ အာမိသဘောဇဉ်ကို အကပ်မြောက်အင်္ဂါနှင့် အညီအညွတ်ကပ်ပါမှ ဘုဉ်းပေးသုံးဆောင်ထိုက်သည်လည်း ရှိပြန်၏။ တစ်ဖန် ကပ္ပိယအား 'ကပ္ပိ' စေပြီးမှ သုံးဆောင်ထိုက်

www.burmeseclassic.com



သည့် ကြက်သွန်, နံနံပင် စသည့် ဗီဇဂါမ်, ဘူတဂါမ်ကဲ့သို့သော ဝတ္ထုပစ္စည်းများလည်း ရှိသေး၏။ ဘုဉ်းပေးနေစဉ် ဆွမ်း, ဆွမ်းဟင်းများကို မိမိအတွက် တောင်းယူလျှင် မအပ်သလို 'တန်ပြီ' ဟု တားမြစ်ပြီးပါလျက် ထပ်မံထည့်၍ ဘုဉ်းပေး ခြင်းကိုလည်း ဝိနည်းတော်က ခွင့်မပြုပေ။

ဤသို့ စသည်ဖြင့် ရဟန်းသံဃာတို့အား ဝိနည်းတော်နှင့် လျော်ညီစွာ ဆက်ဆံပြောဆို လျှောက်ထားသမှု ပြုခြင်းဖြင့် ရဟန်းတော်များမှာလည်း ဝိနည်းပြစ်မှ လွတ်ကင်းကာ မိမိတို့အတွက်လည်း ကောင်းမှုအကျိုး မှန်ကန်ပြည့်စုံမည် ဖြစ်ပါသည်။ တစ်ချို့လူငယ်လူရွယ်များသည် ရဟန်းသံဃာများနှင့် စကားအပြောအဆို မတတ်ခြင်းကို ဂုဏ်ယူသလို ပြုမူနေတတ်ကြရာ သာသနာ့အဆုံးအမနှင့် လမ်းခော်မသွားကြစေရန် မိဘတို့က အမွေအနှစ်ကို သွန်သင်ထိန်းသိမ်း ပေးအပ်ပေ၏။

တစ်ခါက သာအေးတစ်ယောက် ဘုန်းကြီးအပင့် မတတ်သဖြင့် သူကြီး ဦးညို အခက်ကြုံဖူး၏။

သူကြီး ဦးညိုဆိုလျှင် ကျေးရွာအုပ်စု တိုက်နယ်အတွင်း မသိသူရှားလှ၏။ တစ်ခါသော် သူကြီးကတော်သည် မကျန်းမမာဖြစ်ကာ စိတ်လက်မကြည်သာ ဖြစ်၍နေသဖြင့် ရွာဦးကျောင်း ဆရာတော်အား ဆွမ်းပင့်ကပ်ရန် စီစဉ်လေသည်။ သူကြီးကိုယ်



တိုင် ကျောင်းသို့ သွားရောက်လျှောက်ထားရန် ဖြစ်သော်လည်း ထိုနေ့တွင်မှ သူကြီးမှာ အခွန်အကောက်ကိစ္စနှင့် မြို့မှ ရောက်လာသော လယ်ခွန်မှူးနောက် တစ်နေကုန် လိုက်ရမည်ဖြစ်နေရာ သူကြီး၏ တပည့်ရင်း သာအေးကို ခေါ်၍ ဆရာတော်အား ဆွမ်းစားပင့်လျှောက်ထားရန် စေခိုင်းခဲ့ရလေသည်။

သာအေးသည် သူကြီးစေခိုင်းသဖြင့် ဆွမ်းစားပင့်ရန် ဆရာတော်ကျောင်းသို့ ရောက်ရှိသွားသည်။ နေ့ဆွမ်းစားပြီး၍ အချိုပွဲဘုဉ်းပေးနေသော ဆရာတော်အား ဦးချ၍ သာအေးက လျှောက်၏။

"ဆရာတော် နက်ဖြန် အားလားဘုရား"

"ဟ သာအေးရ၊ တို့ဘုန်းကြီးများ မအားတယ်ရယ်လို့ ဘယ်ရှိပါ့မတုန်းကွယ်"

သာအေး မေးလျှောက်သည်ကို ဆရာတော်က ရိုးရိုးပင် ဖြေကြားလိုက်သည်။ ဆရာတော် အမိန့်ရှိသော စကားနှင့်တစ်ဆက်တည်း သာအေးက လိုရင်းလျှောက်၏။

"ဒါဆို- သူကြီးဆွမ်းကပ်နဲ့ အတော်ပဲဘုရား"

သာအေးသည် ဆရာတော်အား ထိုမျှသာ လျှောက်ထားပြီး ဦးချကာ ထ, ပြန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက်ရောက်သော် သူကြီးမှာလည်း အားပြီဖြစ်၍ ဆွမ်းဆွမ်းဟင်း ချက်ပြုတ်မှုတွင် အာရုံစိုက်ကာ ထောင့်စေ့အောင်စီမံနေရသည်။ အခြားတစ်ဖက်မှ ရပ်ရွာ ကိစ္စဝိစ္စများကိုလည်းဖြေရှင်းပေးရသေးသည် ဖြစ်ရာ ဆရာတော်အား သာအေးပင့်ပြီးသည်နှင့် လုံလောက်ပြီ-ဟု လွယ်လွယ်ပင် သဘောထားလိုက်သည်။

ဆရာတော် ကြွလာနိုး ကြွလာနိုးနှင့် နံနက် ၁၀-နာရီကျော်သည်အထိ ကြွမလာပေ။ မကြာမီ ၁၀-နာရီခွဲလျှင် ကျောင်းမှဆွမ်းစားကြေးစည်ပင် ထုတော့မည်။ ဆွမ်းကပ်အလှူသို့ပင့်ဖိတ်ထားသော သက်ကြီးရွယ်အိုအချို့ပင် ရောက်ရှိ၍စုံသလောက် ဖြစ်နေပြီ။

ဆွမ်းဒါယကာသူကြီး ဂဏာမငြိမ်တော့။ ဆရာတော်အား မနေ့က အသေအချာ ပင့်ထားပါသည် ဟူသော သာအေး၏ အပြောနှင့် စိတ်မချတော့ဘဲ ရွာဦးကျောင်းဆီသို့ သူကြီးကိုယ်တိုင် သုတ်ခြေတင်ရတော့သည်။ တော်ပါသေး၏။ ဆွမ်းစားကြေးစည် ထုခါနီး ဆွမ်းစားပွဲကို အကပ်ခံနေစဉ် ရွာဦးကျောင်းသို့ သူကြီးရောက် သွား၏။

"ဆရာတော်ဘုရား၊-- တပည့်တော်အိမ် ဆွမ်းကပ်လေဘုရား။ မနေ့က သာအေးလာပင့်တာ သတိတိမ်းသွားသလားလို့



ဘုရား။ သည်းခံပါဘုရား။ တပည့်တော် ရွာတွေလှည့်နေရလို့ပါဘုရား"

ဆရာတော်က စဉ်းစားပြီး အမိန့်ရှိ၏။

"ဟေ ဒကာကြီး သာအေးက ဆွမ်းစား မပင့်ပါလား။ ဆရာတော် မနက်ဖြန် အားလားတဲ့။ တို့ဘုန်းကြီးများ မအားတယ်လို့ ဘယ်ရှိပါ့မတုံး- လို့ ပြန်ပြောတော့ မနက်ဖြန် သူကြီးဆွမ်းကပ်နဲ့ အတော်ပဲဘုရား ဆိုပြီး ပြန်သွားတာပဲ ဒကာကြီးရဲ့"

ဆရာတော် အမိန့်ရှိသောစကားကြားမှ ရှင်းတော့၏။

သာအေး အမိုက်အမဲမို့ အပြစ်မယူဖို့ လျှောက်ထားပြီး သူကြီးသည် ဆရာတော်အား စောင့်၍ ကိုယ်တိုင်ပင့်ခဲ့ရလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## မသာရထား

ရှေးအခါက ကန်ရေစပ်တွင် ရေကသိုဏ်းရှုလျက် ကမ္မဋ္ဌာန်းစီးဖြန်းနေသော ရသေ့သူတော်စင် တစ်ဦးသည် ဖြစ်ပျက်ကို ရှုသော ဥဒယဗ္ဗယဉာဏ်အတွက် 'ဥဒယဗ္ဗယ' ပုဒ်ကို နှုတ်မှ ရွတ်ဆိုကာ ဝိပဿနာရှု၍ နေသည်။ ကြာသော် ကမ္မဋ္ဌာန်းမှ ငြီးငွေ့လာပြီး နှုတ်မှ ရွတ်ဆိုမှုလည်း လွဲချော်ကာ ရေကန်ထဲရှိ ဗေ (ဥဒက) နှင့် ကန်စပ်မှ ဗျိုင်း (ဝက)တို့ကို စိတ်စွဲ၍ ဥဒကဝက (ရေဗျိုင်း) ဟု ဖြစ်သွားသည်။ ထိုအတိုင်း အသံ ထွက်လိုက်ပြီး ပုဒ်ပါဌ်ပါ အမှားဖြင့် ဆက်လက်၍ တရားအား ထုတ်ရာ တရားမရဘဲ ရှိခဲ့ဖူးလေသည်။

တောရွာများတွင် စိုက်ပျိုးရေးလုပ်ငန်းနားချိန် မြို့ရပ်သို့ တက်၍ လက်သမားအလုပ် ယာယီဝင်လုပ်နေသော တောသား တစ်စုသည် တစ်နေ့တာ လုပ်ငန်းသိမ်း၍ တည်းခိုအိမ်သို့ အပြန် လမ်းတွင် ဆိုင်းဘုတ်တစ်ခု တွေ့ကြသည်။ သုံးထပ်သစ်သားပြား အဟောင်းတစ်ခုပေါ်တွင် စာလုံးများကို ထုံးဖြင့် ဖြစ်သလို ရေး ထားသည်။



မသာရ

ထားငှား

သည်။

တောသားများထဲမှ တစ်ဦးသည် စာကိုဖတ်၍ အပြောင် အပြက်ဖြင့် ပြောသည်။

"မသာရ တစ်ယောက်လဲ မား (ထား) ငှားစားနေရပါပ တောလား၊ ဩော် ကျွတ်--- ကျွတ်--- "

ထား, ဒါး, မားဟု သတ်ပုံအရေးအသားသည် တစ်ချိန် တ မိမိတို့သန်သလို ရေးသားခဲ့ကြဖူး၏။ ခေတ်ရေစီးကြောင်း အလိုက် သတ်ပုံတို့၏ အပြောင်းအလဲသည်လည်း မမြဲတတ်ပေ။

ပထမတောသား၏ စကားကို နောက်တောသား တစ် ယောက်ကလည်း ထပ်ဖြည့်ထောက်ခံသည်။

"အေးလကွာ- တို့တောမှာများ မားလေးလောက်များ ကောငှားသုံးတာ ပိုက်ဆံပေးရိုးထုံးစံမှ မဟုတ်ဘဲ"

အမှန်မှာ ထိုတောသားများသည် မြို့တွင် သူစိမ်းများ ဖြစ်နေကာ သူတို့သည် သုသာန်နှင့် မနီးမဝေးလမ်းမှ ဖြတ် သွားနေသည်ကို မသိရှာကြပေ။ အသုဘချရန် အသုံးပြုသည့် ဓိတ္တာန်ယာဉ် (မသာရထား) ငှားနိုင်ကြောင်း ရေးသားထားသော ဆိုင်းဘုတ်စာမှာလည်း မဖြတ်ရမည့်နေရာတွင် ဖြတ်ကာ အဖြတ်


www.burmeseclassic.com

www.burmeseclassic.com



အတောက် မမှန်ကန်ဘဲ ရှိသည်ကို တောသားများလည်း မသိ ထိုစာရေးသူ နိဗ္ဗာန်ယာဉ်သမားလည်း သိဟန်မတူပေ။

-----॥-----



## ဆေးစာနှင့် တေးစာ

ရှေးအခါက ဘုန်းကြီးလူထွက်တစ်ဦးသည် ရဟန်းဘဝက ဝါသနာပါ ဆည်းပူးခဲ့သော ဗိန္ဓောဆေး အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက် ရှိ၏။ ထိုသူသည် ကဗျာလင်္ကာ စာတိုပေစ အရေးအစပ်ကိုလည်း ဝါသနာပါလေရာ မြစ်ဝကျွန်းပေါ်မြို့တစ်မြို့ ဆင်ခြေဖုံးရပ်ကွက်တွင် ဗိန္ဓောဆေးဆရာ အနေဖြင့်သာမက တေးရေးစာဆိုတစ်ဦးအဖြစ်ပါ လူအတော်များများ သိရှိကြလေသည်။

တစ်နေ့တွင် ရောဂါသည်မိန်းမတစ်ဦးသည် ဆေးဆရာအား လမ်းကြုံဆေးတောင်းသည်။ ဆေးဆရာသည် ထိုမိန်းမ၏ ရောဂါဇစ်မြစ် မေးစမ်း၍ သင့်လျော်သည့် ဆေးချက်ကို ပေး၏။ ဆေးချက်ပေးခြင်းဆိုသည်မှာ ဆေးပေးခြင်းမဟုတ်။ ရောဂါအမြစ်ပြတ်သည်အထိ ဆေးတစ်ဖုံဖော်၍ စားပါမှ ရောဂါပျောက်မည်ဖြစ်၍ ဆေးဖော်စားရန် ဆေးစာရေးပေးခြင်း ဖြစ်သည်။ လူနာက ထိုဆေးကို ပရဆေးဆိုင်တွင် ဆေးမယ်များ ဝယ်ယူကာ ဖော်စပ်၍ စားသုံးရခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြုံဖြစ်၍ ဆေးဆရာတွင် ဆေးစာရေးရန် စာရွက်ကလည်းမပါပေ။ ဆေးအမယ်များကို ဆေးကျမ်းနှင့်တိုက်ဆိုင်ကြည့်ရန်လည်း လိုအပ်သေးသဖြင့် ရောဂါသည် မိန်းမအား ဆေးစာကို ညနေတွင် အိမ်သို့ လာရောက်ယူရန် မှာကြားခဲ့ကာ နေအိမ်သို့ ပြန်ခဲ့သည်။

ဆေးဆရာ အိမ်ပြန်ရောက်သော် အိမ်တွင် ဇာတ်မင်းသားတစ်ဦး ရောက်နှင့်နေသည်။ ယခုည ရွာဘုရားပွဲ ကပြရာတွင် သီဆိုရန်အတွက် အရပ်ဒေသနှင့် လိုက်ဖက်သည့် ရှုမြင်ကွင်းကို ဖော်ကျူးဖွဲ့နွဲ့ထားသည့် လေးဆစ်ချိုးတစ်ပုဒ် ရေးစပ်ပေးရန် လာရောက်အပ်နှံခြင်း ဖြစ်သည်။ ဇာတ်မင်းသားအားလည်း လေးဆစ်တွင် ပါဝင်စေချင်သည့် အကြောင်းအရာအချို့ကို မေးမြန်းထားလိုက်ပြီး ညနေတွင်မှ လာရောက်ယူပင်ရန်မှာကြား၍ ပြန်လွှတ်လိုက်သည်။

ညနေ ရောက်ပါပြီ။ တစ်ခြားရပ်ကွက်တစ်ခုမှ ရောဂါသည်တစ်ဦးက ဆေးဆရာအား လာရောက်ပင့်ခေါ် သွားသည်။ ဆေးဆရာလည်း သူ၏အိမ်ရှင်မဖြစ်သူ ဆရာကတော်အား အတိုအရှည် စာရွက်နှစ်ရွက်ပေး၍ မှာကြားထားခဲ့၏။ အတိုစာရွက်မှာ ဆေးစာဖြစ်ပြီး ရောဂါသည်မိန်းမလာလျှင် ပေးရန်ဖြစ်သည်။ အရှည်စာရွက်ကမူ လေးဆစ်ချိုးတေးချင်း ဖြစ်၍ ဇာတ်မင်းသားအားပေးရန် ဖြစ်သည်။



ဆေးဆရာ အိမ်မှထွက်ခွာသွား၍ မကြာမြင့်မီပင် ရောဂါသည်မိန်းမနှင့် ဇာတ်မင်းသားတို့မှာ မရှေးမနှောင်းပင် ရောက်လာကြသည်။ ဆေးဆရာကတော်သည် ဘုရားစင်ပေါ်တွင် သူ့ခင်ပွန်းတင်ထားခဲ့သော စာနှစ်ရွက်ကိုယူ၍ ရောဂါသည်မိန်းမနှင့် ဇာတ်မင်းသားတို့အား တစ်ရွက်စီပေးလိုက်လေသည်။ ဇာတ်မင်းသားအား စာတို၊ ရောဂါသည်မိန်းမအား စာရှည်။

ရောဂါသည်မိန်းမမှူ ရောဂါ ပျောက် မပျောက်အသာထားဦး၊ ဆေးဖော်၍ ရ-မရပင်မသိ။ ဇာတ်မင်းသားကား ထိုညဘုရားပွဲတွင် ဆေးဆရာရေးစပ်ပေးသည့် လေးဆစ်ချိုးတေးချင်းအသစ်ကို စိတ်ပါလက်ပါနှင့် ခုနစ်သံချီ ဟစ်ပါလေတော့သည်။ ထို တေးချင်းက ဒုတိယတစ်ကြိမ်ပင် ထပ်မံ၍ မြို့မေတ္တာခံယူခဲ့ရသေးသည်။

မြစ်ဝကျွန်းပေါ် ဒေသတွင် မြင်တွေ့ရသည့် မြင်ကွင်းခံစားမှုက သီချင်းထဲတွင် ထင်ထင်လင်းလင်း ပေါ်လွင်နေသည်။ မြစ်အတွင်း လေညင်းကလေးက ထန်နေ၏။ မြစ်ရေတိုးချိန် တောင်ယံတခိုဆီမှ ခိုးမင်မည်းမှောင်ကာ မိုးသားများ ကျူးချီတက်လာပုံ မြင်ယောင်ထင်ယောင်လာစေ၏။

မင်းသားသီဆိုသော လေးဆစ်ချိုးတေးချင်းမှာ ဤသို့ဖြစ်၏။

www.burmeseclassic.com



လေညှင်းထန်း၊
မြစ်ယံကတိုး။

ရှိန်းခိုး တောင်ကြာဦး၊
ကျူးဆင်ချိုမိုး။

အမှန်စင်စစ်ကား တေးစာနှင့်ဆေးစာ စာရွက်မှားပေးလိုက်မိသည်ကို ဆေးဆရာကတော်လည်း မသိ။ ရောဂါသည် မိန်းမလည်း မသိ။ ဇာတ်မင်းသားလည်း မသိ။ မသိ-မသိ။

ဆေးဆရာသည် ရောဂါသည် မိန်းမအား အမှုစီစု၍ ဆေးဖော်ရမည့် ပရဆေး အမယ်များကို ရေးပေးထားခြင်းဖြစ်၏။ ထိုဆေးစာက မင်းသားလက်ထဲသို့ ရောက်ရှိပြီး ကျက်မှတ်၍ တေးသီချင်းလုပ် သီဆိုခဲ့ခြင်းပေတည်း။

ဆေးမယ်ရှစ်မျိုးကား-

(၁) လေးညှင်း၊
(၂) ထန်းမြစ်၊
(၃) ယမ်း၊
(၄) ကတိုး၊
(၅) ရှိန်းခိုး၊
(၆) တောင်ကြာဥ၊
(၇) ကျူ
(၈) ဆင်ချေးမှို-တို့ ဖြစ်သတည်း။



အဟမ်-ကို အံမှတည်

www.burmeseclassic.com

www.burmeseclassic.com

## အဟာမ်းကို အံမှတည်

သိက္ခာ ၄-ဝါ စာမေးပွဲပထမကြီးတန်းဖြင့် ရဟန်းဘဝတွင် မပျော်ပိုက်တော့ဘဲ လူဝတ်လဲပြီးစ ပဥ္စင်းလူထွက်တစ်ဦးသည် စာသင်သားဘဝက သိရှိခဲ့သော ဘုန်းတော်ကြီးတစ်ပါး၏ ကျောင်းတွင် ခိုကပ်နေထိုင်ရင်း မြို့ရပ်တွင် အလုပ်တစ်ခုရရှိရေး အပူတပြင်း ရှာဖွေလျက် ရှိလေသည်။ ကျောင်းသို့ အဝင်အထွက်များသော ဘုန်းကြီး၏ ဒါယကာတစ်ဦးမှာလည်း ကျောင်းဘုန်းကြီးပြောပြ၍ ပဥ္စင်းလူထွက်အပေါ် သနားငဲ့ညှာသည့် အလျောက် အလုပ်အကိုင် ရရှိရေး ကူညီရှာဖွေပေးလျက် ရှိလေသည်။

တစ်နေ့တွင် ပွဲရုံတစ်ခု၌ အလုပ်အကိုင် ရရှိတော့မည်ဟု မိတ်ဆွေဒါယကာက ညနေဘက်တွင် လာရောက်ခေါ်ငင်သဖြင့် ပဥ္စင်းလူထွက်မှာ ဝမ်းသာပျော်ရွှင်ပြီး လိုက်ပါသွားလေ၏။ ပွဲရုံရောက်သော် ကုန်သည်ကြီးမှာ တစ်နေ့တာ ငွေစာရင်းချုပ်နှင့် ခေါင်းမဖော်အားနိုင်ဘဲရှိရာ ဧည့်ခန်းတွင်ထိုင်၍ စောင့်နေကြရပြီး စာရင်းအင်းလုပ်ပြီးမှ ကုန်သည်ကြီးနှင့် တွေ့ဆုံ စကားပြောခွင့်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com





အာလာပသလ္လာပစကား ပြောဆိုကြပြီးနောက် ကုန်သည်ကြီးက ပြောပြသည်မှာ နှစ်ပေါင်း ၂၀-ကျော် အတွေ့အကြုံအရ တစ်နေ့ တခြား လူရိုးရှားလာကြောင်း လူလိမ်လူပေါ်တွေသာ များပြီး ထိုသူများမှာလည်း နောက်ဆုံးတွင် ပျက်စီးသွားတတ်ကြကြောင်း၊ ရိုးသားမှုမှာကား ဓာတ်ခံ ဗီဇနှင့်ပါ သက်ဆိုင်သဖြင့် ဝယ်ယူ၍လည်းမရ၊ သင်ပေး၍လည်းမရနိုင်ကြောင်းဖြင့် ပြောပြလေသည်။

ပဥ္စင်းလူထွက်၏ မိတ်ဆွေဒါယကာက ပဥ္စင်းလူထွက်မှာ နာမည်ကြီးစာသင်တိုက်တွင် ပရိယတ်စာပေများ သင်ယူခဲ့ပြီး ပထမကြီးတန်းသို့ပင် ရောက်ရှိကာ ရဟန်းဘဝတွင် မပျော်ပိုက်တော့ဘဲ သန့်သန့်ရှင်းရှင်း လူထွက်လာခဲ့သူဖြစ်ကြောင်း၊ သူတော်ကောင်းတရား စာပေများ သင်ယူလေ့လာထားသဖြင့် ကျေးဇူးတရားသိတတ်သူဖြစ်ပြီး ရိုးသားမှုနှင့် ပတ်သက်၍လည်း စိတ်ချယုံကြည်နိုင်ပါကြောင်း ကုန်သည်ကြီး လက်ခံချင်လာအောင် ပြောပြလေ၏။

မိတ်ဆွေဒါယကာ ပြောစကားကို ကုန်သည်ကြီးက ပြုံးပြုံးပြုံးပြုံးနှင့် ခေါင်းတညိတ်ညိတ် နားထောင်နေသည်ကိုတွေ့ရသော် ပဥ္စင်းလူထွက်သည် လုပ်ငန်းကိုင်ငန်းအတွက် အဆင်ပြေလောက်ပြီဟု စိတ်မှန်းတွက်ဖြင့် ဝမ်းသာအားတက်ကာ နေတော့သည်။ မိတ်ဆွေဒါယကာ၏ စကားဆုံးသော် ကုန်သည်ကြီးသည် ပဥ္စင်းလူထွက်အား သည်မျှ ပရိယတ်စာပေတွေ သင်ကြားမြိုးမှ လူထွက်ရလေခြင်းဟု သာသနာတော်အတွက် နှမြောတသစိတ်ဖြင့် လည်းကောင်း၊ မိမိလုပ်ငန်းအတွက် စိတ်ချယုံကြည်မှု ထားနိုင်သည်ဟူသော ကျေနပ်မှုဖြင့် လည်းကောင်း ပဥ္စင်းလူထွက်အား ရင်းနှီးစွာ ပြုံးပြလေရာ ပဥ္စင်းလူထွက်ကလည်း ပြန်၍ပြုံးပြလိုက်လေ၏။

"နာမည်လဲ မသိရသေးဘူး။ မောင်ပဥ္စင်းနာမည် ဘယ့်နှယ်ခေါ်တုံး"

'ဟုတ်ကဲ့ ဒကာကြီး၊ အဲလေ-ဟုတ်ကဲ့ ဦးလေးကြီးခင်ဗျား။ ကျွန်တော့်ငယ်နာမည်က မောင်ဖိုးထင်ပါ။ ကိုရင်ဝတ်ပြော့ ကိုရင်ပညာသာမိ၊ နောက် ဦးပညာသာမိ။ ခုတော့ မောင်ဖြိုးစည်အောင် ဖြစ်နေတယ်။ မှတ်ပုံတင် လုပ်ပေးတဲ့သူက ငယ်နာမည် မကောင်းဘူးဆိုပြီး သူ့ဘာသာ ပြင်ထည့်လိုက်တာ"

ကုန်သည်ကြီးက ဒုတိယမ္ပိပြုံး၏။

"ကဲ-မောင်ဖိုးထင်ပဲ ခေါ်ရမလား၊ မောင်ဖြိုးစည်အောင်ပဲခေါ်ရမလား။ နာမည်ဆိုတာကတော့ ပညတ်သဘောပဲ။ မောင်ပဥ္စင်းခေါ်လည်း ရတာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ပဌင်းလူထွက်၏စိတ်ထဲတွင် ခေတ်ဆန်သော မောင်ဖြိုးစည်အောင်ကို နာမည်တွင်စေချင်သော်လည်း ကုန်သည်ကြီးအား အလိုက်အထိုက်သဘောနှင့် ခေါင်းညိတ်ပြလိုက်၏။

"ပွဲရုံလုပ်ငန်းလုပ်မယ်ဆိုရင် ပွဲရုံလုပ်ငန်းနှင့်ပတ်သက်တာတွေတော့ သိထားမှဖြစ်မယ်နော်။ ကဲ မောင်ပဌင်း ကတ္တား သိလား၊ ကတ္တားဆိုတာ ဘယ်လိုဟာလဲ"

ပါဠိသဒ္ဒါသင်ထားသော ပဌင်းလူထွက်ကို ကတ္တားပုဒ်အကြောင်း လာမေးလို့ကတော့ အာဂုံရပြီးသားမို့ ကောက်ရွတ်လိုက်ရုံသာ ရှိတော့မည်ပေါ့။ ပဌင်းလူထွက်သည် နှုတ်တက်အာဂုံရထားပြီးကဲ့သို့ သွက်သွက်လက်လက်ပင် ကောက်ရွတ်ပြလိုက်သည်။

"ကတ္တားဆိုသည်မှာ ပြုခြင်းကိရိယာကိုပြုသူ ကာယကံသည် ကတ္တားမည်၏။ ဝါကျတစ်ကြောင်းတွင် ကံ၊ကတ္တား၊ကြိယာဟုရှိရာ ကတ္တားသည် မပါမပြီးသော ပုဒ်တစ်ပုဒ်ဖြစ်ပါသည်"

"အို"

ကုန်သည်ကြီး၏နှုတ်မှ အာမေဍိတ်သံလိုလို ထွက်လာသည်။ ကုန်သည်ကြီးမေးသော ကတ္တားမှာ ပွဲရုံသုံး ကုန်ချိန်ကိရိယာအကြီးစား ဖြစ်ပါလျက် ပဌင်းလူထွက်က သူသိထားသောသဒ္ဒါဆိုင်ရာ ကတ္တားပုဒ်အကြောင်း ဖြေဆိုသဖြင့် အံ့သြတွေဝေသွားခြင်းလည်း ဖြစ်နိုင်ပေသည်။



ပဌင်းလူထွက်ကမူ ကုန်သည်ကြီး၏ 'အို'မှာ သူ့အား သဒ္ဒါဆိုင်ရာ မေးခွန်းအသစ် ထပ်မေးသည်ဟု ထင်လေသည်။

"အို-ဟူ၍ အနက်ပေးသောကြောင့် အာလုပ်အနက်ကို အလိုရှိရကား ပရသမညာပယောဂေ ဟူသော သုတ်ဖြင့် အာလုပ်အမည်မှည့်။ အာလပနေ စ-ဟူသော သုတ်ဖြင့် အာလုပ်အနက်လွန်သော လိင်အနက်ကို ဟောကာမျှတည်းသော သဒ္ဒါ၌ ပထမာဝိဘတ် ဧကဝုစ်(သိ)သက်"

ကုန်သည်ကြီးကား ပြုံးရယ်လေ၏။ ပဌင်းလူထွက်၏ စိတ်ဆွေမှု ပြုံးရုံမက အူပါနှိပ်နေလေသည်။ အူနှိပ်ရင်းမှ သူ့ကိုယ်တော်ချောအား နားလည်မှုလမ်းကြောင်း ဖြောင့်ပေးရန်အတွက်ချောင်းရှင်း၍ အားယူ၏။ ချောင်းသံက တံတွေးသီးလျှက် မပီမသထွက်လာသည်။

"အဟမ်"

"အဟံ-ကားဥဒါဟရုဏ်မည်၏။ ပုရသမညာပယောဂေ ဟူသောသုတ်ဖြင့် လိင်အမည်မှည့်။ ဇိနဝစနယုတ္တံဟိ-ဟူသော သုတ်ကိုလိုက်စေ၍ လိင်္ဂဥ္စ နိပ္ပဇ္ဇတေ-ဟူသော သုတ်ဖြင့် မြတ်စွာဘုရားပါဠိတော်အား လျောက်ပတ်စွာ အံမှ-လိင်တည်။ သည်- ဟူ၍ အနက်ပေးသောကြောင့် လိင်အနက်ကို အလိုရှိရကား လိင်္ဂတ္ထေ ပဌမာ-ဟူသောသုတ်ဖြင့် လိင်အနက်ကို ဟော

www.burmeseclassic.com

www.burmeseclassic.com



ကာမျှတည်းသော သဒ္ဒါ၌ ပထမာဝိဘတ် ဧကဝုစ်(သိ) သက်။ တွမဟံ သိမှိ စ-ဟူသော သုတ်ဖြင့် နောက်သိဝိဘတ် နှောင်းသောကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော အံမှ-သဒ္ဒါကို အဟံ-ပြု။ အဟံ-ဟူသော ဥဒါဟရုဏ်ရုပ်သည် မြတ်စွာဘုရား၏ ပါဠိတော်အား လျှောက်ပတ်စွာ ပြီး၏"

ကုန်သည်ကြီးသည် အုလိုက်သည်းလိုက် ရယ်မောရသဖြင့် ပွဲရုံလုပ်ငန်းတွင် တစ်နေ့တာ ပင်ပန်းနွမ်းနယ်ထားရသမျှ ပြေပျောက်သွား၍ ပဥ္စင်းလူထွက်အား ခင်မင်ကြင်နာသွားလေ၏။


ကုန်သည်ကြီးကား ကုန်သည်ပွဲစားပေါင်းများစွာ တပည့်လက်သားပေါင်းများစွာနှင့် ဆက်ဆံခဲ့ဖူးပေပြီ။ မည်သည့် ကုန်ပစ္စည်းမျိုးမဆို ငွေကြေးဖြင့် ဈေးပိုပေးက ရနိုင်၏။ မည်သူကိုမဆို ပိုက်ဆံငွေကြေးဖြင့် မိမိအလိုသို့ စည်းရုံးသိမ်းသွင်း လုပ်ဆောင်စေက ရနိုင်ပေ၏။ အတွေ့အကြုံအရ လူတစ်ဦး၏ ပင်ကိုရိုးသားမှုကိုကား ငွေကြေးပေး၍လည်း မရခဲ့။ စည်းရုံးသင်ကြားယူ၍လည်း မရခဲ့။

ဤသို့ဖြင့် လူတစ်ဦး၏ ရိုးသားမှုဂုဏ်သိက္ခာ ငတ်မွတ်လျက်ရှိသော ကုန်သည်ကြီးမှာ ပဥ္စင်းလူထွက်၏ ရိုးသားမှု သွတ်လက်မှုကို သဘောကျနှစ်ခြိုက်ကာ အလုပ်လက်ခံလိုက်လေ၏။



ပဥ္စင်းလူထွက်အဖို့လည်း သဒ္ဒါရုပ်တွက် သုံးခုဖြင့် အလုပ်ဝင်အင်တာဗျူးကို ချောမောစွာ ဖြေဆို အောင်မြင်သွား ခဲ့လေသတည်း။

------။------



www.burmeseclassic.com

www.burmeseclassic.com

# စဉ်းစားသူ

သိက္ခာဝါအတန်ရရှိပြီးမှ သာသနာတော် မပျော်ပိုက်၍ လူထွက်ခဲ့သော လူပြန်တော်တစ်ဦးအား မိဘဆွေမျိုးများက ရွာရှိ အပျိုကြီးတစ်ဦးနှင့် စပ်ဟပ်ပေးစားသဖြင့် အိမ်ထောင်ကျ၍ သွားခဲ့၏။ သားသမီးနှစ်ယောက် ထွန်းကားခဲ့သည်အထိ အတူနေကြပြီးသော်လည်း အသက်ကြီးခါမှ တစ်ဦးနှင့်တစ်ဦး စကားပြောအင်ပါက်အလမ်း တည့်လှသည်မရှိပေ။ ဗေဒင်အလိုအရ တနင်္ဂနွေနှင့် ဗုဒ္ဓဟူး ရန်ဖက်နှစ်ဦး ပေါင်းယှက်ထား၍ ထိုသို့ မတည့်ခြင်းဖြစ်သည်ဟု တစ်ချို့ပြော၍ တစ်ချို့ကလည်း လူပြန်တော်ကလည်း လူပြန်တော်မာန၊ အပျိုကြီးကလည်း အပျိုကြီးမာနကြောင့် မတည့်ခြင်းဖြစ်သည်ဟု ပြောကြလေသည်။

ဘယ်အယူအဆမှန်မည်တော့ မပြောတတ်။ နှစ်ဦးစလုံးမှ စကားပြောမတည့်လျှင် စကားတစ်ခွန်းစီ လက်သုံးပြုတတ်သည်ကတော့ အမှန်ပင်ဖြစ်လေသည်။ မိန်းမက ' ကျုပ်ဘဝမှာ ဘုန်းကြီးလူထွက်နှင့် ဆေးပြင်းလိပ်သောက်တဲ့သူကို အမုန်းဆုံးပဲ။ ဒီလူမျိုးနှင့် အိမ်ထောင်ပြုဖို့ နေနေသာသာ မိတ်ဆွေတောင် မလုပ်ဘူးလို့ ရည်ရွယ်ထားတာ။ ဟော-ရှင်နဲ့ ကျမှ လူထွက်လဲလူ



ထွက် ဆေးပြင်းလိပ်သောက်တာလဲ လွန်ရော၊ ကျုပ်ကံကလဲ ဆိုးကိုဆိုးပါတယ်'ဟု အမြဲ အတင်နှင့်ပြောလား ပြောရဲ့။ ယောကျ်ားကလည်း ထမင်းရည်ငှဲ့ ကလေးထိန်း စသည့် မိန်းမ၏ အလုပ်တစ်ခုခုကို ဝင်လုပ်ရပြီဆိုလျှင် 'ငါစဉ်းစားတဲ့ အထဲမှာ ဒါ မပါဘူး။ စိတ်ကုန်ဖို့ကောင်းလိုက်တာ။ ခုနေ ငါသာ သင်္ကန်းပြန်ဝတ်ပြီး တရားအားထုတ်လိုက်ရရင် တရားထူး တစ်ခုခု ရသွားလောက်မှာ သေချာတယ်'ဟာ ခနဲ့ပြောပြောလား ပြောရဲ့။

သို့နှင့် တစ်နေ့တွင် ရွာဦးကျောင်း ဘုန်းတော်ကြီးသည် ခရီးသွားရာမှ အပြန် ရွာလမ်းအတိုင်းကြွလာပြီး ထိုလင်မယား၏ အိမ်ရှေ့သို့ ရောက်လာခိုက်နှင့် လင်မယားရန်ဖြစ်ခိုက် ကြုံနေ၏။ အိမ်ရှေ့သို့ ရောက်နေသော ဘုန်းတော်ကြီးကို မြင်၍ ရန်ပွဲမှာ ငြိမ်းစဲသွားပြီး ယောကျ်ားက ဘုန်းတော်ကြီးအား အိမ်အတွင်း ပင့်၍ အမောဖြေ အအေးနှင့်ရေချမ်း ကပ်သည်။ လူထွက်နှင့် ဘုန်းတော်ကြီးမှာ သင်္ကန်းအတူဝတ်ဖက် စာသင်ဖက်ဖြစ်ကြသည်။

ဘုန်းတော်ကြီး ရေချမ်းဘုဉ်းပေးပြီးလျှင် မိန်းမက မိန်းမသားပီပီ ဦးအောင်လျှောက်သည်။

"အရှင်ဘုရား ကိုယ်တော်ကြီး ကျောင်းသာ ပြန်ပင့်သွားပါဘုရား။ အိမ်မှာသင်္ကန်းပြန်ဝတ်ဖို့ချည်း ညည်းညည်းနေလို့ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးက ပြုံးသည်။

"အံမယ်-မောင်မင်းကြီးသားသာ ပြန်ဝတ်လို့က ဘယ်သူမှ ရဟန်းဒကာ မလုပ်ရဘူး။ ဘုန်းကြီးကပဲ ရဟန်းဒကာလုပ်မှာ။ ပြီးတော့ ဒီကျောင်းတိုက်ကိုလည်း သူ့အပ်ခဲ့ပြီး ကျုပ်က တောရသွားဆောက်တည်ချင်နေတာဗျား။ တို့ဒရာကရော သေချာသလား"

ဘုန်းတော်ကြီးသည် အမှန်ပင် ကျောင်းကန်ပိုင်ဆိုင်မှု အနှောင်အဖွဲ့မှ လွတ်မြောက်ချင်နေသည့် ပုဂ္ဂိုလ်ပီပီ ပင်ကိုစိတ်ရင်းနှင့် ပြောလိုက်ခြင်းဖြစ်၏။

"မှန်ပါဘုရား။ တစ်ခါ တစ်ခါတော့လဲ လူတို့ရဲ့ဃရာဝါသ သမ္ဗန္ဓကို စိတ်ကုန်လာတယ်ဘုရား"

ယောက်ျားက ခပ်ညည်းညည်း လျှောက်သည်။ မိန်းမဖြစ်သူသည် ယောက်ျား၏ ထစ်ခနဲရှိပြောတတ်သော ထိုစကားစုကို နားခါးခဲ့ရာ ဘုန်းတော်ကြီးကို ဘေးမှာအမာခံထား၍ ပြောသဖြင့် ပို၍ဒေါသထွက်လာသည်။

"အဲဒါသာ ကြည့်တော့ဘုရား။ တစ်ပါတည်းသာ ခေါ်သွားပါဘုရား"

"နင် ဒီကလေးနှစ်ယောက်နဲ့ ဒုက္ခရောက်မှာပေါ့။ နင် စကားပြောရင် ကြည့်ပြော။ လင်သားကို နှုတ်လုံ့ထိုးတဲ့ ဒီပြောဆိုပုံတွေ ငါ့အစက စဉ်းစားတဲ့အထဲ မပါလို့နော် ဟင်း"



တိုက်ပွဲအရှိန်မှာ မြင့်တက်၍ လာပေပြီ။

"ကျုပ်တို့သားအမိတွေ အေးအေးပဲ။ ခုလဲ ကျုပ်ပဲ သိမ်းကျုံးလုပ်နေရတာပါတော်။ ရှင် ဘာပင်ပင်ပန်းပန်း လုပ်ရလို့လဲ။ ကျုပ်တို့နဲ့ပက်သက်ပြီး ဘာမှ ရှင်စဉ်းစားမနေနဲ့။ ဘုန်းတော်ကြီးကြွရင် လိုက်သာသွား"

"ငါ လိုက်သွားရော့မယ်။ နင် စဉ်းစားနော်"

"စဉ်းစားစရာမလိုဘူး၊ ရတယ်တော့ ရတယ်"

"မင်းတို့ မိန်းမတွေပြောရင် ဒါမျိုး အပေါက်ချည်းပဲ။ နင် မစဉ်းစားပေတဲ့ ငါစဉ်းစားတယ် ဟဲ့"

ဘုန်းတော်ကြီးကို ဘေးထား၍ ရန်ဖြစ်နေကြသည်ကို သတိရချိန်တွင် ရန်ဖြစ်၍ပြီးခဲ့ပေပြီ။

ဘုန်းတော်ကြီးသည် သူ့ဒါယကာအပေါ် အားမရနိုင်ဖြစ်ကာ ဒုတိယမ္ပိပြုံးမိ၏။ ဒါယကာသည် တကယ်တမ်းမှာ စိတ်ဆိုး၍သာ ပြောနေသော်လည်း စင်စစ်တုပ်နှောင်ငြိုးသည့် သံယောဇဉ် အနှောင်အဖွဲ့မှ မရုန်းဖယ်နိုင်ပါတကား။ ဘာသံယောဇဉ်မှမရှိဘဲနှင့် ကျောင်းကန်အနှောင်အဖွဲ့မှ ရုန်းမထွက်နိုင်သော သူ့အဖြစ်နှင့်ယှဉ်ကြည့်ပြီး ဒါယကာအား စာနာမိ၏။

ဘုန်းတော်ကြီးသည် သူငယ်ချင်းလည်းဖြစ်၊ ဒါယကာအရင်းလည်းဖြစ်သည့် လူထွက်လင်မယားတို့အား ပြေငြိမ်းတရားဟော၍ ကျောင်းသို့ပြန်ကြွသွားခဲ့လေသတည်း။ ■

www.burmeseclassic.com

www.burmeseclassic.com



## စာဆိုကဗျောင်

ကဝိတို့၏ဥစ္စာ ဖြစ်၍ ကဗျာခေါ်ဆိုကြောင်း ကဗျာ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုကြ၏။ ကဗျာလင်္ကာစပ်ဆိုမှု စည်းကမ်းကိုမသိဘဲ စည်းကမ်းဖောက်ရေးလျှင် မျက်စိကန်းတတ်သည်ဟုပင် ရှေးလူကြီးသူမများက ကဗျာလင်္ကာအပေါ် အထွတ်အမြတ်ထား၍ပြောကြ၏။ ကဗျာပုံသဏ္ဍာန်အလိုက် အမျိုးအနေအထားအလိုက် ကဗျာစည်းကမ်း ကာရန်စည်းကမ်းများအတိုင်း ကဗျာလင်္ကာများကို ရှေးလူကြီးများ စပ်ဆိုခဲ့ကြသဖြင့် မြန်မာစာပေတွင် ကဗျာလင်္ကာလမ်းကြောင်းကြီး တည်ထွန်းကျန်ရစ်ခဲ့သည် ဆိုရပေမည်။

ယနေ့ခေတ်တွင်မူ ကဗျာပုံသဏ္ဍာန်အသစ် တီထွင်သည်ဟုလည်း ဝန်မခံဘဲ ကဗျာပုံသဏ္ဍာန်သစ်တစ်ခု မဂ္ဂဇင်းစာမျက်နှာများတွင် ခေတ်စားလျက်ရှိပေသည်။ ယင်းကဗျာစုကို တစ်ချို့က ကာရန်မဲ့ကဗျာဟုလည်း ခေါ်ကြ၏။ ကာရန်မစွန် ကာရန်ဆွံ့ ကဗျာဟုလည်း ဖေးဖေးမမ ပြောသည်လည်း ရှိ၏။ မည်သို့ဆိုစေ ထိုကဗျာအမျိုးအစားများကို ကြည့်လျှင် ရှိပြီးကဗျာပုံသဏ္ဍာန်များ၏ ကာရန်စည်းကမ်းနောက် မလိုက်မှုဘဲ ကာရန်ကို ချိတ်ဆက်ချင်သည့် နေရာတွင် ချိတ်ဆက်ကာ အဖတ်ကာရန်ဖြင့် လွတ်လတ်မှုဖက် ဦးစားပေးထားသည်ကို တွေ့ရ၏။ သိပ်သည်း၍ အားပါသော စကားလုံးများကို အသုံးပြုလျက် ဖတ်သူရင်အား ထိခတ်စေမှုပမာန အယူအဆဖြင့် ရပ်တည်စပ်ဆိုထားကြခြင်းလည်း ဖြစ်၏။

အကယ်၍ ထိုကဗျာမျိုးကို ရှေးခေတ်လူများ တွေ့မြင်ဖတ်ရှုမိပါက ကဗျာဟုမသတ်မှတ်ဘဲ ကဗျောင်ဟု သတ်မှတ်ကြမည်လား မပြောတတ်ပေ။ ကဗျာမစပ်တတ် စပ်တတ်နှင့် ကာရန် အချိတ်အဆက် အလေးမမူ စပ်ဆိုသူကို ကဗျာရူးဟု ရှေးအခါက ခေါ်ဆိုပြီး ထိုသူစပ်သော ကဗျာကိုလည်း ကဗျောင်ဟု ပြောဆိုခြင်း ခံရတတ်လေသည်။

တစ်ခါက အညာဒေသ ပခုက္ကူတွင် ရဟန်းလူထွက် လူပြန်တော်တစ်ဦးသည် ကဗျာစပ်ဝါသနာ အလွန်ပါပြီး စာဆိုတော်နှ ရူးလျက်ရှိလေသည်။

ပုရပိုဒ်နှင့် ကန့်ကူဆံယူ၍ လူသူကင်းသော မြို့ထောင့်ဘက်ဆီသို့ တစ်ကိုယ်တည်း ကဗျာစပ်ရန် ထွက်လာခဲ့၏။ မန်ကျည်းပင် တစ်ပင်၏အရိပ်တွင် ထိုင်၍ ကဗျာဈာန်သွင်းသော်လည်း ကဗျာဈာန်မဝင်ဘဲ ရှိနေသည်။ တငူငူနှင့် ကာရန် အစပ်

www.burmeseclassic.com



အဟာတ် အချိုးအပေါက်ရှာမရဘဲ ညနေသာလျှင် စောင်း၍လာသည်။

တစ်နေ့ခင်းလုံး ဘာကဗျာ ဘာကာရန်မှ စိတ်ကူးထဲဝင်မလာသဖြင့် စိတ်ပျက်နေတုန်း တောကျီးကန်းနှစ်ကောင် မန်ကျည်းပင်သို့ လာနားပြီး တစ်ကောင့်တစ်ကောင် ဆိတ်ကာတွဲလောင်းဖြစ်နေကြသည်ကို စာဆိုကြီး မြင်လေ၏။ ဤတွင်မှ ခေါင်းထဲသို့ ကဗျာစများ ကာရန်စများ နိုးကြွလာပေတော့ရာ လူပြန်တော်ကဗျာဆရာသည် ပုရပိုဒ်ပေါ်တွင် ကန့်ကူဆံဖြင့် ရေးခြစ်လိုက်လေသည်။

"ကာကောဏ္ဍာ ကျီးမြတ်ရာဇာ၊
တစ်ကောင်ကို တစ်ကောင် ဆိတ်တယ်၊
ဒင်းတွဲလဲနေ။"

ကဗျာတစ်ပိုဒ် ရပြီးသော် ရှေ့တစ်ပိုဒ်ဆက်ရန် ခက်နေပြန်၏။

မန်ကျည်းပင်ပေါ်မှ တောကျီးကန်းနှစ်ကောင် ပျံသွားကြပေပြီ။ မန်ကျည်းပင်ပေါ်မှ ကဗျာတစ်စ ရရှိသဖြင့် နောက်ထပ်ကဗျာရနိုးနိုးဖြင့် မန်ကျည်းပင်ပေါ်သို့သာ စာဆိုကြီးမှာ မျက်တောင်မခတ် ကြည့်နေရလေသည်။ အတန်ကြာလျှင် မန်ကျည်းပင်သို့ ဘုတ်တစ်ကောင် ပျံလာနားပြီး ပူ(ကျ)နေသည်။ ဤတွင်



စာဆို၏ ကဗျာဉာဏ် ပွင့်လာပြန်လေသည်။ ပုရပိုဒ်ပေါ်တွင် ရေးချလိုက်ပြန်၏။

"ရွှေဘုတ်ကယ်ပူ"

ဒုတိယအခံအပိုဒ်အတွက် စဉ်းစားနေဆဲ သူနေထိုင်ရာ ပခုက္ကူဘက်ဆီမှ မီးခိုးလုံးကြီးများ ကောင်းကင်ယံသို့ ထိုး၊ထိုးတက်လာသည်ကို လှမ်းမြင်ရသည်။ ရွှေမြို့တော် ပခုက္ကူဖြင့်သည်တစ်ချို့ မီးလောင်ပြန်ပြီဟု ယူဆရပေသည်။ ဟုတ်ပြီ။ ကာရန်တစ်ခုတော့ ရပြန်ပေပြီ။

"ပခုက္ကူ မီးလောင်ဆဲ"

မီးခိုးလုံးကြီးများသည် တဖြည်းဖြည်း ကောင်းကင်ယံတစ်ခုလုံးပြည့်မတတ် မြင့်လာသည်။ လူပြန်တော် စာဆိုမှာမူ ကဗျာစပ်၍ကောင်းဆဲ ဖြစ်၍နေ၏။ မီးခိုးလုံးကြီးများကြောင့် နေအလင်းမှိန်ဖျော့ကာ ပုရပိုဒ်တွင် အလင်းရောင် နည်းသွားသည်မြင်မှ မိမိနေအိမ်အတွက် သတိရစိုးရိမ်လာ၏။

ထိုအခါကဗျာကို ဆက်၍ စပ်မနေတော့ဘဲ စာဆိုကြီး ဦးပဥ္စင်းဘဝက အမရပူရမြို့ ဦးပိန်တံတားပေါ်တွင် စပ်ခဲ့ပြီး ကဗျာအပိုင်းအစကို ကျန်အပိုဒ်အတွက် ပုရပိုဒ်ပေါ်တွင် အသာရေးချလိုက်၏။

www.burmeseclassic.com



တိုင်ပေါင်းရယ် တစ်ရာကျော်နှင့်၊
အလယ်ခေါင် ပျဉ်တွေခင်းတယ်၊
ဦးပိန်တံတား။

ပုရပိုဒ်နှင့် ကန့်ကူဆံကို ကဗျာကသီသိမ်း၍ မိမိအိမ်ရှိရာ သုတ်ခြေတင်တော့သည်။

စာဆိုကြီးခမျာ အလာကောင်းပေမယ့် အခါနှောင်းခဲ့ပြီ တည်း။ သူ၏အိမ်ရာမှာ ဘယ်ဆီနေမှန်းပင် မသိတော့ဘဲ သူတို့ တစ်ရပ်ကွက်လုံးမှာ မီးကြွင်းမီးကျန်နှင့် ပြာပုံအတိဖြစ်၍နေပေပြီ၊ မိသားစုများကိုပင် ဘယ်သို့ပြေးရှာရမည်ပင် မသိတော့ပေ။ ထိုအကြောင်းကိုမူ ကဗျာထဲထည့်စပ်၍ မဖြစ်နိုင်တော့ပြီ၊ အကြောင်းကား စာဆိုရှူး၏ကဗျာမှာ အခံအအုပ် ပြည့်စုံသွားခဲ့ပြီကိုး။

- ကာကောဏ္ဍ ကျီးမြတ်ရာဇာ၊
  တစ်ကောင်ကို တစ်ကောင် ဆိတ်တယ်၊
  ဒင်းတွဲလဲနေ။
- ရွှေဘုတ်ကယ် ပူ၊
  ပခုက္ကူ မီးလောင်ဆဲ။
- တိုင်ပေါင်းရယ် တစ်ရာကျော်နှင့်၊
  အလယ်ခေါင် ပျဉ်တွေခင်းတယ်၊
  ဦးပိန်တံတား။ ။ ■

## ကျမ်းကိုးနှင့် ညည်းသူ

ပဉ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး သက်ထက်က လူပြိန်တော်များ တစ်ခေတ်ကောင်းစားခဲ့သည် ဟုဆိုရလိမ့်မည်။ ကျမ်းတတ်အကျော် လူပြိန်တော်များကို မင်းတိုင်ပင် မှူးမတ်များအထိ ခန့်ထားပေါက်ရောက်စေခဲ့သော သာဓကများ ရှိခဲ့၏။ ယုတ်စွအဆုံး ရဟန်းဘဝ မပျော်ပိုက်၍ လူထွက်ကြသည့် ပဉ္စင်းလူထွက်တို့အား အပျိုတော်များနှင့် သက်ဆက်၍ ပြအိုးတစ်ခုစီတွင် နေ့စဉ် ပရိတ်ရွတ်ဖတ်ရသည့် အလုပ်ကို တည်ထွင်ပြဋ္ဌာန်းပေးဖူးကြောင်း အဆိုရှိလေသည်။

ယခုအခါလည်း သာသနာတော်အရေးအရာ ကိစ္စများကို ဆောင်ရွက်ရသည့် အစိုးရဌာနတစ်ခုတွင် လူပြိန်တော်ပညာရှိ သူတော်ကောင်းတို့အဖို့ များစွာပင် အချီးမြှောက် ခံရလျက် ရှိ၏။ ယခင်က လူဦးရေစာရင်း ကောက်ယူရာတွင် ပညာအရည် အချင်း နေရာ၌ပထမကြီး, ဓမ္မာစရိယဟု ပြောကြားလျှင် ထိုသို့ ရေးသွင်းရန် ဝေါဟာရ ပေးမထားသဖြင့် (ရေးတတ်ဖတ်တတ်) ဟုသာ ရေးသွင်းခံခဲ့ရတတ်သည့် သူများမှာ ယခုအခါ ထိုဌာနကြီး

www.burmeseclassic.com



ဝယ် ပညာရှင်အဆင့် ရရှိလျက် အင်မတန်မှ ဟန်ကျလျက် ရှိပေသည်။

ထိုဌာနတွင် ပါဠိပညာရေး၊ သာသနာရေး၊ ဝိနိစ္ဆယရေး ပါဠိကျမ်းစာ ပုံနှိပ်ထုတ်ဝေရေး စသည့် ကိစ္စများကို ဆောင်ရွက်ရသည်ဖြစ်ရာ ရွှေကျောင်းမပျော် လူပြန်တော်များနှင့်သာ အကယ်တည့် အံဝင်လှပေသည်။ ဥပမာအားဖြင့် ပါဠိပညာရေးဖြစ်သည့် ပထမပြန်စာမေးပွဲကိစ္စ တစ်ခုကလေးတွင်ပင် ကြည့်ပါဦး။ ပြဌာန်းကျမ်းစာ ဘာသာရပ်များထဲတွင် ဝိနည်းဘာသာတစ်ခုတည်းကိုပင် စာဖြေပုဂ္ဂိုလ်များက အဖြေစာအုပ်၌ အမျိုးမျိုးရေးသွင်းကြ၏။ ဝိနည်းဘာသာဟု လည်းကောင်း၊ ဝိနယဘာသာဟုလည်းကောင်း၊ ဘိက္ခု-ဘိက္ခုနီဘာသာဟုလည်းကောင်း၊ ပါတိမောက် ဘာသာဟုလည်းကောင်း၊ ဋ္ဌမာတိကာဘာသာဟုလည်းကောင်း တစ်ဘာသာတည်းကိုပင် အမည်အခေါ်အမျိုးမျိုး ရှိကြသည့်အနက် မိမိ အလျဉ်းသင့်သလိုကြိုက်နှစ်သက်သလို အမျိုးမျိုး ရေးသွင်းသွားကြရာတွင် ပါဠိစာပေ ကျွမ်းကျင်သူများမှသာ အလွယ်တကူ ခွဲခြားနားလည်ပြီး အမှားအယွင်း ကင်းစေပေလိမ့်မည်။ စာမေးပွဲ အခြားဘာသာရပ်များလည်း ဝိနည်းကဲ့သို့ပင် အမည်ခွဲ အမျိုးမျိုး ရှိပေသေးသည်။ ဤသို့ စာမေးပွဲကိစ္စများသာမကဘဲ ထိုထက်နက်နဲသည့် ပါဠိစာပေ အထောက်အထား ရှာဖွေရသည့်ကိစ္စမျိုး ပါဠိများ



ပါဠိမှန် ဆုံးဖြတ်ရသည့် ကိစ္စမျိုးဆိုလျှင် ပါဠိစာပေ သာမန်ကျွမ်းကျင်ရုံနှင့်ပင် မလုံလောက်သည်ကို လေ့လာတွေ့ရှိနိုင်ပေသည်။ သို့ဖြစ်ရာ ယင်းဌာနအနေဖြင့် လူပြန်တော်ပညာရှိများအား သီးသန့်ရှာဖွေခန့်ထားရသည့် အခါများပင် ရှိခဲ့သောဟူ၏။

သုတေသနနှင့် ကျမ်းပြုဌာနခွဲကဲ့သို့သော ဌာနခွဲအတွင်းမှ ကျမ်းပြုဌာန၊ ဘာသာပြန်ဌာန၊ စာမူစိစစ်ရေးဌာန၊ ပုံနှိပ်တိုက်စာပြင်ဌာန စသည့်ဌာနစုများတွင် လက်နှိပ်စက်ရိုက်သူနှင့် ရုံးလုလင်ကလွဲလျှင် လူပြန်တော်များချည်း ဖွဲ့စည်းထားသည်။ ထိုဌာနများသို့ အလည်အပတ်ရောက်သွားပြီဆိုလျှင် ပရိယတ္တိစာသင်တိုက် တစ်တိုက်သို့ ရောက်ရှိသွားသည်နှင့်မခြား ရှိတော့သည်။ ကျမ်းစာအုပ်ပုံများ စားပွဲပေါ်တင်၍ မျက်မှန်တဝင်းဝင်းနှင့် စာကြည့်နေသည်များ ရှိသလို တစ်ဦးက ပုံနှိပ်ပရူကြည့်၍ တစ်ဦးက ပိဋကတ်စာမူ ဖတ်ပြနေသည်မှာ စာသင်သားရဟန်းတော်များ ပရိယတ်စာပေပို့ချ ရွတ်အံနေသံ ကြားနာရဘိသို့ရှိ၏။

လုပ်ငန်း နားချိန်တွင်လည်း အပြင်အပထွက်ခဲပြီး မိမိစားပွဲနေရာတွင်ပင် ပရိတ်ပဌာန်း ရွတ်ဖတ်သရဇ္ဈာယ်နေကြ၍ ရေနွေးကြမ်းဝိုင်းထိုင်၍ အေးအေးသက်သာစကားစမြည်ပြောနေတတ်ကြ၏။ သူတို့ပြောဆိုသော စကားများမှာလည်း အများအားဖြင့် စာစကား ပေစကားများ ဖြစ်တတ်ကြပေသည်။

www.burmeseclassic.com



ပရိယတ်စာပေဆိုင်ရာ စကားပုံတစ်ခုရှိ၏။ 'အာဂုံရမှ အာဂလူ' ဟူသော စကားပုံဖြစ်၏။ လူပြန်တော်များ စကားဝိုင်းတွင် စာပေအထောက်အထား ကျမ်းအကိုးအကားများ ပါဝင်တတ်၏။ စကားဝိုင်းအသံ နည်းနည်းကျယ်လောင်လာပါကလည်း စာပေအထောက်အထား ကျမ်းကိုးတစ်ခုခု ငြင်းခုံခြင်းဖြစ်ပြီး မကြာမီ ကျမ်းကိုးပြနိုင်သူက အနိုင်ရရှိကာ ပြေငြိမ်းသွားတတ်၏။ ကျမ်းကိုးအထောက်အထားနှင့် ပြောကျင့် ဆိုကျင့်ပါနေရာ အထောက်အထားလေးနှင့် ပြောဆိုရမှ အဓိပ္ပါယ်လေးနက်သလို ဖြစ်နေကြ၏။

တစ်ခုသော နေ့လယ်အချိန်။

ရုံးလုလင်လေး မောင်ခင်စိုးသည် သူနှင့်ချစ်ကြိုက်နေသော တစ်ခုလပ်မလေး ရောက်လာပြီးနောက် မကြာမတင်ပင် အပြင်စားသောက်ဆိုင်သို့ ပါသွားလေသည်။ တစ်ခုလပ်မသည် လူရိုးလူအ မောင်ခင်စိုးအား လှည့်ဖြား၍ မြူဆွယ်ယူရန် ကြိုးစားနေသည်ဟု ရုံးခန်းအတွင်းရှိ လူပြန်တော်များက ထင်မြင်ယူဆလျက် လူပျိုလေး မောင်ခင်စိုး ဖက်မှ နာနေကြ၏။

တစ်ခုလပ် မိန်းမနောက်သို့ မောင်ခင်စိုးပါသွား၍ ခဏကြာလျှင် လူပြန်တော်တစ်ဦးထံမှ စကားညည်းညူသံတစ်ခု ထွက်လာသည်။



"အင်း- စက္ခုပါလမထေရ်ကြီး ညည်းသလိုပဲ ညည်းရတော့မယ်။ မောင်ခင်စိုး ပျောက်သွားတာလဲ ကြာပြီ။ တစ်ခုလပ်မ အသံလဲ မကြားရတော့ဘူး။ အင်း- မောင်ခင်စိုးတော့ ပျက်စီးလောက်ပြီ ထင်ရဲ့"

ကျမ်းကိုးအထောက်အထားနှင့် ဇာတ်ကြောင်းစုံ သိရှိထားကြသူ လူပြန်တော်များက ထောက်ခံပြုံးရယ်ကြ၏။ ထိုစဉ်က ဌာနတွင်းသို့ ရောက်ရှိနေသော ဧည့်သည်တစ်ဦးသာ ဇာတ်ကြောင်းနောက်ခံ မသိသဖြင့် လူပြန်တော်များ အကြားတွင် ပြုံးမရယ်နိုင်ဘဲ ရှိသည်။ ဧည့်သည်က တောင်းဆိုသဖြင့် ညည်းညူသူ လူပြန်တော်ကပင် ဇာတ်ကြောင်းလှန်ရှင်းပြသည်။

ဗုဒ္ဓဘုရားရှင် လက်ထက်က မျက်မမြင် စက္ခုပါလမထေရ်ကြီးသည် တောကျောင်းတွင် သီတင်းသုံးလျက် တရားကျင့်၍နေသည်။ မထေရ်ကြီးနှင့် တူတပည့်ကိုရင်တို့ တောအတွင်းသွားစဉ် ထင်းခွေသည် မိန်းကလေး၏ တေးဆိုသံကို ကြား၏။ မထေရ်ကြီးမှာ လူကြီးပီပီ အန္တရာယ် ကြိုမြင်သည့်အလျောက် ကိုရင်အား ဆုံးမ၏။ သို့သော် ကိုရင်မှာ မာတုဂါမ၏ သဒ္ဒါရုံက ဝင်ရောက်ပူးနှောင်ပြီးဖြစ်သဖြင့် မထေရ်ကြီး၏ အဆုံးအမကို နားမဝင်ဘဲ ထင်းခွေသည် မိန်းကလေးရှိရာသို့ သွားလေ၏။

www.burmeseclassic.com



ထင်းခွေသည်မ၏ သီချင်းသံပျောက်သွားပြီး ကိုရင်မှာလည်း ပြန်မပေါ်လာတော့လေရာ မထေရ်ကြီးက သူတော်ကောင်းတို့၏ နှုတ်သံဖြင့် ညည်းညူရှာသည်မှာ- 'အင်း- သာမဏေလဲ ပျောက်သွားတာကြာပြီ။ ထင်းခွေ သည်မရဲ့သီချင်းသံလည်း မကြားရတော့ဘူး။ သာမဏေတော့ သီလပျက်စီးတန်လောက်ပြီ ထင်ရဲ့' ဟူသတည်း။

ဇာတ်ကြောင်းမှာ လေးနက်၍ မှတ်သားစရာကောင်း၏။ ဥည့်သည်သည် ဘာသာရေး ဗဟုသုတများကို နာယူမှတ်သားတတ်သူဖြစ်ရာ လူပြန်တော်တို့ တာဝန်ထမ်းရွက်ရာ ဌာနစုအား ခင်မင်၍သွားသည်။ အပြန်တွင် ထိုဌာနနှင့် ထိုလူစုအား မှတ်ချက်တစ်ခုပင် ပေးသွားလေသေး၏။

"ဤသူများသည် ညည်းညူသည်ကိုပင် အထောက်အထား ကျမ်းကိုးနှင့်မှ ညည်းညူကြသူများတည်း။"



## နွားမတစ်ကောင်နှင့် ညီအစ်ကိုနှစ်ယောက်

ညီရင်းအစ်ကို ညီတော်နောင်တော် သုံးဦးစလုံး သာသနာတော်တွင် အဝါရောင်သင်္ကန်း ဆင်မြန်းလျက် ပျော်မွေ့ကြိုက်နေကြပြီ ဆိုသောအခါ မိဘတို့ရင်မှာ အေးငြိမ်းဝမ်းသာကြရ၏။ စာသင်တိုက်တွင် ပရိယတ်စာမေးပွဲများကို တစ်တန်းပြီးတစ်တန်း အောင်မြင်ကာ ညီအစ်ကိုသုံးပါးစလုံး ဓမ္မာစရိယဘွဲ့ဝင် ရကြပြီဆိုသောအခါမူ မိဘများသာမက ဆွေမျိုးသားချင်းအားလုံး ချီးမြှောက်ထောက်ပံ့သူ ဆွမ်းဒါယကာ ဆွမ်းဒါယိကာမများပါမကျန် ဂုဏ်ယူမဆုံး ရှိလေသည်။ အသက်သိက္ခာ ငယ်ပင်ငယ်ငြား ဓမ္မာစရိယဘွဲ့၏ ပရိယတ်စာပေအဆင့်မှာ စာချဆရာတော်ဘွဲ့တံဆိပ် အပ်နှင်းခြင်းဖြစ်ရာ သည်မျှ ပရိယတ်စာပေများ သင်ယူပြီးမှ လူဘဝပြန်တော့မည် မဟုတ်ဟု အားလုံးက တစ်ထစ်ချ မှတ်ယူထားကြလေသည်။

သို့သော် ပါရမီဆိုသည့် ရှေးဘဝများ အဆက်ဆက်ပါရှိလာသော ဖြည့်ဆည်းမှုအထုံကို သာမန်လူတို့ အဖို့ ခန့်မှန်းရန် လွယ်ကူလှသည်မဟုတ်ပေ။ နောင်တော်ညီတော်

www.burmeseclassic.com

www.burmeseclassic.com



သုံးဝါး ဖြစ်ကြပါလျက် ညီတော်နှစ်ပါး သာသနာ့ဘောင်တွင် မပျော်ပိုက် တော့ပြီဆိုတော့ ပါရမီကုန်ကာ ဝတ်ထားသော သင်္ကန်းကပင် ယားယံလာတော့သည် ဆိုရချိမ့်မည်။ အကြီးဆုံး နောင်တော်ကြီးကို သာသနာ့ဘောင်တွင် ချန်ထားရစ်ခဲ့ပြီး ညီတော်နှစ်ပါးညှိ၍ တစ်ချိန်တည်း လူပြန်တော်ဘဝ ခံယူသွား ကြ၏။

စာတတ်ပေတတ် ထင်ရှားခဲ့ကြသူများ ဖြစ်ခဲ့သည် အလျောက် ကြည်ညိုကိုးကွယ်အပ္ပဖော်ခံခဲ့သော ဇာတိရပ်ရွာတွင် လူထွက်ဘဝနှင့် မျက်နှာမပြောင်ဝံ့ကြသည့် လူပြန်တော်များ ထားရှိတတ်သော သဘောထားတစ်ရပ်ကို ညီနောင်နှစ်ဦးလည်း မလွန်ဆန်ရဲကြပေ။ ထို့ကြောင့် ညီနောင်နှစ်ဦးတို့သည် အခြား ရပ်ရွာတွင် အသက်မွေးဝမ်းကျောင်းပြု၍ နေထိုင်ရန်ဆုံးဖြတ်ပြီး လူပြန်တော်များ စုဝေးရာဖြစ်သည့် သာသနာတော်အရေး ရွာ တစ်ခုသို့ အလုပ်လျှောက်ထားကာ အမှုထမ်းဘဝသို့ ရောက် လာခဲ့ကြရ၏။ အလုပ်မဝင်ခင် ယောင်တီးယောင်တဘဝတွင် လည်းကောင်း၊ အမှုထမ်းအလုပ် လျှောက်ထားစောင့်စားနေ မန်ကျည်းဖျော်ရည် ထမ်းရောင်းရသောဘဝတွင်လည်းကောင်း ညီနောင်နှစ်ဦးမှာ အတူမခွဲဘဲ ရှိ၏။ ယခု ဝန်ထမ်းဘဝရောက် ညီငယ်က မိန်းမတစ်ယောက်နှင့် အိမ်ထောင်ကျသော်လည်း ညီနောင်နှစ်ဦး မကွဲမကွာပင် ရှိကြ၏။



သူတို့ညီအစ်ကို နှစ်ဦးအား ဘယ်နေရာ ကြည့်လိုက် ကြည့်လိုက် တစ်တွဲတွဲနှင့် တွေ့ရပြီး နောင်တော်ကြီးနှင့် ခယ်မမှာလည်း သင့်မြတ်သည်ဖြစ်ရာ နောက်ဆုံး နောင်တော် ကြီးသည် သူ၏ ကြင်ယာဖက်ကို ရွေးချယ်ခဲ့လျှင်တောင်မှ ညီ၊ ခယ်မတို့နှင့်တည့်ပြီး အတူနေနိုင်မည့်သူကိုမှ ရွေးယူတော့မည် သား မပြောတတ်ပေ။

သူတို့ နောင်ညီနှစ်ဦးအား တွေ့လျှင် သူငယ်ချင်း ဦးပဉ္ဇင်းများနှင့် ရင်းနှီးသူ လူပြန်တော်မိတ်ဆွေ အချို့က နောက်ကြ၏။

နောင်တော်ကြီးနှင့်တွေ့လျှင် တစ်မျိုး စ၏။

"ရှေးတုန်းက ပြောတာပါ။ ညီအစ်ကိုနှစ်ယောက် နွားမ တစ်ကောင် စပ်တူမွေးတာ ညီလုပ်သူက ဖင်ပိုင်းတာဝန်ယူ သူတော့ နွားမကနေ နို့ညှစ်ယူပြီး သောက်လဲသောက်တယ်၊ ရောင်းပေါက်ရင် ရောင်းလဲစားတယ်ပေါ့။ ရှေးတုန်းကပြောတာပါ"

ညီအစ်ကိုနှစ်ဦး၊ နွားမတစ်ကောင်နှင့် စပ်လျက် ဒဏ္ဍာရီပုံပြင်တစ်ခု ရှိခဲ့ဖူး၏။ အနှိုပုံပြင်ကိုမှီငြမ်းသမှုပြု၍လည်း လူပြန်တော် နှစ်ဦးအား စ,ကြ နောက်ကြခြင်းလည်း ဖြစ်ပေ၏။

ရှေးအခါက ရွာတစ်ရွာတွင် ညီအစ်ကိုနှစ်ဦးရှိရာ အစ်ကိုကြီးမှာ လည်ဝယ်သူဖြစ်ပြီး ညီအပေါ် သွားတာစိတ်

www.burmeseclassic.com

www.burmeseclassic.com



မထားသူ ဖြစ်သည်။ ညီငယ်မှာ ငယ်ရွယ်သူဖြစ်သည့် အလျှောက် လည်းဝယ်မှုလည်း မရှိဘဲ အစ်ကိုကြီးပြုသမျှ ခံ၍နေရ၏။

နွားမတစ်ကောင်ကို ညီအစ်ကိုနှစ်ယောက် စပ်တူမွေးမြူထား၏။ နွားမကိုနှစ်ပိုင်းခွဲကာ ဖင်ပိုင်းတာဝန်ကို အစ်ကိုကြီးက ယူ၍ ခေါင်းပိုင်းတာဝန်ကို ညီအား ပေး၏။ ဦးခေါင်းပိုင်း တာဝန်ယူရသူ ညီမှာ နွားမအား ရေတိုက်မြက်ရိတ်၍ကျွေးနေရပြီး ဖင်ပိုင်းတာဝန်ရှိသူ အစ်ကိုကြီးမှု နွားချေးကျုံးရလောက်သာ တာဝန်ရှိလျက် နွားမမှထွက်ရှိသည့် နို့နှင့် နို့မှ ရရှိသော အကျိုးအမြတ်သာမက နွားသားပေါက်များကိုပါ ပိုင်ဆိုင် ရရှိလေ၏။ ကြက်မတစ်အုပ်, ဘဲမတစ်အုပ် မွေးမြူထားရာ တွင်လည်း ထိုနည်းငှာ ဖြစ်၏။

စိုက်ပျိုးရေး လုပ်ငန်းတွင်လည်း အစ်ကိုကြီးသည် ညီငယ်အပေါ် ညာတာမှုမထားပေ။ သီးနှံများ စိုက်ပျိုးကြီးရင့်ချိန်ကာလများထိ ညီငယ်က တာဝန်ယူရပြီး ရင့်မှည့်ချိန် နောက်ပိုင်း အစ်ကိုကြီး၏ တာဝန်ဖြစ်၏။ ဥပမာ ငှက်ပျောတစ်ရုံ စိုက်ပျိုးရာတွင် စိုက်ပျိုးမြေပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ ရေလောင်း ပေါင်းသင်ခြင်း စသည့်အလုပ်များကို တစ်လျှောက်လုံး ညီငယ်က လုပ်ဆောင်ရ၍ ငှက်ပျောပင်၌ ငှက်ပျောသီးခိုင် ထွက်ချိန်မှ စ, ကာ ငှက်ပျောခိုင်ရင့်မှည့်၍ မီးအုပ်ရောင်းချစားသောက်



သည်အထိမှာ အစ်ကိုကြီး၏ တာဝန်နှင့် ပိုင်ရှင်ဖြစ်နေသည်။ သို့ဖြင့် အစ်ကိုကြီးမှာ ကြွယ်ဝချမ်းသာလျက်ရှိပြီး ညီငယ်မှာ ပိန်လှီ ဆင်းရဲရှာလေ၏။

မွေးမြူရေး စိုက်ပျိုးရေး လုပ်ငန်းများမှာ စီးပွားရေးပိုင်းဖြစ်၍ အစ်ကိုကြီးတော့ အဖအရာမို့ အကျိုးအမြတ်အားလုံး အုပ်စီးထားရသည်ဟု အစ်ကိုကြီး ဖက်မှ ဆင်ခြေပေးဖွယ်ရှိ၏။ အစ်ကိုကြီးအနေနှင့် ညီငယ်အပေါ် လူမှုရေးပိုင်းမှာပါ ညာတာမှုကင်းမဲ့သည်ကား ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်နှင့်ပါ ဆန့်ကျင်နေ၏။ ခြုံစောင်တစ်ထည် ပိုင်ဆိုင်ခွင့်ကို နေ့နှင့်ည ခွဲထားပြီး ညအခါ ပိုင်ဆိုင်ခွင့်ကို အစ်ကိုကြီး လူလည်က အပိုင်သိမ်းထားသည်။ ညီငယ်မှာ နေ့ဖက်တွင် စောင်ကို လျှော်ဖွပ်လှန်းနေရကာ ညဘက်တွင် အစ်ကိုကြီးက စောင်ကို ခြုံ၍ ဇိမ်ယူအိပ်စက်လေသည်။

ညီငယ်ဖြစ်သူ လူလားမြောက်ခဲ့ပြီ။ ဗဟုသုတလည်း အသင့်အတင့်ပြည့်စုံပြီ။ သည်အထိ အစ်ကိုကြီးသည် ရှိရင်းစွဲ မူအတိုင်း ကျင့်သုံးဆဲဖြစ်သည်။ ကြာသော် ညီငယ်မှာ အစ်ကိုဖြစ်သူ၏မတရားမှု မညာတာမှုကို သိရှိလာပြီး အစ်ကိုကြီးအား ပညာပေးရန် အကြံယူလျက်ရှိလေသည်။

တစ်နေ့တွင် ညီဖြစ်သူ၌ အကြံတစ်ခု ရရှိလေ၏။ ထိုနေ့မှ စတင်၍ အကြံအတိုင်း ကျင့်ကြံနေထိုင်လျက် အစ်ကိုကြီးအား ပညာပေးရတော့သည်။

www.burmeseclassic.com


www.burmeseclassic.com



ညီငယ်သည် နွားမအား ရေမတိုက်ဘဲထားပြီး မြက်ရိတ်ကျွေးခြင်းကိုလည်း မပြုပေ။ အခြားမွေးမြူသော တိရစ္ဆာန်တွေကိုလည်း ထိုအတိုင်းပင် ထား၏။ ခြုံစောင်ကိုလည်း ညနေနေစောင်းမှ လျှော်ဖွပ်ကာ မခြောက်အောင် ပြုလုပ်ထားရှိလေသည်။

အစ်ကိုကြီး၏ ဟန်ကျမှုအားလုံးမှာ ထိုနေ့မှစ၍ ဟန်မကျတော့ပေ။ နွားမလည်း နို့မကျ။ ကြက်ဘဲကလည်း အဥမဥ။ ညတွင် စောင်ခြုံမအိပ်ရသဖြင့် ယင်းဇိမ်လည်း မဲ့လေတော့၏။ မတရားလုပ်သူ အစ်ကိုကြီးသည် ညီဖြစ်သူ၏ ဆန့်ကျင်မှုကို ရက်အနည်းငယ်အတွင်းမှာပင် တိုက်ရိုက်ခံစားရရှိလေသည်။

မတတ်သာတော့။ အစ်ကိုဖြစ်သူသည် ညီနှင့်ညှိနှိုင်းရတော့သည်။ အဆုံးတွင် မတရားသူအစ်ကိုကြီးက လျှော့ပေးရပြီး ညီအစ်ကိုနှစ်ဦးတို့သည် အသက်ထက်ဆုံး တစ်ဦးပေါ်တစ်ဦး ငဲ့ညှာချစ်ခင် နေထိုင်သွားကြလေသတည်း။



## ဟော့လူ ပစ်မနော

နှစ်ခြိုက်စွာ အိပ်ပျော်နေစဉ် ယောင်ယမ်းတတ်သူများတို့ တွေ့ဖူးကြမည်ပင်။

ထိုသူများသည် သူများတွေမှ မအိပ်သေး၊ ထ၍ယောင်ယမ်းနေတတ်ရာ ဘေးမှနေ၍ အသာစကားလိုက်ပြောပေးလျှင် နိုးနေသော သူများကဲ့သို့ပင် စကားအမျှင်မပြတ် ပြန်လိုက်ပြောနေတတ်၏။ ထိုသူနှင့် လျှို့ဝှက်သည့်အမှုကိစ္စမျိုး တိုင်ပင်ပြောဆိုထားပါက အကျိုးနည်းဖို့သာ ပြင်ပေရော့။ ထန်းရေမူးမှ ကျွဲနှိုးပေါ်သည်မဟုတ်၊ အိပ်ပျော်နေစဉ် ယောင်ယင်တတ်သူကြောင့်လည်း လျှို့ဝှက်သမျှကိစ္စများ ဗူးပေါ်သလိုပေါ်တတ်လေသည်။

ဘုန်းတော်ကြီးကျောင်းတွင် ကိုရင်မောင်နီသည် ညအိပ်လျှင် ယောင်ယမ်းတတ်သူဖြစ်၏။ ညနေက ကျောင်းတွင် ဘုန်းတော်ကြီးမရှိတုန်း ကိုရင်များသည် အဝတ်စုပ် စက္ကူစုပ်များစုထုပ်၍ ကျောင်းအောက်တွင် ဘောလုံးကန် ကစားခဲ့သောကိစ္စသည် ညအချိန် ကိုရင်မောင်နီ ယောင်ယမ်းသဖြင့် အလုံးစုံပေါ်

www.burmeseclassic.com

www.burmeseclassic.com



ကာ ကိုရင်များ ဘုန်းတော်ကြီး၏ ရိုက်ခံထိဖူးကြလေသည်။ တစ်ခါကလည်း နေ့လည်ဖက် ဘုန်းတော်ကြီး ကျိန်းစက်နေတုန်း ကျောင်းခြေရင်းဖက် ဥန္နဲပင်မှ ပျားအုံကို တုတ်နှင့်ထိုးရာ ပျားများလိုက်တုပ်သဖြင့် ထွက်ပြေးကြရပုံမြင်ကွင်းမှာ ညတွင် ကိုရင်မောင်နီကြောင့် ပေါ်ပြန်သည်။ ထိုအခါမှ ကျောင်းတွင် အာဂန္တုဧည့်သည် ဘုန်းတော်ကြီးရောက်ရှိနေခိုက်ဖြစ်၍ အရိုက်မခံရဘဲ အကျိန်းခံကြရလေသည်။

အာဂန္တုဧည့်သည် ဘုန်းတော်ကြီးကပင် ကြားမှဝင်၍ ကိုရင်ကျောင်းသားများအား အိပ်လျှင် ယောင်ယမ်းတတ်သူ အကြောင်း ပုံပြင် တစ်ပုဒ်ပြောပြလေသည်။

တစ်ခါက ပဋ္ဌာန်း ၂၄-ပစ္စည်းအနက် 'ဟေတုပစ္စယော' ကိုပုတီးစိပ်လေ့ရှိသော ဖိုးသူတော်တစ်ဦးသည် ညအိပ်တော့လည်းပုတီးစိပ်ကို ယောင်ယမ်းပြီး အသံထွက် ရွတ်ဆိုတတ်သော အကျင့်ရှိလေသည်။ ဟေတုပစ္စယောကို ပုတီးစိပ်ရာတွင်လည်း စောစောပိုင်း၌ ပုဒ်ပါဌ်အမှန်အတိုင်း ဆိုနေရာမှ သံစဉ် အသံထွက်အလိုက်ကို ဆိုရင်းဆိုရင်း ဘယ်ကအပြောင်းအပျက် တစ်ခုက နှုတ်ထဲ ဝင်လာသည်မသိ၊ ဟေတုပစ္စယော၏ နောက်ဆွယ်၌ 'ဟော့လူ ပစ်မနော'ဟု အပိုတစ်ပိုဒ်ပါရှိ၍နေ၏။ အိပ်ပျော်စဉ် ယောင်ယမ်း၍ ပုတီးစိပ်ကို ဆိုတော့လည်း ထိုအတိုင်းပင် ရွတ်ဆိုပါရှိနေ၏။




တစ်ခါသော် သူခိုးတစ်ယောက်သည် ညအချိန် ကျောင်းပေါ်သို့ ရေစင်ပေါက်မှတက်၍ ကြောင်အိမ်တွင်းမှ ဆွမ်းစားပန်းကန်အထပ်လိုက်ကြီးကို မ,ယူခိုးနေစဉ် ဖိုးသူတော်ကြီးသည် အိပ်ပျော်နေရင်းမှ ထ၍ ယောင်ယမ်းလေ၏။

"ဟေတုပစ္စယော၊ ဟော့လူ ပစ်မနော"

သူခိုးသည် ညသန်းခေါင်ယံ တိတ်ဆိတ်နေစဉ် ဖိုးသူတော်ကြီး၏ 'ဟော့လူ ပစ်မနော'အသံကြီးကို ကျယ်လောင်စွာကြားလိုက် ရရာ 'တစ်ခါတော့ ကိုယ်ကျိုးနည်းချေရဲ့' ဟု ပန်းကန်ထပ်ကြီးကို အသာချထဲ့ပြီး ကျောင်းပေါ်မှ ခုန်ချ ထွက်ပြေးသွားတော့သည်။ ထိုအခါတွင်မှ ကျောင်းခွေးများ ဝိုင်းလိုက်ဟောင်သံကြောင့် ကျောင်းသားကိုရင်များ အိပ်ရာမှ နိုးကြပြီး သူခိုးထွက်ပြေးမှန်း သိရှိကြရလေသည်။

ဖိုးသူတော်ကြီး ပုတီးစိပ်အယောင်ကောင်းသဖြင့် ဖိုးသူတော်ကြီး၏ 'ဟော့လူ ပစ်မနော'မှာ သူခိုးမောင်း ဂါထာတစ်ပုဒ်ဖြစ်မှန်းမသိ ဖြစ်ခဲ့ရပေ၏။



www.burmeseclassic.com

www.burmeseclassic.com



# သူခိုးပြေးသော Go

စာသင်သား ဦးပဉ္ဇင်းလေးတစ်ပါးသည် ပရိယတ္တိစာပေများကို လေ့လာသင်ယူမှုအပေါ် စိတ်မဝင်စားဘဲ လောကဓာတ်ခေတ်ပညာအပေါ် အာရုံညွတ်လျက် ရှိသည်။ ပရိယတ်စာမေးပွဲများပြီးစီး၍ နွေရာသီ ကျောင်းပိတ်လျှင် တောရွာ တစ်ရွာမှ အသိအကျွမ်း ဘုန်းတော်ကြီးကျောင်းသို့ အလည်သွားရောက်၍ နွေကိုခိုရင်း အင်္ဂလိပ်မီးနင်းကျက်သည်။

'အာ(ချ်)ဝေးဖတ်စာ ကျက်မှတ်စရာ' မီးနင်းစာအုပ်ငယ်ကို လက်ကိုင်ပြု၍ အေ-တစ်ခု, တစ်ကောင်, တစ်ယောက်၊ အာရ်အေတီ(ရက်) ကြွက်၊ စီအေတီ(ကတ်) ကြောင်ကစ၍ တစ်နေ့လျှင် သုံးမျက်နှာကျ ကျေညက်အောင် အလွတ်ကျက်သည်။ အသံကိုထုတ်၍ ကျက်ရန်စာအုပ်၌ ဖော်ပြပါရှိရာ ပါဠိအာဂုံကျက်သကဲ့သို့ ကျက်သည်။ နမူနာအသံထွက်ဆိုပေးသူမရှိဘဲ စာအုပ်ထဲတွင် မြန်မာအက္ခရာဖြင့် ဖော်ပြထားသည့် အနီးစပ်ဆုံး အသံလှယ်အတိုင်း အာပွတိုက်၍ ကျက်သည်။

တစ်လခန့်ရှိသောအခါ မီးနင်းစာအုပ်မှာ ထက်ဝက်ခန့်ကျိုးသွားခဲ့ပြီ။ ဦးပဉ္ဇင်းကလေးမှာလည်း အင်္ဂလိပ်မီးနင်း အတော်အတန် ရရှိသွားပြီ ဖြစ်၏။

ယနေ့မူ ကျောင်းတွင် ရှင်ပြုပွဲရှိလေရာ အလှူကိစ္စနှင့် ဦးပဉ္ဇင်းလေးမှာ နေ့ဖက်က အင်္ဂလိပ်စာမီးနင်း မကျက်နိုင်ခဲ့ဘဲ ညရောက်မှ စာကျက်နိုင်လေသည်။ ညဉ့်နက်သည်အထိ မီးနင်းကို ဆက်ကျက်နေရပြီး ကိုရင်ကျောင်းသားငယ်များမူ အိပ်မော့ကျလျက်ရှိဝေပြီ။

ဦးပဉ္ဇင်းလေးသည် မီးနင်းအလုံး ၂၀-ခန့်ကျက်ပြီးသောအခါ ခေတ္တနား၍ မီးနင်းဆက်ကျက်သည်။

"Go (ဂိုး) သွားသည်။ ဂျီအို (ဂိုး) သွားသည်။ ဂျီအို (ဂိုး) သွားသည်။ ဂျီအို (ဂိုး) သွားသည်။"

မီးနင်းကျက်လို့မှ စရုံရှိသေး၊ ကျောင်းအောက်မှ 'ဂလွမ်လွမ်'ဟူသောအသံ ကြားသဖြင့် ကပျာကယာ လက်နှိပ်ဓာတ်မီးဆွဲ၍ ကျောင်းအောက်ဆင်းကြည့်သည်။

နေ့လယ်က အလှူတွင် အသုံးပြုရန် ရေနွေးကျိုသည့် ကြေးအိုးကြီးမှာ တစ်စောင်းလဲနေပြီး မလှမ်းမကမ်းတွင် လူတစ်ဦး အမှောင်ထဲ ထွက်ပြေးသွားသည်ကို လက်နှိပ်ဓာတ်မီးအလင်းတွင် တွေ့မြင်နေရပေသည်။ ဧကန္တ ကြေးအိုးခိုးရန် လာသူသည် ဦးပဉ္ဇင်းလေး၏ စာကျက်သံကြားသဖြင့် အိုးကိုချ၍ ထွက်ပြေးသွားခြင်းဖြစ်တန်ရာပေ၏။

www.burmeseclassic.com


www.burmeseclassic.com



ကြေးအိုးကြီးသာ သူခိုးနောက်ပါရှိသွားမါက မနက်ဖြန် နံနက်တွင် ကြေးအိုးမသိမ်းဆည်းမှုဖြင့် ကိုရင်ကျောင်းသားများ ဘုန်းတော်ကြီး၏ အရိုက်ခံထိဖွယ် ရှိလေသည်။ ကြေးအိုးကြီး ကို ကျောင်းပေါ်သို့ ပြန်သိမ်းဆည်းလာရင်း ဦးပဥ္စင်းလေးသည် အတွေးတစ်ခုပေါက်ပြီး ပြုံးရယ်မိလေ၏။

စင်စစ် ဦးပဥ္စင်းလေး မီးနင်းကျက်သည်ကား ဂျီအို (ဂိုး) သွားသည်။ ၎င်းကို အဆက်မပြတ် ရွတ်ဆိုသောအခါ နားတွင် 'ကြေးအိုးခိုးသွားသည်'ဟု ကြားထင်ဖွယ် ရှိပေသတည်း။

-----။------





မာလိုးနိမ်း

www.burmeseclassic.com

www.burmeseclassic.com

## မာလိုးနိမ်း

ကိုလိုနီခေတ် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပိုင်းတွင်လည်းကောင်း၊ နိုင်ငံခြား ဆက်သွယ်ရေး ရောင်းဝယ်ရေးပိုင်းတွင်လည်းကောင်း အအုပ်ချုပ်ခံသက်သက်လောက် အခြေအနေမျှသာရှိခဲ့ပြီး စီးပွားရေး ပိုင်းတွင်လည်း နိုင်ငံခြား ရောင်းဝယ်ဖောက်ကားမှု မကျွမ်းကျင်သဖြင့် ပြည်တွင်းအတိုင်းအတာမျှလောက်နှင့်သာ ကျေနပ်ခဲ့ကြ၏။

ဗြိတိသျှတို့သည် အုပ်ချုပ်ရေး စီးပွားရေး ယန္တရားနှစ်ပိုင်းစလုံးမှာပင် အိန္ဒိယတိုင်းရင်းသား ကုလားလူမျိုးများအားခေါ်ဆောင် အသုံးပြုထားပေရာ ကုလားလူမျိုး အိန္ဒိယတိုင်းရင်းသားများတို့မှာ နေရာတကာတွင် တစ်နေ့တစ်ခြား များပြား၍သာလေ၏။ ပုလိပ်သား နေရာတွင်လည်းကောင်း၊ မြို့ပြရုံးဌာနနှင့်မီးရထား မီးသင်္ဘောဖက်များတွင်လည်းကောင်း ကုလားလူမျိုးတို့အား မတွေ့ချင်အဆုံး ဖြစ်၍လာ၏။သို့သော် မြန်မာလူမျိုးတို့မှာ ဘာသာတရားဖြင့်ရောင့်ရဲစွာ နေတတ်ကြသည့်

www.burmeseclassic.com

www.burmeseclassic.com



အလျောက် တိုင်းခြားလူမျိုးဟူ၍ စီးပွားရေးအရ မနာလိုဖြစ်ခြင်း ပြင်းပြင်းထန်ထန် မုန်းတီးခြင်း မဖြစ်ကြသလောက်ရှိလေသည်။

ထိုအချိန် ထိုအခါ သမယလောက်ဆီက ဖြစ်၏။

မြစ်ဝကျွန်းပေါ် ကျေးရွာတစ်ရွာမှ ရွာဦးကျောင်းထွက် ကျေးတောသားနှစ်ဦးတို့သည် မြို့သို့ဈေးဝယ် ဘုရားဖူးသွားကြ၏။ တစ်ခေါက်တစ်ကျင်းမျှ မရောက်ဖူးမပေါက်ဖူးသည့် မြို့သို့ မီးသင်္ဘောစီး၍ သွားကြပေရာ ရွာမှရွာသူကြီး၏ နှစ်ထပ်အိမ် တမျှကြီးမားသည့် နှစ်ထပ်သင်္ဘောကြီးကို စက်ဖြင့်ခုတ်မောင်း ရွှေ့လျားနိုင်မှု ဖြစ်အင်ကြည့်၍ အံ့သြမဆုံးအောင်ရှိ၏။ သင်္ဘောကြီးပေါ် လျှောက်ကြည့်ရင်း ကုန်းပတ်တွင် ပေကျံနေသော ရွှံ့များကို ဆေးကျောနေသည့် ကုလားတစ်ဦးအား ကျေးတောသားတစ်ဦးက မေးကြည့်၏။

"ဒီ သင်္ဘောကြီးရဲ့ ပိုင်ရှင်က ဘယ်သူလဲဟင်"

ကုလားသည် ကုန်းပတ်ဆေးရင်းမှ ကျေးတောသားအား မော့ကြည့်၍ ဖြေ၏။

"မာလိုးနိမ်း"

ကုလားက အမေးကိုဖြေပြီး သူ့အလုပ်သူ ဆက်လုပ်နေသဖြင့် ကျေးတောသားသည် ဆက်မစပ်စုတော့ဘဲ ထိုအကြောင်းကို ဆက်နှင့်ကျေနပ်ကာ ပြန်ကွေ့လာခဲ့သည်။ မိမိနေရာ ရောက်သော်အဖော်လုပ်သူနှင့် ထိုအကြောင်း ပြန်ပြောဖောက်သည်ချသည်။ အဖော်ကလည်း ခေါင်းတညိတ်ညိတ်ပြုကာ နားထောင်နေလေ၏။

မြို့ပေါ်သို့ ရောက်ပါပြီ။

ဘုရားများဖူးပြီး ဈေးဘက်သို့ လန်ချားစီးကာအလာ ဈေးအနီးတွင် ပုံစံတူဆောက်ပြီးစ သုံးထပ်တိုက်ကြီး နှစ်လုံးကို ဆေးအလှများ ခြယ်သနေပေရာ ကျေးတောသား နှစ်ဦးမှာ အံ့တသြနှင့် စုတ်တသတ်သတ် ကြည့်နေကြ၏။ နှုတ်ဆိတ်နေနိုင်သည့်အဆုံး လန်ချားဆွဲကုလားအား မေးကြည့်ကြသည်။

"ဒီတိုက်ကြီးနှစ်လုံးက ပုံစံတူဆိုတော့ ပိုင်ရှင်က တစ်ယောက်တည်း ဖြစ်ရမယ်။ ပိုင်ရှင်က ဘယ်သူလဲဗျ"

လန်ချားဆွဲသော ကုလားသည် လန်ချားဆွဲရသဖြင့် မောနေရသည့်အထဲ ကျေးတောသားနှစ်ဦးက အမေးအမြန်း ထူရန်ကောဟု မကျေမနပ်ဖြင့် ပြန်မကြည့်ဘဲ ဖြေ၏။

"မာလိုးနိမ်း"



www.burmeseclassic.com

www.burmeseclassic.com



ကျေးတောသားနှစ်ဦးမှာ ကုလား၏အဖြေကို ကြား
သော်'အားပါးပါး-တကယ့်ပုဂ္ဂိုလ်ကြီးပဲ'ဟု နှုတ်မှ မြည်တွန်မိကြ
သေး၏။

ဈေးအတွင်း ဝယ်စရာများဝယ်ခြမ်းပြီး သင်္ဘောဆိပ်
အဆင်းတွင်မူ တစ်ခေါ်လောက်၌ သင်္ဘောဆိပ်ကမ်းကို လှမ်းမြ
နေရပြီဖြစ်၍ ခြေလျှင်လျှောက်လာခဲ့ကြ၏။

အရေးယံ အသုဘချ၍လာသော လူအုပ်နှင့်တိုး၍
လမ်းဘေးသို့ ရှောင်တိမ်းပေးရသေး၏။ အသုဘမှာလည်
ကုလား အသုဘမှန်း သိသာလေသည်။ မြန်မာလူမျိုး
တစ်ယောက်မျှ မပါပေ။ အားလုံးပိတ်ဖြူများ ဝတ်ဆင်ထား
အသုဘအိမ်ဖြစ်ရာအိမ်မှ နေ့မကူးမီ အလောင်းကိုထုတ်၍
သယ်ယူလာခြင်းဖြစ်သည်။ ငွေကြေးချမ်းသာသော ကုလားဖြစ်
ရ၏။ လူအတော် စည်လေသည်။

အသုဘလူတန်းလွန်သော် လမ်းကြားမှ ဖြတ်ထွက်လာ
သော ကုလားတစ်ဦးက ကျေးတောသားနှစ်ဦး လက်ထဲ
ဆေးလိပ်မြင်ရာ သူ့အိတ်တွင်းမှ ဘီဒီဆေးလိပ် (ပွတ်ချွန်း ဆေး
လိပ်ငယ်) ကို ထုတ်ပြ၍ ဆေးလိပ်မီးတောင်းသည်။ ကျေးတော
သားတစ်ဦးက ဆေးလိပ်မီးပေးရင်း မြန်မာပီပီ ခရီးကြုံ
လိုက်၏။



"ခုချသွားတာ ဘယ်သူ့အသုဘလဲ"

မီးတောင်းသည့် ကုလားက သွားဖော်ရယ်၍ 'မာလိုး
နိမ်း'ဟု ပြောကြားကာ ဆလံပေးထွက်ခွာသွားသည်။

ကျေးတောသားနှစ်ဦးမှာ နေရာတွင်ပင် ပေ၍ ရပ်ကျန်
ရစ်သည်။ သူတို့နှစ်ဦး၏ မျက်နှာပေါ်တွင် အံ့ဩမှုနှင့် နှမြောတ
သမှု နှစ်မျိုးစလုံး ပေါ်လွင်လျက်ရှိ၏။

ကျေးတောသားတစ်ဦးက စုတ်သတ်၍ ပြော၏။

"အင်း-ကျွတ်ကျွတ်၊ သင်္ဘောကြီးလဲ ပိုင်တယ်။ သုံးထပ်
တိုက်သစ်ကြီးနှစ်လုံးလဲပိုင်တယ်။ တစ်ခြားဟာတွေလဲပိုင်တာ
ဘယ်လောက်ရှိလဲ မဆိုနိုင်ဘူး။ မာလိုးနိမ်းဆိုတဲ့ ဒီလောက်
ချမ်းသာတဲ့ကုလားကြီး သေရရှာလခြင်းကွာ၊ ကျွတ်-ကျွတ်"

"အေးလကွာ-နှမျောလိုက်ပါဘိ၊ သင်္ခါရ သဘောပဲ။
အမြဲ မရှိ-အနိစ္စလို့ တို့ဘုရားဟောတာပေါ့ကွ။ ပစ္စည်းသင်္ခါရ
လူသင်္ခါရ ပေပဲပေါ့"


ကျန်ကျေးတောသား တစ်ဦးကလည်း တရားသံဝေဖြင့်
သူ့အဖော်၏ စကားကို လိုက်ထောက်ခံပြီး သူတို့နှစ်ဦးသည်
သင်္ဘောဆိပ်သို့ ဆင်းခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျေးတောသားနှစ်ဦးတို့သည် 'မာလိုးနိမ်း'ဆိုသည့် ကုလားစကားကို လူနာမည်တစ်ခုဟု ထင်မှတ်နေကြခြင်းဖြစ်သည်။ စင်စစ် 'မာလိုးနိမ်း'ဟူသည့် ကုလားစကား၏ အဓိပ္ပာယ်မှာ'မသိဘူး'ဟူသော အဓိပ္ပာယ်ဖြစ်သည်။ မြန်မာပြည်တွင် အနေမကြာသေးဘဲ မြန်မာစကားကို နားထောင်ရာတွင် အသင့်အတင့်နားလည်သော်လည်း မြန်မာစကား အပြောမရသေးသည့် ကုလားများနှင့် ဆုံစည်းခဲ့ကြသည်ကို ကျေးတောသားနှစ်ဦး မသိရှိကြပေ။



## ရုက္ခစိုး နတ်သမီး

နတ်သား, နတ်သမီး ဟူ၍ရှိနေမှတော့ ရုက္ခစိုး နတ်သားရှိသလို ရုက္ခစိုး နတ်သမီးလည်း ရှိရမည်ပင်။ လောကီ ၃၇-မင်းနတ်စာရင်းတွင်လည်း နတ်အမေ(နတ်သမီး)များ ရှိနေ၏။ ဝိနည်းကျမ်းဂန် သုဒ္ဓပါစိတ် ဘူတဂါမ သိက္ခာပုဒ်ပညတ်ရခြင်း အကြောင်းတွင်လည်း၊ သစ်ပင်ကိုမှီ၍ နေသော နတ်မဓိသားစု အကြောင်းပါရှိ၏။

ပရိယတ္တိစာသင်တိုက် ဆရာတော်အား ရဟန်းတော်တစ်ပါးက ရုက္ခစိုးနတ်မဟူ၍ ရှိနိုင် မရှိနိုင် မေးလျှောက်ရာတွင် ဆရာတော်က အထက်ကအတိုင်း ရှင်းပြသည်။ ထို့ပြင် ကြားဖူးထားသော ရယ်စရာပုံပြင်ကလေးတစ်ပုဒ်ကိုပါ ပြောပြ၍ ဆရာတော်က ရှင်းလင်းပြလေသည်။

တစ်ခါက ပရိယတ်စာသင်တိုက်ကြီး တစ်တိုက်တွင် စာချစာသင် နာမည်ရ၍ စာလိုက်သံဃာ စည်ကားလာသည်။ သံဃာဘုန်း ပရိယတ်ဘုန်းဖြင့် ကျောင်းဒါယကာ ဒါယိကာမများလည်း ပေါများလျက်ရှိပြီး ကျောင်းဆောင်သစ်များလည်း

www.burmeseclassic.com



အလျှိုအလျှို ပေါ်ပေါက်လျက်ရှိသည်။ ကျောင်းဆောင်သစ် တစ်ဆောင်ဆောက်လုပ်ရန်အတွက် မြေနေရာ ရှင်းလင်းရာ သက်ရင့်ကုက္ကိုပင်ကြီးတစ်ပင်အား ခုတ်လှဲပစ်ရမည် ဖြစ်လေသည်။

ကျောင်းတွင် ထင်းအလို့ငှာ သစ်ပင်ခုတ်လှဲခြင်း၊ တိုက်တာဆောက်လုပ် မွမ်းမံခြင်းစသည့် ကိစ္စရပ်များအတွက် စီမံကြီးကြပ်ရန် တာဝန်ပေးထားသော ဦးပဥ္စင်းကြီးတစ်ပါး ရှိသည်။ ထိုဦးပဥ္စင်းကြီး ကျိန်းစက်စဉ် အိပ်မက်ထဲ၌ ကုက္ကိုပင်စောင့် ရုက္ခစိုး နတ်မသည် ဦးပဥ္စင်းကြီးအား ကျောင်းဆောင်သစ် အတွက် ကုက္ကိုပင်ခုတ်လှဲပါက သူမတွင် နေစရာမရှိပါကြောင်း ငိုယိုကာ လျှောက်ထားလာသည်။

ဦးပဥ္စင်းကြီးက ရုက္ခစိုးနတ်မအား ဖြောင့်ဖြ ပြောပြ၏။ ယခုလို ဖြစ်ရခြင်းအတွက် စိတ်မကောင်းကြောင်း၊ သာသနာ အကျိုး ပြုလုပ်ခြင်းဖြစ်၍ ကုသိုလ်ရပါကြောင်း၊ လောလောဆယ် ယာယီနတ်ကွန်းတစ်ခု ဆောက်လုပ်ထားပေးမည် ဖြစ်ပြီး နတ်ကွန်းဘေး၌ ကုက္ကိုပင်တစ်ပင် စိုက်ပေးထားမည် ဖြစ်ကြောင်း ပြောပြသည်။ ထို့ပြင် နတ်ကွန်းကိုလည်း ကောင်းကောင်းမွန်မွန် ဆောက်လုပ်ပေးမည်ဖြစ်၍ သုံးလေးရက်ကြာမည်ဖြစ်ရာ မနက် ဖြန်တွင် သစ်ခုတ်သမားများ မခုတ်လှဲမီ မနီးမဝေး ကျောင်းခြံ



ဆောင့်ရှိ ညောင်ပင်ကြီးမှ ရုက္ခစိုးနတ်ကြီးထံတွင် ယာယီနတ် ညှိ့သည်အဖြစ် နေထိုင်ခွင့်ရရန် ပန်ကြားပေးမည်ဖြစ်ကြောင်း ဖြင့် ဦးပဥ္စင်းကြီးက တာဝန်ခံပေးလိုက်သည်။ ဦးပဥ္စင်းကြီးထံမှ ကတိစကားရလျှင် ရုက္ခစိုးနတ်မသည် စိတ်သက်သာရ၍ ပြန် သွားလေသည်။

အိမ်မက်ဆိုပြားသော်လည်း ဦးပဥ္စင်းကြီးသည် အိပ်မက် ထဲက ကတိအတိုင်း နံနက်တွင် သစ်ခုတ်သမားများ ကုက္ကိုပင်ကို ခုတ်လှဲမီ ညောင်ပင်စောင့် ရုက္ခစိုးထံတွင် ပန်ကြားပေး၍ ကုက္ကို ပင်စောင့် ရုက္ခစိုးနတ်မအားလည်း အကျိုးအကြောင်းပြောပြကာ တိသဘောမျိုးဖြင့် ရွှေ့ပေးလိုက်သည်။ သစ်ပင်ကို ခုတ်လှဲနေ သလို တစ်ဖက်မှလည်း သင့်တော်ရာနေရာ တစ်ခုတွင် နတ်ကွန်း သစ်တစ်ခုကို ဆောက်လုပ်စေလေသည်။

သုံးလေးရက်ကြာ၍ နတ်ကွန်းဆောက်လုပ်ပြီးသော ခါ ညနေဘက်တွင် ဦးပဥ္စင်းကြီးသည် ညောင်ပင်သို့သွား၍ ရုက္ခစိုးနတ်မအား နတ်ကွန်းပြီးပြီဖြစ်ကြောင်း၊ ပြောင်းရွှေ့နေထိုင် နိုင်ပြီဖြစ်ကြောင်း ပြောပြပြန်ခဲ့သည်။

ညဉ့်အချိန်ကျိန်းစက်သော် အိပ်မက်တွင် ရုက္ခစိုးနတ်မ သည် ဦးပဥ္စင်းကြီးထံ ရောက်ရှိလာလေသည်။ သည်အခါ ရုက္ခစိုး နတ်မသည် ဦးခေါင်းကို ငုံ့ထားပြီး ရှက်ကိုးရှက်ကန်းအမူအရာ

www.burmeseclassic.com

www.burmeseclassic.com



ပါနေသည်ကို ဦးပဉ္စင်းကြီး သတိထားလိုက်မိသည်။ ရက္ခစိုး နတ်မအား ဦးပဉ္စင်းကြီးက 'နေရထိုင်ရတာ အဆင်ပြေရဲ့လား'ဟု မေးလိုက်သည်။

"မှန်ပါ၊ တပည့်တော်မ လျှောက်ရမှာ အားနာရှက်ရွံ့လှ ပါတယ် ဘုရား"

"အားမနာနဲ့လေ အသင်မှီနေတဲ့သစ်ပင် ဖျက်ဆီးခံ တော့ အသင် နေထိုင်စရာ အစားတစ်ခုလုပ်ပေးဖို့ ကျုပ်တို့ ဘုန်းကြီးရဟန်းမှာ တာဝန်ရှိတယ်လေ"

"အဲဒါပြောတာ မဟုတ်ဘူးဘုရား။ တပည့်တော်မ နတ်ကွန်းကို သွားလို့မရတော့ဘူး။ ညောင်ပင်က ရက္ခစိုးနတ်မင်း ကလဲပြန်မလွှတ်တော့ဘူး။ တပည့်တော်မ သူနဲ့အတူတူနေတော့ မယ်ဘုရား။ တပည့်တော်မကို ခွင့်ပြုပါဦး"

ရက္ခစိုးနတ်မသည် ပြောပြောဆိုဆို ဝပ်ချလျှ ထွက်သွားလေသည်။ ဦးပဉ္စင်းကြီးမှာသာ ညဥ့်အမှောင် အတွေး တစ်မျိုးကြီးနှင့် ကျန်ရစ်ခဲ့ပြီး အိပ်ရာမှလန့်နိုးခဲ့ လေသတည်း။

-----။-----



အနုမောဒနာတရား

www.burmeseclassic.com

www.burmeseclassic.com

## အနုမောဒနာ တရား

ရဟန်းသံဃာလောကတွင် စာသင်သား ရဟန်းငယ် ဝ အနေနှင့်ရှောင်လွှဲ၍ ရနိုင်သော်လည်း စာသင်သားအဖြစ် ွန်မြောက်၍ စာချဘုန်းကြီးဘဝ ကျောင်းထိုင် ကျောင်းပိုင် ဝ စာရင်းဝင်လာသောအခါ ဟောရေးပြောရေး ကဏ္ဍမှာ စ်နေ့တစ်ခြား ရှောင်လွှဲ၍ မရတတ်တော့ပေ။

ယင်းအတွက် ဟောကွက်ပြောကွက် ဟောကျင့်ပြော င့်များ ရှာဖွေစုဆောင်း လေ့ကျက်ကြရပေသည်။ ဤတွင် ာထိကတို့၏ လက်စွဲဖြစ်သော အင်္ဂုတ္တိုရ်ကျမ်းမှ အင်္ဂါရပ်များ၊ ်းအပြစ်များသည် ကုန်နိုင်ဖွယ်မရှိသော ရေးကူး ကျက်မှတ် များ ဖြစ်လာ၏။ ထို့ကြောင့်ပင် ဟောရေးပြောရေးကဏ္ဍနှင့် ်သက်ပြီး ဘုရားတည် ကျောင်းဆောက် ဆွမ်းအလှူ အလှူစသည် အလှူဒါနအကျိုး မြောက်များစွာပါဝင်သော ်တ္တိုရ်ကျမ်းကို ရည်ညွှန်း၍ "စားလို သောက်လို အင်္ဂုတ္တိုရ်"ဟု ်အဆက် ပြောစမှတ်ပြုကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာဦးကျောင်းတွင် ကျောင်းထိုင်ပြီးစ ရဟန်းငယ်တစ်ပါးသည် ဟောရေး ပြောရေးအတွက် အင်္ဂုတ္တိုရ်ကျမ်းလာ ဒါနအကျိုးတရားမျိုးစုံကို လေ့လာကျက်မှတ်လျက်ရှိ၏။ အဟောအပြောလေ့ကျင့်သည့် အနေဖြင့် ကျောင်းသို့ တစ်မျိုးမျိုးလာရောက် လှူဒါန်းသူအား ဆိုင်ရာ အလှူအကျိုးကို အနုမောဒနာတရားတို တစ်ပုဒ်ဟော, ဟောလွှတ်ပေးတတ်သည်။

တစ်နေ့တွင် အလှည့်ကျဆွမ်းအုပ် လာရောက်ပို့လှူသူ ဒါယိကာမငယ်နှစ်ယောက်အား ဆွမ်းလှူအကျိုးအာနိသင်ကို ဟောပြ၏။

ဆွမ်းလှူအကျိုး ငါးပါးရှိ၏။ (၁) အသက်ရှည်ခြင်း၊ (၂) အဆင်းလှခြင်း၊ (၃) ချမ်းသာခြင်း၊ (၄) ခွန်အားကြီးခြင်း၊ (၅) ဉာဏ်ပညာကြီးခြင်း၊ ထိုအကျိုးငါးမျိုးရရှိခြင်းမှာ ဘုဉ်းပေးသုံးဆောင်သည့်ပုဂ္ဂိုလ်တွင် ထိုအကျိုးငါးပါး ဖြစ်ထွန်းသည့်အတွက် အလားတူ အကျိုးမျိုးကို လှူသူအား ပြန်ရနိုင်ခြင်း ဖြစ်ပေသည်။

တရားဆုံးသော် ဆွမ်းအလှူရှင် ဒါယိကာမငယ်များ ကျေနပ်နှစ်သက်မှုရရှိသွားကာ ဦးချကန်တော့၍ ပြန်ကြသည်။

ကျောင်းလှေကား အဆင်းတွင် ရေလာပို့လှူသူ နှစ်ဦးနှင့် ဆုံသည်။ ကျောင်းရေတွင်းမှာ မကောင်းသဖြင့် သောက်ရေအတွက် ရွာထဲတွင်းမှ သယ်ယူ၍ လာရောက်ပို့လှူ ကြခြင်းဖြစ်



သည်။ ရေပို့လှူသူများက သူတို့နှင့်မှ တစ်ပါတည်းပြန်ပါ ပြောသဖြင့် ဆွမ်းဒါယိကာမ ၂-ယောက်မှာ ဆွမ်းအုပ်ချ၍ ကျောင်းလှေကားရင်းတွင် ထိုင်စောင့်နေကြရသည်။

ရေပို့လှူသူ နှစ်ဦးအား ကျောင်းထိုင် ကိုယ်တော်က အနုမောဒနာ တရားတစ်ပုဒ် ဟောပြန်၏။

ရေလှူခြင်းအကျိုး ၁၀-ပါးရှိ၏။(၁) အသက်ရှည်ခြင်း၊ (၂) အဆင်းလှခြင်း၊ (၃) ချမ်းသာကြီးခြင်း၊ (၄) ခွန်အားကြီးခြင်း၊ (၅) ဉာဏ်ပညာကြီးခြင်း၊ (၆) စင်ကြယ်သန့်ရှင်းခြင်း၊ (၇) ကျော်စောခြင်း၊ (၈) အခြံအရံပေါခြင်း၊ (၉) မွတ်သိပ်မှုကင်းခြင်း၊ (၁၀) အလျှင်အမြန် ခရီးပေါက်ခြင်း။ ရေကိုသောက်သုံးရသူ ရရှိနိုင်သည့် ထိုအကျိုး ၁၀ပါးကို မတောင်းဘဲပင် ပြန်ရရှိနိုင်လေ၏။

တရားဆုံးသော် ရေပို့လှူသူ ၂-ဦးသည် ကျေနပ်နှစ်သက်မှုတရားပီတိဖြင့် ကျောင်းထိုင်ကိုယ်တော်အား ဝပ်ချ၍ ပြန်ကြသည်။

ကျောင်း လှေကားရင်းတွင် ခဏဟု ထိုင်စောင့် နေကြသော ဆွမ်းဒါယိကာမနှစ်ဦးသည် ရေအကျိုး ၁၀-ပါး တရားကို အဝေးမှနေ၍ ကြားနာလိုက်ရသည်။ ဆွမ်းလှူအကျိုး နှင့် ရေအလှူအကျိုး တရား ၂-ပုဒ်ကို နှိုင်းယှဉ်ကြည့်မိပြီး စောစောက ရရှိထားကြသော ကျေနပ်နှစ်သက်စိတ်များ ပျောက် ပြယ်ကုန်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အကုန်အကျခံပြီး ချက်ပြုတ်လုပ်ကိုင် ပို့လှူသူမှာ အကျိုးငါးပါး ရရှိ၍ ရေတစ်အိုး အလကားခတ်ပို့လာသူအား အကျိုး ဆယ်ပါးရရှိသည်မှာ သဘာဝမကျဟု တွေးထင်လိုက်သည်။ ကျောင်းထိုင်ကိုယ်တော်သည် မျက်နှာလိုက်၍ တရားဟောသည် ဟု သံသယဝင်ကာ ပုထုဇဉ် မိန်းမသားများပီပီ ဝန်တိုစိတ်ပင် ဖြစ်ပေါ်၍ပင်လာသည်။

ဆွမ်းဒါယိကာမနှစ်ဦးသည် ရေ ဒါယိကာမ နှစ်ဦးအား ခေတ္တစောင့်စေကာ ကျောင်းပေါ်ပြန်တက်၍ သူတို့၏ မကျေနပ်မှုကို ကျောင်းထိုင်ကိုယ်တော်အား လျှောက်တင်သည်။

ကျောင်းထိုင်ကိုယ်တော်မှာ ဒါယိကာမများအား တစ်ထိုင်တည်းနှင့် တရားနှစ်ပုဒ် ဟောမိခဲ့ရာ အခက်ကြုံရသည့်ကိန်းဆိုက်နေ၏။ တရားတော်တွင် ပါရှိသည့်အတိုင်း ဟောပြခဲ့ခြင်းဖြစ်သည်။ အဋ္ဌကထာ ဋီကာများထိ ရှာဖွေကြည့်ရှုနိုင်မှာသာ ထိုပြဿနာ ပြေလည်သွားနိုင်စရာရှိ၏။ လောလောဆယ်တွင် ဆွမ်းဒါယိကာမများ ကျေနပ်မှုရရှိသွားစေရန် ကျောင်းထိုင်ကိုယ်တော်အဖို့ အရေးကြီးနေပေတော့သည်။ ဖြတ်ထိုးဉာဏ်သုံး၍ ကျေနပ်ခိုင်းရတော့သည်။

"ကဲ-ဒါယိကာမတို့ ဆွမ်း-ဆွမ်းဟင်းချက်တော့ ရေမပါဘဲ ကိစ္စပြီးကြလို့လား"



"မှန်ပါဘုရား၊ ဆွမ်းမှာရော ဆွမ်းဟင်းမှာရော ရေမပါဘဲ ချက်မရပါဘူး ဘုရား"

"အဲဒါပေါ့-ဒါယိကာမတို့ ဆွမ်းအလှူကို အဓိကထား ဟောလိုက်တော့ အကျိုးငါးပါးဖြစ်သွားတာပေါ့။ ဆွမ်း ဆွမ်းဟင်း ချက်ရာမှာပါတဲ့ ရေအကျိုး ၁၀-ပါးနဲ့ခြုံပြီး ထပ်ပေါင်းလိုက်ရင် အကျိုး ၁၅-ပါးတောင် ရရောမဟုတ်ပေဘူးလား"

ထိုအခါမှ ဆွမ်းဒါယိကာမများမှာ 'မှန်လှပါ၊ တပည့်တော်မတို့ သဘောပေါက်ပြီ ဘုရား' ဟုလျှောက်ထားပြီး ကျေနပ်နှစ်သက် ပြန်သွားကြလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# အနက်ထင်သူ

ရဟန်းတော်များ၏ ပရိယတ္တိစာပေလောကတွင် ပါဠိသဒ္ဒါသည် အခြေခံဖြစ်၏။ စာမေးပွဲ စနစ်ဖြင့် သင်ယူသည်ဖြစ်စေ၊ ကျမ်းရိုး စာကြီးဖောက်ဖြင့် သင်ယူသည်ဖြစ်စေ သဒ္ဒါအခြေခံတော့ ပါကြရ၏။ ဝါကျတစ်ခု၏ အတွင်းရှိ ပါဠိပုဒ်တစ်ပုဒ် တွေ့ရှိသည်နှင့် ဤပုဒ်သည် သန္ဓိပုဒ်လား၊ နာမ်ပုဒ်လား၊ အာချတ်ပုဒ်လားဆိုသည်ကို မြင်ရုံနှင့် ခွဲပြားရ၏။ ဘာပုဒ်၊ ဘာပုဒ်စပ်၊ ဘာဓာတ်၊ ဘာပစ္စည်း၊ ဘာဝိဘတ် ခွဲခြားသိရ၏။ သဒ္ဒါ အနက်က ဘယ်လို၊ အဓိပ္ပာယ်အနက်က ဘယ်သို့သဘော ပေါက်ရ၏။ စကားဆက်အစဉ် (အနုသန္ဓေ)၊ ပုဒ်အဆက်အစပ် (စာစပ်)ကိုနားလည် ကြရ၏။

ဤသို့ သဘောပေါက်နားလည်ပါမှလည်း ပါဠိဘာသာပိဋကတ်စာပေများကို လေ့လာရာတွင် ကျွမ်းကျင် နိုင်နင်းမည်ဖြစ်ပေသည်။ ထိုသို့ ကျွမ်းကျင်နိုင်နင်းရန်အတွက်လည်း ပါဠိသဒ္ဒါကိုအခြေခံ၍ သင်ယူကြရခြင်း ဖြစ်လေသည်။



ပရိယတ္တိ ပါဠိသဒ္ဒါသင်ခဲ့ဖူးသော ရဟန်းပုဂ္ဂိုလ်ဖြစ်စေ၊ ...တန်းဘဝက လူထွက်လာသော ရဟန်းလူထွက် ပုဂ္ဂိုလ်ဖြစ်စေ ...သင်သားဘဝ သဒ္ဒါရေးသင်ကျင့် ပါလာသည်လား မပြော ...တ်ပေ။ စကားတစ်ခု အကြောင်းကိစ္စတစ်ခုနှင့်ကြုံလျှင် ဖြန့်၍ ...တ်စုံစဉ်းစားတတ်ပြီး အဓိပ္ပာယ် ၂-မျိုး ၃-မျိုး သဘောပေါက် ...ဖြစ်နေတတ်၏။ ထို့ကြောင့်ပင် အချို့သာမန်အရပ်သူ အရပ် ...းများနှင့် အကြောင်းအရာတစ်ခုခုကို ဦးတည်ဘွေးနွေး ပြော ...းကြပြီ ဆိုသောအခါ အဆင်မပြေရှိတတ်ပြီး အန်ချော်နေ ...တ်၏။ တစ်ခါတစ်ခါတွင် ထိုသို့ ဘက်စုံစဉ်းစားလွန်သဖြင့် ...ဝေသည့်ဖက် ယိမ်းပြီး ဝီရိယလွန်တော့ ဥဒ္ဓစ္စဖြစ်ကာ ကြီး ...းချမ်းသာရေးဖက်တွင် အကျိုးမပြီး ရှိခဲ့ကြလေသည်။ တစ်ချို့ ...မဟုတ်သည့် ကိစ္စကလေးကိုပင် ရေးကြီးခွင်ကျယ် အဖြစ်မျိုး ...သို့ ရောက်ရှိသွားတတ်ပေ၏။

တစ်ခါသော် ရဟန်းလူထွက်တစ်ဦးသည် မုဆိုးမတစ်ဦး ...နှင့်အိမ်ထောင်ရက်သားကျပြီး မိန်းမနှင့်အတူနေ၏။ မိန်းမမှာ ...ည်း'လှေတစ်ခါစီး ဆေးလိပ်တစ်မီးသေ' ဆိုသည့်အတိုင်း ...င်သားကို ပြုစုလျက် အိမ်ထောင်ထိန်းသိမ်းရာတွင် အဆင်... ...တ်ညောလှပေသည်။ လင်သားဖြစ်သူ ရဟန်း... ...ပြန်လာလျှင် ရေချိုးဖို့အဆင်သင့်၊ ထမင်း ...နေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ညနေ ထမင်းပွဲ၌ ရဟန်းလူထွက် ကြိုက်တတ်သည့် ဝက်သနီချက်ကို ချက်ပြုတ်ပြင်ဆင်ထားရုံမက မိမိငယ်ကြိုက် ရှောက်သီးသုတ်ကလေးကိုပါ စီမံထားရာ မိန်းမလုပ်သူသည် ကျေနပ်နှစ်သက်မှု အပြည့်ဖြင့် ထမင်းပွဲပြင်၍ လင်တော်မောင်အား စောင့်နေလေသည်။ ရဟန်းလူထွက်လည်း ရေမိုးချိုးပြီး၍ ထမင်းပွဲသို့ဝင်လာသော် မိမိကြိုက်နှစ်သက်သော ဟင်းကိုတွေ့ရ၍ သဘောကျပြုံးရွှင်ကာ ထမင်းဆာဆာနှင့် လက်ဆေးစားပါတော့သည်။

လင်ကိုယ်မယားနှစ်ဦး ထမင်းလက်ဆုံ စကားလက်ဆုံဖြင့် ထမင်းစားလို့မှ တစ်ပန်းကန်ပင်မကုန်တတ်သေး၊ တောင်ဖက်နှစ်အိမ်ကျော်လောက်မှ ခွေးနှစ်ကောင် ကျားစီးဖားစီးကိုက်သံက ကျယ်လောင်စွာ ကြားလာရသည်။ ခွေးကိုက်သံကြားသော် ရဟန်းလူထွက်၏ ထမင်းစားသွက်နေသော လက်မှာလေးတွဲ့၍သွားသည်။ နောက် လက်တွင်ဆုပ်ထားသော ထမင်းလုပ်ကိုပင် ပန်းကန်ထဲပြန်ထည့်ကာ 'တော်ပြီကွာ' ဟု ထမင်းစားဝိုင်းမှ ထ,ဖို့ပြင်လေသည်။

မိန်းမလုပ်သူခမျာ ပျာပျာသလဲ ဖြစ်သွားရှာ၏။ ထမင်းထဲမှာပင် ခဲ သဲ ပါသွားလေသလား၊ သို့တည်းမဟုတ် ဝက်သားဟင်းထဲမှာပင် အမွှေးအမျှင် ပါသွားလေသလား-ဟု စိုးရိမ်သွားသည်။



"ဘာဖြစ်လို့လဲဟင်၊ ထမင်းဟင်းထဲ ဘာတွေ့လို့လဲ။ စားကောင်းလို့လား"

ရဟန်းလူထွက်က လက်ဆေးခွက်တွင် လက်နှိုက်ဆေးရင်း ဖြေ၏။

"ခု-ခွေးကိုက်နေတာ မင်းမကြားဘူးလား"

"ကြားသားပဲ၊ ဟိုနှစ်အိမ်ကျော်က ခွေးကိုက်တာနဲ့ ဒီက ထမင်းစားနေတာ ဘာဆိုင်လို့လဲ"

ရဟန်းလူထွက်သည် လက်ဆေးပြီး၍ လက်ကိုပင် လက်သုတ်ပဝါဖြင့် သုတ်နေလေပြီ။

"အဲဒါကြောင့် မင်းတို့ခက်တာပေါ့။ ခု ခွေးကိုက်သံ ဘယ်ကကြားလဲ၊ တောင်ဖက် နှစ်အိမ်ကျော်အိမ်ရဲ့ နောက်ဖေးဘက်ကတာ။ အဲဒီအိမ်က မတ်တတ်အိမ်သာ သုံးတာ။ တစ်ဦးဦး အိမ်သာတက်တာကို ခွေးနှစ်ကောင်လုစားရင်း ကိုက်ကြတာပေါ့ဟ။ ရွံစရာကြီး။ တော်ပြီ- နောက်တော့မှ စားတော့မယ်"

မိန်းမက ထမင်း ဆက်စားရင်းမှ 'ကဲ-ကဲရန်ကော' ဟု လင်တော်မောင်အား မျက်လုံးလှန်ကြည့်ရင်း ပြုံး၏။


"ဘာလဲ မင်းက ဘာပြုံးတာလဲ။ မပြုံးနဲ့ကွ။ ငါတို့တွေက အဲဒီလို လူစားတွေ။ ရဟန်းလူထွက်ဆိုတာ အနက်ကထင်ပါဘိ သနဲ့"

www.burmeseclassic.com



ပြောပြောဆိုဆို ထမင်းဝိုင်းကနေ လင်တော်မောင် ထွက်သွားမှ ရဟန်းလူထွက်ကတော်သည် ထမင်းဆက်စားရင်း ဆက်၍ ပြုံးနေလေတော့၏။

-----။-----



## ကျမ်းစာအကိုးပြ၍ သတို့သမီးရသူ

မြန်မာစကားတွင် 'ဘုရားဆုပန်-မင်းယောကျ်ား' ဟုရှိ၏။ တစ်နည်းအားဖြင့် ယောကျ်ားသား ပုရိသတို့၏ ကြုံးဝါးသံ တစ်မျိုးလည်းဖြစ်နိုင်ပေ၏။

လူမျိုးတိုင်းတွင် ဣတ္ထိယ မိန်းမသားတို့ထက် ပုရိသယောကျ်ားတို့က သာလွန်မြင့်မြတ်သည်ဟူသော အယူအဆရှိသည်အားလျော်စွာ အရာဌာနကိစ္စများစွာ၌ များသောအားဖြင့် ယောကျ်ားသားတို့ကသာ ရှေ့တန်းနေရာ ရတတ်ကြပေသည်။ တစ်စုံတစ်ရာသော လူ့လောက အခြေအနေများမှအပ ကိုယ်ခန္ဓာဖွံ့စည်းပုံအရရော စိတ်ဓာတ်ရေးရာ ကြံ့ခိုင်မှုအရရော ရေရှည်မှာ ဦးဆောင်မှုနေရာ ရထိုက်သည် အမှန်ပင်ဖြစ်ပေ၏။ ထို့ကြောင့်လည်း 'ဘုရားဆုပန် မင်းယောကျ်ား' ဟု ယောကျ်ားသားတို့၏ ကြုံးဝါးသံကို အမျိုးသမီးထုဘက်မှလည်း ပြင်းပြင်းထန်ထန် ကန့်ကွက်သံ မကြားရဟု ဆိုရပေမည်။

ပြုနိုင်ခဲ့သော ပါရမီဖြည့်ဆည်းမှုဖြင့် ပုရိသယောကျ်ားသားတို့သာ ပန်ဆင်ထိုက်သော 'ဘုရားဆု' ကိုမှ ပန်ဆင်ချင်သူ ဣတ္ထိယအမျိုးသမီးတစ်ဦး ရှိခဲ့ဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



ရတနာပုံခေတ် မင်းတုန်း မင်းတရားကြီးလက်ထက် သီလရှင်ဆရာမကြီး ဒေါ်ကင်းသည် ဗန်းမော်ဆရာတော်ထံသို့ သီလရှင်ငယ်တစ်ပါးအား စေလွှတ်၍ သဘော်သီးအလှူခိုင်းပြီး (သဘော်သီးလှူရသော ကောင်းမှုဖြင့် ဘုရားဆုပန်ပါ၏။)ဟု အမှာပါးလျှောက်ထားခိုင်းလိုက်၏။ ဗန်းမော်ဆရာတော်က သီလရှင်ဆရာကြီး ဒေါ်ကင်းထံ အမှာ ပြန်ကြားလိုက်သည်ကား (အိမ်း-တို့မှာရှိတဲ့ဥစ္စာကို ဒင်းဆီရောက်အောင် အလျဉ်ပြုချေဦး) ဟူ၍ဖြစ်ပေ၏။

ဆရာတော်ဆိုလိုသည့် အဓိပ္ပာယ်မှာ ယုတ်နိမ့်လှသော မိန်းမ၏ ကိုယ်အဖြစ်ဖြင့် မြင့်မြတ်လှသော ဘုရားဆုကို မပန်ဆင်သင့်ကြောင်း၊ ယောကျ်ား ၏ကိုယ်အဖြစ်ကို ဦးစွာဆုတောင်းရမည်ဖြစ်ကြောင်း ဆိုလိုပေ ၏။ သို့သော် ကဗျာဉာဏ်ရှင်သူ ဗန်းမော်ဆရာတော်၏ ဝက်ဝုတ္တိ အလင်္ကာစကားပရိယာယ်တွင် အခြား အဓိပ္ပာယ်တစ်မျိုးက ပေါ်လွင်ထင်ရှားနေရာ စာပေပညာရှင် အချင်းချင်းတို့၏ ရင်းနှီး ရင်းစွဲဖြင့် အပြန်အလှန်စာချိုးများသည် မြန်မာစာပေလောကတွင် ဟာသရသကဗျာများ ထင်ကျန်စေခဲ့ပေ၏။

သီလရှင်ဆရာကြီး ဒေါ်ကင်းသည်သာ ဘုရားဆုယူမင်းယောကျ်ားအဖြစ်ကို အားကျခဲ့သည်မဟုတ်၊ ဤမှာဖတ်ခေတ်တွင် မြမြကြည်သည်လည်း ဒေါ်ကင်းကဲ့သို့ ဘုရားဆုမပန်သော်ငြားလည်း ယောကျ်ားဆုကိုတော့ ပန်ဆင်ခဲ့ဖူးပေ၏။



မြမြကြည်သည် အသက်သုံးဆယ်အရွယ် အပျိုကြီးတစ်ဦးဖြစ်၏။ ဆံပင်အရှည် ရင်ဖုံးအင်္ကျီနှင့် သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းလျက် မြန်မာဆန်ဆန် ယဉ်ကျေးသိမ်မွေ့၍ ဘာသာတရား ကိုင်းရှိုင်းသူဖြစ်၏၊ ငယ်စဉ်ကပင် မိဘများ ဥပုသ်စောင့်သွားတိုင်း နောက်မှ ယောဂီတဘက်ကလေးနှင့် အမြဲပါ၏။ ကျောင်းသူဘဝနှင့်ပင် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲနှင့် အဘိဓမ္မာစာမေးပွဲတို့ကို အဆင့်လိုက် ဖြေဆိုအောင်မြင်ထားသူဖြစ်၏။

မြမြကြည် အပျိုကြီး ဖြစ်ရသည့်အကြောင်းမှု အများနှင့်တော့တစ်မူထူးခြား၏။ မြမြကြည်လို ချောမွေ့လှပ၍ ယဉ်ကျေးသိမ်မွေ့သူတစ်ဦးအား ပိုင်ဆိုင်လိုချင်သူ ပေါလှ၏။ ခက်သည်မှာ မြမြကြည်သည် ဘယ်သူနှင့်မှ အချစ်ရေးကိစ္စလက်မခံခဲ့ပေ။ မြမြကြည်အပါးသို့ ချဉ်းကပ်လာသမျှ ကြီးကြီးငယ်ငယ် အစ်ကိုကာလသားတို့မှာ သူမ၏ ယဉ်ကျေးစွာ အငြင်းပယ်ခံရသည်ချည်းဖြစ်၏။

မြမြကြည်အား 'ဗြဟ္မာပြည်က ဆင်းသက်လာသူများ' အားဟုထင်စရာဖြစ်၏။ သူမသည် ပျိုရွယ်သူ အမျိုးသမီးတစ်ဦးနှင့်စရိုက် သွင်ပြင်ဟန် မပေါ်လွင်ဘဲ အချစ်ရေး, အိမ်ထောင်ရေးကိုရှုံ့ပယ် ထားသကဲ့သို့ နေထိုင်၏။ သိရှိရသလောက် အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး၏ ဖြစ်စဉ်နှင့် ဘဝအပေါ် ကြိုက်နှစ်သက်ခြင်းလည်း မရှိပေ။ မြင့် မြတ်သော ရဟန်းပဋ္ဌင်းပြုခွင့်ရသည့် ယောကျ်ားလေးတစ်ဦး၏ ဘဝဖြစ်စဉ်ကို လိုလားမြတ်နိုးနေပြီး နောင်ဘဝတွင် ယောကျ်ားလေးဖြစ်ရန်သာ ဘုရားရှိခိုးတိုင်း ဆုတောင်း၍ နေလေသည်။ မိန်းမသားတစ်ဦး၏ စရိုက်အမူအယာနှင့် မလေ့ဝသီကို ကြဉ်ရှောင်ကာ အမျိုးသမီးတို့၏ သီးခြားတာဝန်များ ဖြစ်သည့် အာဝေဏိကတရား ငါးပါးနှင့် နီးနွယ်လိုခြင်း တော့ပုံ မရပေ။

ဒါထက် မြမြကြည်သည် ဒီပနီစာအုပ်တစ်အုပ်ထဲ တရားစာပါဠိတစ်ပုဒ်ကိုလည်း မြန်မာပြန်နှင့်တကွ ဖတ်ဖူးထား၏။ ထိုအကြောင်းအရာကိုပင် တရားဟော မဲ့ကထိက ဆရာတော်တစ်ပါး ဟောကြားသော တရားတိတ်ခွေထဲ ထပ်မံ၍ နားကြားရပြန်ရာ ပါဠိကို ရေးကူး၍ မှတ်သားထား (ဘာကြောင့် အပျိုကြီးဖြစ်ရတာလဲ) ဟူ၍ မေးမြန်းလာသူများအား ကျမ်းဂန်အကိုးအကား ခိုင်ခိုင်မာမာနှင့် ရှင်းပြလေ့ ပေ၏။

ဣတ္ထိယော ပန ဒါနာဒီနိ ပုညာနိ ကတွာ ဣတ္ထိဘာဝေ ဆန္ဒံ ဝိရာဇေတွာ 'ဣဒံ နော ပုညံ ပုရိသတ္တဘာဝပဋိလာဘာ သံဝတ္တတူ'တိ စိတ္တံ အဓိဋ္ဌဟိတွာ ကာလံ ကတွာ ပုရိသတ္တဘာ ပဋိလဗ္ဘန္တိ။ (ဓမ္မပဒအဋ္ဌကထာ၊ သောရေယျဝတ္ထု)



အဓိပ္ပါယ်မှာ အမျိုးသမီးတို့သည် အလှူပေးခြင်းစသည့် ကုသိုလ်ကောင်းမှု ပြုကြသည့်အခါ မိန်းမတစ်ဦး၏ စိတ်ဆန္ဒမျိုးကို ပယ်ဖျောက်ပြီး 'ဤကောင်းမှုကြောင့် ယောကျ်ားစင်စစ် ဖြစ်ရပါလို၏'ဟု အဓိဋ္ဌာန်လျက် ဆုတောင်းပါက ကွယ်လွန်လျှင် ယောကျ်ားသားဘဝသို့ ရရောက်နိုင်ပေ၏။

သည်နှယ်ကျမ်းဂန်အကိုးအကားကို ဆုပ်ကိုင်လျက် မြမြကြည် အပျိုကြီးစာရင်း ဝင်ခဲ့ခြင်း ဖြစ်ပေ၏။ နောက်ဘဝ ယောကျ်ားဆုပန် ထားသူပီပီ မိန်းမသားတစ်ဦး၏ မလေ့လက္ခဏာကို ရှောင်ရှားသူ မြမြကြည်အား စိတ်ထားပြောင်းလဲအောင် မစွမ်းဆောင်နိုင် ကြတော့သဖြင့် လူပျိုကာလသားတို့လည်း လက်လျှော့ကြရပြီ ဖြစ်တော့၏။

ဤသို့သော အချိန်အခါ အခြေအနေတွင် 'မြမြကြည်တစ်ယောက် အိမ်ထောင်ပြုတော့မည်'ဟူသော သတင်းဆန်းကြောင့်အားလုံး အံ့သြကြရ၏။ မြမြကြည် အိမ်ထောင်ပြုမည့် အမျိုးသားမှာလည်း 'ပဋ္ဌင်းလူထွက်တစ်ဦး'ဟု သိရသော အခါမူ သာ၍ပင် အံ့သြစရာဖြစ်ခဲ့၏။ အထူးသဖြင့် မြမြကြည်အား ပိုးပန်းခဲ့ဖူးသူ အစ်ကိုကာလသားလောက တစ်ခုလုံး ထိုသတင်းကြောင့်လှုပ်ခတ်သွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ပဥ္စင်းလူထွက်သည် အများပြောပြောနေသော 'တို့ဆေး' အစွမ်းကို အသုံးပြုပြီး အပျိုကြီး မြမြကြည်အား လှည့်စားနိုင်ခဲ့လေသလားဟု တွေးထင်သူတွေ တွေးထင်ကြ၏။ တချို့ကလည်း ပဥ္စင်းလူထွက်သည် ဓမ္မာစရိယဘွဲ့ရ စာတတ်ပေတတ် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်အလျောက် ဗေဒင်ယတြာ ကိန်းခန်းများတွက်ချက်၍ စီမံခဲ့ပြီး အပျိုကြီးအား လိုရာသို့ ဆွဲဆောင်သိမ်းသွင်းနိုင်ခဲ့သည်ဟု တွက်ဆကြသူ တွက်ဆကြ၏။

နောက်ဆုံးတွင် ရင်းနှီးသူများမှတစ်ဆင့် ပဥ္စင်းလူထွက်အနီးချဉ်းကပ်၍ မေးမြန်းခဲ့တော့မှ အကြောင်းမှန်သိရှိကာ အဓိပ္ပာယ်ပါပါ ပြုံးမိကြလေ၏။

ပဥ္စင်းလူထွက်နှင့် အပျိုကြီး မြမြကြည် တို့သည် ဘုန်းတော်ကြီးကျောင်း အသံမစဲ ပဋ္ဌာန်းရွတ်ပွဲတွင် တွေ့ဆုံမိကြ၏။ တိုက်အုပ်ဆရာတော်က မိတ်ဆက်ပေးသဖြင့် သိကျွမ်းကြပြီး ပဋ္ဌာန်းပွဲရက်အတွင်း ရင်းနှီးခင်မင်၍ သွားကြ၏။ တွေ့တွေ့ချင်းဆိုသလို ပဥ္စင်းလူထွက်သည် မြမြကြည်အား မျက်စိကျသွား၏။ မြမြကြည်ကလည်း အကင်းပါးရိပ်မိ၏။ သူ့ထုံးစံအတိုင်း ရေးကူးမှတ်သားထားသော တရားပါဠိစာကို ပဥ္စင်းလူထွက်အား ထုတ်၍ပြသ၏။ ထိုတရားပါဠိစာသည် သူမ အပျိုကြီးဖြစ်ရခြင်းအကြောင်း(ဝါ) အိမ်ထောင်မပြုခြင်းအကြောင်း ဖြစ်သလို သူမ



အပါး တိုးကပ်လာသူအား တားမြစ်ဇရိယာ ဆိုင်းဘုတ်အဖြူထောင်ပြခြင်းလည်း ဖြစ်ပေ၏။

မြမြကြည်ပြသသည့် ပါဠိစာကို တွေ့ရသည်တွင် ပဥ္စင်းလူထွက်၏ မျက်နှာမှာ ဝင်းလက်သွားသည်။ ယင်းပါဠိစာကို ပဥ္စင်းလူထွက်တွေ့ဖူးပြီး ဖြစ်သည်။ ဘယ်ကျမ်း ဘယ်ဇာတ်တော်တွင်ပါရှိသည်ကိုသာ ရှာဖွေရန်လိုသည်။ ထိုပါဠိစာမှာ ပြီးပြည့်စုံသော ပါဠိစာမဟုတ်။ စာပိုဒ်နှင့်တစ်ဆက်တည်း အကြောင်းအရာတစ်ချက် လိုနေသေးသည် ထင်၏။

ပဥ္စင်းလူထွက်သည် ဘုန်းကြီးကျောင်းဗီရိုထဲမှ သားရေဖုံးပိဋကတ်စာအုပ်များကို ထုတ်၍ တစ်အုပ်ပြီးတစ်အုပ် လှန်လှောရှာဖွေသည်။ ပါဠိတော်ကျမ်းဂန်များနှင့် နီးစပ်သူအဖို့ သိပ်မရှာလိုက်ရပေ၊ တွေ့ပါပြီ။ ဓမ္မပဒအဋ္ဌကထာ ပထမတွဲ စာမျက်နှာ ၂၀၈။ အကြောင်းအရာပါ ပါဠိစာသားများကို မင်နီဖြင့် အန်ဒါလိုင်းတား၍ ဘေးမာဂျင်၌ ခရေပွင့်အမှတ်အသားပြုထားလိုက်သည်။ ပြီးသော် ထိုပါဠိစာကို ရေးကူး၍ နိဿယနည်းဖြင့် အနက်အဓိပ္ပာယ်ပြန်ဆိုသည်။ အကြိမ်ကြိမ်ပြုပြင်၍ စိစစ်ကြိုက်ရမှ စက္ကူဖြူဖြူပေါ်တွင် လက်ရေး ဝိုင်းဝိုင်းလှလှဖြင့် ရေးကူးသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့. . .

မြမြကြည်နှင့် တွေ့ဆုံရန်လာသော ပဉ္စင်းလူထွက်၏ လက်ထဲတွင် ဓမ္မပဒအဋ္ဌကထာ ပထမတွဲ ပါဠိစာအုပ် ဝါဝါ ထူထူကြီးတစ်အုပ် ပါလာသည်။ မြမြကြည်နှင့်တွေ့သော် ထိုဓမ္မပဒ စာအုပ်ကြီးကို သူမအား ပေးအပ်ခဲ့ကာ ပဉ္စင်းလူထွက်သည် နှုတ်ဆက်၍ ပြန်သွားလေ၏။

BURMESE CLASSIC

မြမြကြည်သည် ပဉ္စင်းလူထွက် ပေးထားခဲ့သော တရားစာအုပ်ကြီးကို တရိုတသေကိုင်တွယ်လျက် စာအုပ်ကိုဖွင့်လိုက်ရာ စာအုပ်ကြားမှ စာအိတ်တစ်ခု ထွက်ကျလာသဖြင့် စိတ်စနိုးစနောင့် ဖြစ်သွားသေး၏။ စာအိတ်ထွက်ကျလာသော စာမျက်နှာရှိ မင်နီအမှတ်အသားနှင့် ခရေပွင့်ပြ ပါဠိစာသားများကို ဖတ်ရှုကြည့်တော့မှ မိမိကူးမှတ်ထားသည့် ပါဠိစာဖြစ်နေရကား စိတ်ဝင်စားသွားပြီး စာအိတ်ကိုပါ ဖွင့်ကြည့်သည်။ စာအိတ်တွင်းမှ စာရွက်ဖြူဖြူ သုံးရွက်ထွက်ရှိလာပြီး ဝိုင်းစက်လှပသော လက်ရေးလက်သားက ရည်းစားစာတစ်စောင်ထက်ပင် မြမြကြည်အား ရင်ခုန်စေခဲ့ပေ၏။

ဣတ္ထိယော ပန ဒါနာဒီနိ ပုညာနိ ကတွာ ဣတ္ထိဘာဝေ ဆန္ဒံ ဝိရာဇေတွာ 'ဣဒံ နော ပုညံ ပုရိသတ္တဘာဝပဋိလာဘာယ သံဝတ္တတူ'တိ စိတ္တံ အဓိဋ္ဌဟိတွာ ကာလံ ကတွာ ပုရိသတ္တဘာဝံ ပဋိလဗ္ဘန္တိ၊ ပတိဒေဝတာ စ ဟုတွာ သာမိကေ သမ္မာ ပဋိပတ္တိ ဝသေနာပိ ပုရိသတ္တဘာဝံ ပဋိလဗ္ဘန္တေဝ။

(ဓမ္မ၊ ၄။ ၁။ ၂၀၈။)



နိဿယမြန်မာပြန်- ဣတ္ထိယော ပန၊ ခန္ဓာပိဇ ယုတ်နိမ့်သူဟု မိန်းမအဖြစ် မချစ်နှစ်ဘဲ စွန့်ပစ်လိုကြသော အမျိုးသမီးများတို့သည်ကား။ ဒါနာဒီနိ၊ စွန့်ကြဲပေးကမ်း လှူဒါန်းစာဂ အစစကုန်သော။ ပုညာနိ၊ လူနတ်နိဗ္ဗာန် ရောဂ်ရာမှန်သား ကောင်းကံအကျိုး ကောင်းမျိုးဝဝ မြတ်ကုသိုလ် မြတ်ပုညတို့ကို။ ကတွာ၊ ပြု၍ မုဋ္ဌ, ပရစေတနာ သုံးဖြာရှေ့ထား တတ်အားသမျှ ပြုကျင့်ကြကုန်ပြီး၍။ ဣတ္ထိဘာဝေ၊ မိန်းမအဲ့သွင် တင်ရင်ခါးဆံ လည်တံခိုးဆစ် ပြေပြစ်နွဲ့လျ မိန်းမကိုယ် မိန်းမဘာဝ၌။ ဆန္ဒံ၊ မိန်းမအဖြစ် ချစ်တွယ်ငင် ခင်မင်စုံမက် လိုလားနှစ်သက်ခြင်းဆန္ဒကို။ ဝိရာဇေတွာ၊ တစ်ဆိတ်စာမျှ စိတ်မှာမုန်းတီး အောင်နိုင်စွာ စွန့်လွှတ်ပြီးလျှင်။ ဣဒံ-ပုညံ၊ ယနေ့ယခု ကျွန်မပြုသည့် ဤကောင်းမှု ဤကုသိုလ်သည်။ နော၊ ခန္ဓာပိဇ ယုတ်နိမ့်လှဟု မိန်းမအဖြစ် ချစ်နှစ်ဘဲ စွန့်ပစ်လိုကြသော ကျွန်တော်မျိုးမတို့အား။ ပုရိသတ္တဘာဝပဋိလာဘာယ၊ ယောကျာ်းသကတ် ယောကျာ်းဇာတ်၏ မြင့်မြတ်သန့်စင် ဝင့်ခြီကျားယား ယောကျာ်းကိုယ် ယောကျာ်းဘဝ ရရှိခြင်းငှာ။ သံဝတ္တတု၊ မလင့်ပုံသေ ဖြစ်ရပါစေသား ဘုရား။ ဣတ္ထိ၊

www.burmeseclassic.com

www.burmeseclassic.com



ဤသို့။ စိတ္တံ အမိဋ္ဌဟိတွာ၊ သတိမချွတ် လက်မလွှတ်ဘဲ စိတ်ညွတ်ဖန်ဖန် အဓိဋ္ဌာန်၍။ ကာလံ ကတွာ၊ အသက်တိုင်းရှည်နေပြီးကာလ ဘဝကန့်လန့်ကာ ကျရောက်လာလေလျှင်။ ပုရိသတ္တဘာဝံ၊ ဆုပန်မှန်းထား ယောကျ်ားစင်စစ် ပုရိသလိင် ဘဝသစ်သို့၊ ပဋိလဗ္ဘန္တိ၊ ရနိုင်ရောက်နိုင် အောင်မြင်ပြီးမြောက်နိုင်ပါပေ၏။

စ၊ ထိုမှတစ်သီး တစ်နည်းခွင့်ရေး ဖြစ်နိုင်သေးသည်ကား။ သာမိကေ၊ ချမ်းသာမခွဲ ဆင်းရဲအတူ မွေးမြူသားသမီးပွားစီးချစ်ကြင် မိမိခင်ပွန်းလင်၌။ ပတိဒေဝတာ ဟုတွာ၊ ဘုရားတစ်ဆူ ဂူတစ်လုံးသွင် သခင်သတ်မှတ် အိမ်ဦးနတ်သို့ ထွတ်မြတ်ယုံစား ပမာထားသည်ဖြစ်၍။ သမ္မာ၊ ချစ်အပ် မြစ်အပ်နှစ်ရပ်ခွဲခြား အမှားကိုလှန် အမှန်ယူစေ စီးဆင်းရေနှံ့ဆည်တဲ့ကန်သင်း နှီးရင်းတိုင်ပင် လင်မှုတစ်ပါး စိတ်မှားရှောင်ခွာသစ္စာနှင်းအပ် မယားဝတ်နှင့် မချွတ်ညီကာ ကောင်းမွန်လိမ္မာစွာ။ ပဋိပတ္တိံဝသေနာ၊ ပိ၊ မငြူစတမ်း စိတ်မပန်းဘဲ လန်းဆန်းရွှင်ပြုံးကျင့်သုံးနေထိုင်သည်၏ အစွမ်းဖြင့်လည်း။ ပုရိသတ္တဘာဝံ ယောကျ်ားသဏ္ဌာတ် ယောကျ်ားဇာတ်၏ မြင့်မြတ်ခန့်တည်ဝင့်ချီကျားယား ယောကျ်ာကိုယ် ယောကျ်ားဘဝ ယောကျ်ားအဖြစ်သို့။ ပဋိလဗ္ဘန္တေဝ၊ ရနိုင် ရောက်နိုင် ပေ၏။ (၀ါ)



ပဋိလဗ္ဘန္တေဝ၊ မြေဩလက်အပ် ထိခက်မလွဲ ပမာနဲ့သို့ ခက်ခဲမရှိ ဒတ်ထိပိုင်ပိုင် ရနိုင်ရောက်နိုင် ပြီးမြောက်အောင်မြင်နိုင်သည်သာတည်း။

ပဥ္စင်းလူထွက်၏ မ–သုံးမျက်နှာတွင် ပါဠိ (၅) ကြောင်းနှင့် ထိုပါဠိစာကို နိဿယနည်းဖြင့် မြန်မာအဓိပ္ပါယ် ပြန်ဆိုချက်မျှသာ ပါရှိ၏။ သမီးရည်းစားစာ ဆိုရအောင်ကလည်း မေတ္တာရေး နှလုံးသားရေး စာတစ်ကြောင်းမျှမပါ။ အချစ် အသည်းအသက် တစ်လုံးတစ်ပါဒမျှ မတွက်။ သို့သော် အပျိုကြီး မြမြကြည်ရင်အား လေးနက်စွာ ထိရှသွားခဲ့သည်ကား အမှန်ဖြစ်ပေ၏။

ကုသိုလ်ကောင်းမှုပြုလျက် အမျိုးသမီးတစ်ဦး၏ အကျင့်စရိုက် အလေ့ဝသီကို ရှောင်ခွာနေမှသာ ယောကျ်ားဆုပန်ဆင်နိုင်သည် မဟုတ်။ မိမိအရှင်သခင် လင်ယောကျ်ားအား အိမ်ဦးနတ်ကဲ့သို့ သဘောထားလျက် မယားဝတ်တရားနှင့်အညီ ကောင်းမွန်ရှိသေစွာ ပြုစုလုပ်ကျွေးခြင်း အားဖြင့်လည်း ယောကျ်ားဘဝ ရောက်နိုင်ကြောင်း အဖိုးတန် အထောက်အထား တစ်ရပ်ကို ကျမ်းဂန် အကိုးအကားနှင့်ကွ အပျိုကြီး မြမြကြည် ရရှိလိုက်ခဲ့ပြီးတည်း။ မြမြကြည်အဖို့ အပျိုကြီးဘဝ ကျွတ်ချိန်တန်ခဲ့ပြီကိုး။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ပဥ္စင်းလူထွက်၏ ကျမ်းကိုးပါဠိစာသည် အပျို ကြီးမြမြကြည် ထံပါးမှ တားမြစ်ဇရိယာ ဆိုင်းဘုတ်ကို ပြိုလဲသွား စေနိုင်ခဲ့ပေ၏။ အဟာန့်အတားကြီးတစ်ခု ကင်းပသွားချိန် အပါး သို့တိုးဝင်နီးစပ်သူမှာလည်း အခြားသူ မဟုတ်။ ကံကောင်းသူ ပဥ္စင်းလူထွက် ဖြစ်နေ၏။

ဖူးစာကံဖက်ချင်တော့ ပဥ္စင်းလူထွက်သည် ကျမ်းဂန် အကိုးပြု၍ သတို့သမီးကောင်းရခဲ့လေသတည်း။



www.burmeseclassic.com